

လယ်တွင်းသား
တေချစ်
ချစ်သူရင်ခွင်မှာ
ဖိုင်းဒါလေးများသာရှိသည်

# အခန်း (၁)

လောကကြီးတစ်ခုလုံး ကြောက်စရာအတိ ချောက်ချားစရာ အပြည့် ကြုံတွေ့နေသည်။ မကျေနပ်စရာနှင့် ဝမ်းနည်းကြေကွဲစရာ တွေချည့်။

နွယ်မာ မျက်ရည်မဆည်နိုင်အောင် ဖြစ်မိသည်။ ငိုရလွန်း၍ မျက်ရည်တွေ ခြောက်ခန်းကုန်ပြီ။ တစ်ယောက်ထဲ ဘယ်သူ့ကို အားကိုးရမှန်း မသိ။

အားကိုးစရာရှိသည့် အဖေကလည်း အားကိုးရာမဟုတ်။ ကိုယ့်ဘက်မှာမရှိ။ သူတို့ဘက်သား ဖြစ်နေပြီ။

မျက်စိထဲမှာ ကျားအစားခံရတော့မည့် နွားငယ်ကို မြင် ယောင်နေသည်။

"ဩော်....ငါဟာ ကျားရှေ့ရောက်နေတဲ့ နွားငယ်နဲ့ မတူဘဲ ငှက်ကလေးနဲ့ပဲ တူလိုက်ပါတော့"

ငါ့နွယ် ငှက်ကလေးတစ်ကောင်ဖြစ်လိုက်ပါတော့ မတရား အနိုင်ကျင့်ခံရတော့မည့် အန္တရာယ်က လွတ်အောင်၊ ရောက်ရာ ပျံပြေးလိုက်ချင်သည်။

"ရက်စက်လိုက်တဲ့ မောင်နှမ၊ အနိုင်ကျင့်လိုက်ကြတာ-"

ဒေါ်လှတိုးနှင့် ကိုအောင်မြတ်တို့၏ မျက်နှာများကို မြင်ယောင်လာသည်။

သို့သော် မျက်နှာများက ပကတိအတိုင်းမဟုတ် အစွယ်ငြူးငြူးနှင့် ဘီလူးမျက်နှာများ ရက်စက်စွာ စားတော့၊ ဝါးတော့မည့် လှုပ်ရှားမှုများ။

နွယ်မာ ဆောက်တည်ရာ မရအောင် ကြောက်လန့်မိသည်။

"မေမေရယ်——"

မေမေ့ရင်ခွင်မှာ ပြေးဝင်ခိုနားချ အားကိုးရာရှာချင်သည်။

ဘီလူးများကို သမီးလေးနား မကပ်အောင် မေမေခုခံ တွန်းလှန်ပစ်စေချင်သည်။

သို့သော် မေမေကိုယ်တိုင် ဘီလူး၏ သရေခင်အဖွဲ့ထဲမှာ ရောက်နေပြီ။

အရွယ်ရောက်နေသော မိန်းကလေးတစ်ယောက်၊ ကိုယ်တိုင်၏ သဘောဆန္ဒ လုံးဝမပါဘဲ အသက်ကြီးကြီး အရုပ်ဆိုးဆိုး မုဆိုးဖိုကြီးနှင့် ပေးစားချ၍ မိန်းကလေးမှာ ငိုကြွေးရသည်၊ဝမ်းနည်းပူဆွေးရသည်ဆိုသော အဖြစ်များကို ဝတ္ထုစာအုပ်များမှာလည်း ဖတ်ဖူးသည်၊ သူများပြောသည်ကို ကြားရ၍လည်း သနားခဲ့ရဖူးသည်။

မုတော့ ထိုအဖြစ်မျိုးကို ကိုယ်တိုင် ခံစားနေရပြီ။

ကံဆိုးလွန်းလှသည့် မိမိဘဝကို မကျေမနပ် ဖြစ်မိသည်။

စာတ်ဆရာကြီးက မိထွေးဖြစ်သူ ဒေါ်လှတိုး၊

ကံဆိုးချင်တော့ ကိုအောင်မြတ်၏ ဇနီးက ကားမှောက်မှုတစ်ခုတွင် ပါဝင်သေဆုံးသွားသည်။

ကိုအောင်မြတ် ကလေးသုံးယောက်နှင့် မုဆိုးဖို ဖြစ်ကျန်ရစ်သည်။ ကလေးအကြီးဆုံးက ငါးနှစ်၊ အလတ်က သုံးနှစ်၊ အငယ်ဆုံးက တစ်နှစ်။

စီးပွားရေးလုပ်ငန်းက တစ်ဘက်၊ ကလေးသုံးယောက်က တစ်ဘက်၊ ကိုအောင်မြတ် မနိုင်မနင်း ဒုက္ခရောက်နေသည်။



သူ့မောင်ကို ထိုဒုက္ခမှ လွတ်အောင် ဒေါ်လှတိုးက အိမ်ထောင်ချပေးဖို့ စီစဉ်သည်။

ဇနီးအသစ်အဖြစ် ကျွာထားလိုက်သူက လင်ပါသမီးနွယ်မာ။

လင်ဖြစ်သူ နွယ်မာ၏ဖခင် ဦးဆောင်းလွင်ကို အပိုင်စည်းရုံးသည်။

ကိုယ့်သမီးအရင်းလို သဘောထားလို့ ဘဝရှေ့ရေး စိတ်အေးရအောင်ဟု အကြောင်းပြသည်။

ကိုအောင်မြတ်က ကားပစ္စည်းဆိုင်ရှင် တောင်ငူနှင့်ပျဉ်းမနားပြေးဆွဲနေသော ကားတစ်စီးလည်း ရှိသည်။

မုဆိုးဆိုပေမယ့် လိုချင်တဲ့သူတွေ အများကြီး ပစ္စည်း၊ ဥစ္စာ ပူစရာမရှိ။ ရချင်းရ ကိုယ့်သမီး ရစေချင်လို့။ ကလေးတွေ အတွက်လည်း ကိုယ်မွေးကိုယ့်သားဆိုတော့ စိတ်ချရတာပေါ့။

အကြောင်းပြလှသော ဒေါ်လှတိုး၏စကား ဦးဆောင်းလွင် စဉ်းစားရပြီ။

"ခုခေတ် ကောင်လေးတွေက ဘော်ကြော့လေးတွေ အလုပ်မရှိ၊ အကိုင်မရှိ ညားရင် အိမ်တစ်ဆောင် မီးတစ်ပြောင်ထားလို့ ထမင်းတောင်နပ်မှန်မှာမဟုတ်ဘူး။ အဲဒီကျမှ အိမ်ပေါ်တင်ပြီး ကိုယ်က ကျွေးရမှာ"

"မောင်အောင်မြတ်က ကားပြင်တာရော လိုင်းကားထောင်တာရော နေ့စဉ်ဝင်ငွေ သိပ်ကောင်းနေတာ။ နွယ်မာနဲ့ဆိုရင် စီးတဲ့ရေ ဆည်တဲ့ကန်သင်း လက်ရှိလည်း တိုက်ခံအိမ်နဲ့ နေ့ချင်းညချင်း အိမ်ကြီးရှင်မဖြစ်ရမှာ"

ဦးဆောင်းလွင် တွေဝေပြီ။

"မင်း ပြောတာတွေ အားလုံး ဟုတ်ပါတယ်။ ဒါပေမဲ့ အသက်ချင်းက သိပ်ကွာနေတယ်"

"သော်——ပြောရက်လိုက်တာ အလှကို ရှင်ယူတုန်းကရော ပင်း အသက်ချင်း ဆယ့်ငါးနှစ် ကွာတယ်ရှင့်၊ ခုဟာလည်း ဘာထူးလဲ အသက်နှစ်ဆယ်လောက်ပဲ ကွာတာ။ မုဆိုးဖိုနဲ့ အပျိုဖြစ်နေတာကို ပြောဦးမလား"

"အလှကို ရှင်ယူတုန်းက ရှင်ရော လူပျိုလား။ ပြန်စဉ်းစားပေါ့၊ ကလေးတစ်ယောက် အဖေ မုဆိုးဖိုကို ယူခဲ့ရတာ။ အဲဒီလိုဆို အလှလည်း ရှင့်ကို မယူသင့်တော့ဘူး။ ဆက်ပေါင်း မနေသင့်တော့ဘူး။ ကွာပေးပေါ့"

ဒေါ်လှတိုးက နိုင်ပေါက်ကို ကိုင်လိုက်သည်။

"ဟာ——အလှကလည်းကွာ။ ငါက အဲဒီလို ပြောတာ မဟုတ်ပါဘူး၊ စဉ်းစားစရာ"

"ဘာမှ စဉ်းစားနေရာ မလိုဘူး။ ဒီအခွင့်အရေးကို သူရဖို့ ဟိုမိန်းမက သေပေးရတာ"

"ငါ သမီးသဘော"

"အို — မိဘ သဘောတူရင် သူ သဘောတူ ရမှာပေါ့ သူကောင်းဖို့ လုပ်တာပဲ"

"သူ့ကိုမေး"

"ဘာမှ မေးနေစရာ မလိုဘူး။ သူက ဘာတွေးတတ်မှာလဲ။ ရှေ့ရေး နောင်ရေး လူကြီးက ပိုမြင်တာပေါ့"

"ကဲ——ဒါဖြင့်လည်း မင်းသဘောပဲကွာ"

ဦးဆောင်းလွင် စိတ်လျှော့ချလိုက်သည်။

ဒေါ်လှတိုး မျက်နှာပြုံးသွားသည်။

ထိုနေ့က ဦးဆောင်းလွင်ကို ဒေါ်လှတိုး လိုလေသေးမရှိအောင် ပြုစုသည်။

တစ်အိမ်တည်းမှာ အတူနေကြသည်မို့ ဒေါ်လှတိုး ဖေဖေ့ကို ပြောတာတွေအားလုံး နွယ်မာ ကြားနေရ သိနေရသည်။



ဒေါ်လှတိုးက နွယ်မာကြားမည်ကို သိသော်လည်း ဂရုမစိုက်။

"တစ်ဖက်သတ် အနိုင်ကျင့်လိုက်တာ ငါသဘောမတူဘဲနဲ့ ငါက သူ့မောင် မုဆိုးဖိုကြီးကို ယူရမှာလား"

ညနေကျရင် အရက်ကလည်း သောက်သေးတယ်၊ ရုပ်ကြီးကလည်းဆိုးလိုက်တာ အသားက နီစပ်စပ် နှာခေါင်းပွပွ နှုတ်ခမ်းထူထူနဲ့ ဒီလူကြီးကို ငါက ဘယ်လိုလုပ် ယူရမှာလဲ၊ ယူပြီးတော့ရော ဘယ်လိုလုပ် ချစ်နိုင်မှာလဲ——

နွယ်မာ စဉ်းစားရင်းနှင့် မျက်ရည်ဖြိုင်ဖြိုင် ကျလာသည်။

သူ့ဖေဖေ့ကို ယူခဲ့တာ သူ့အကြောင်းနဲ့သူ၊ မိန်းမက ဈေးသည်ပီပီ ရှေ့တွက်တွက်ပြီး ယူတာ၊ အဲဒီအချိန်က တောင်ငူမှာ သစ်စက်ရှိပြီး ဖေဖေက ဝင်ငွေကောင်းလို့ အရချိုင်ခဲ့တာ——

ခု ဖေဖေ့မှာ သစ်စက်မရှိတော့၊ သစ်အရောင်းအဝယ်လောက်သာရှိ၍ ဝင်ငွေမမှန်သောကြောင့် ဖေဖေ့အပေါ်မှာ မာရေကြောရေ ဖြစ်လာသည်၊ ငယ်ဂုဏ်နှင့် အနိုင်ကျင့်လာသည်။

အိမ်မှာ ဝင်ငွေမကောင်းဟု အကြောင်းပြပြီး နွယ်မာဆယ်တန်းရောက်မှ ကျောင်းထွက်ခိုင်းပြီး အိမ်ဆိုင် အရောင်းခိုင်းသည်။

ရသည်၊ ထိုမျှအထိတော့ နွယ်မာ ခံနိုင်သည်။

ခုဟာကတော့ လွန်လွန်းသည်။

နွယ်မာ၏အိမ်ထောင်ရေးနှင့် ပတ်သက်၍ နွယ်မာ့ကို ပြောပုံကလည်း သဘောထားယူခြင်း အလျဉ်းမရှိပါ။

အသိပေးရုံ သက်သက်။

သူ့ဘက်မှာ ဖေဖေက ပါနေပြီဆိုတော့လည်း အပိုင်ပေါ့

အိမ်မှာ မွေးထားသည့် နွားမတစ်ကောင်ကို သုံးလိုရာ သုံးပေတော့ဟု လက်ပြောင်းပေးတော့မည့် ပုံမျိုး။

ဝမ်းနည်းခြင်း၊ ကြေကွဲခြင်းနှင့်အတူ မခံချင်စိတ်ပါ ဖြစ်မိသည်။

သူကိုယ်တိုင် စာသိပ်မတတ်တော့ ဒေါ်လှတိုးသည် စာသိပ်တတ်သော နှယ်မာကို လုံးဝ ထည့်မတွက်။

သူ့မောင်နှင့် တိုင်ပင်ပြီး မင်္ဂလာရက်ပင် ရွေးပြီးနေပြီ။

မင်္ဂလာကိစ္စကို အကျဉ်းရုံးပြီး အမြန်ဆုံး စီစဉ်နိုင်ရန်လည်း ပြင်ဆင်နေပြီ။

သူတို့ သတ်မှတ်ထားသော လက်ထပ်ရက်က နောက်ထပ် ဆက်ရက်ပင် မကျန်။

လက်ချိုး ရေတွက်ကြည့်တော့ ရှစ်ရက်သာကျန်သည်။

နှယ်မာ တစ်ခုခုတော့ အမြန်ဆုံးဖြတ်ပြီး အမြန်လုပ်မှ ဖြစ်တော့မည်။

သို့သော် ဘာဆုံးဖြတ်၍ ဘာလုပ်ရမှန်းမသိ။

အိမ်ရှေ့အိမ်မှ မမထားရီကတော့ နှယ်မာ့ကို ညီမလေးလိုချစ်သည်။

မမထားရီကို ဖြစ်ကြောင်းကုန်စင် ပြောပြပြီး တိုင်ပင်ရန် ဆုံးဖြတ်လိုက်သည်။

မျက်လုံးအိမ်မှာ ကျန်နေသော မျက်ရည်များကို သုတ်ပစ်လိုက်သည်။

+ + +



## အခန်း (၂)

"လေယာဉ်ပျံ လက်မှတ်ရပြီ၊ ပေလီကိုကွယ်၊ သွားကြစို့ တို့နှစ်ယောက်တည်း၊ ဟန်းနီးမွန်းခရီး ....။ မင်္ဂလာခုံကွင်းက ထွက်မယ် ညနေစောင်းလေး——အချိန်မှန်တယ် ဖလိုက်ယူဘီဖိုးအိုသရီး"

လက်ဖက်ရည်ဆိုင် ကက်ဆက်မှ ထွက်လာသော သီချင်းသံကို မြင့်နိုင် လက်ဖက်ရည်တစ်ခွက်နှင့် ငြိမ်းနေမိသည်။

ဤသီချင်းကို မူရင်းအင်္ဂလိပ်လိုလည်း ကြားဖူးပါ၏။ သံစဉ်လေးကို သဘောကျသည်။ သို့သော စာသားနှင့် အဓိပ္ပါယ်ကို ပြည့်ပြည့်စုံစုံ နားမလည်၍ အရသာကို အပြည့်အဝ မခံစားခဲ့ရ။

ကိုယ်ကြိုက်သော သံစဉ်လေးကို ကိုယ်နားလည်သော မြန်မာစာသားနှင့် ကြားလိုက်ရသောအခါ ခံစားချက်တွေ အပြည့်။

သို့သော် ခံစား နားထောင်ရင်းမှ မြင့်နိုင် ပြုံးချင် လာသည်။

ခံစားသာ ခံစားနေရသည်။ ကိုယ်နှင့် ဘာမှမဆိုင်သည်ကို စဉ်းစားမိ၍ ဖြစ်သည်။

စာရေးလစာလေး မဖြစ်စလောက်နှင့် မိန်းမယူဖို့ပင် မစဉ်းစားဝံ့သော ဘဝ။ အမေနှင့်သား နှစ်ယောက် တည်းပင်မလောက်င၍ အမေ့ခမျာ အိုကြီးအိုမနှင့် ဈေးဖိုးလေးရအောင် အိမ်ဆိုင်လေး

ထွက်၍ ရောင်းနေရရှာသည်။ ငပလီ ဟန်းနီးမွန်းထွက်ဖို့ ဆိုသည်မှာ ဝေးရော၊ သို့သော် ယခုနှကာလတွင် ကိုယ်နှင့်ဘာမျှမဆိုင်သော သီချင်းများ၊ ရုပ်ရှင်များ၊ ဗွီဒီယိုများ၊ ဝတ္ထုများကို ဆိုင်သလို ရောယောင် ဒိတားနေရသည်မှာ ကျင့်သားကျနေကြပြီ။

လက်ဖက်ရည်သောက်မည့် လူတစ်စု ဆိုင်ထဲသို့ ဝင်လာကြပြန်၏။ လွယ်အိတ်ကိုယ်စီနှင့် အချို့ကလည်း လက်ထဲမှာ စာအုပ်ကလေးများကို ကိုင်လျက်။

မြင့်နိုင်နှင့် အဝတ္ထုများဖြစ်သည်။ ဘွဲ့လေး တစ်ခုရဖို့ အဝေးသင် တက္ကသိုလ်စာမေးပွဲဖြေရန် မန္တလေး တက္ကသိုလ်သို့ အနီးကပ်သင်တန်း တက်ကြသူများ ဖြစ်သည်။

ည ဆယ်နာရီထိုးပြီ၊ ဆိုင်ထဲမှာ လူစည်ကားဆဲ၊ ထွက်သူများ ထွက်သွားကြသည့် စားပွဲတွင် နောက်ထပ် ဝင်လာသူများက နေရာယူကြသည်။

တခံပင်များမှာ ထောင်လိုက် ကပ်ထားသည့် မီးချောင်းများ၏ အရောင်ကြောင့် စားပွဲများ ခင်းထားသော ကွင်းပြင်တစ်ခုလုံး လင်းထိန်နေသည်။ တခံရွက်ကြီးများက မီးရောင်တွင် စိမ်းစိမ်းလွင်လွင်။

ဆိုင်ဘေးတွင် ရေနီမြောင်းလေးက ဖြည်းဆေး ညင်သာစွာ စီးဆင်းနေ၏။

မြောင်းတစ်ဘက်မှ လက်ဖက်သုပ်၊ မြင်းခွာရွက်သုပ်ရောင်းသော ဆိုင်မှာလည်း ညဥ့်နက်အောင် စကျက်သောကျောင်းသားများကို ရောင်း၍ ကောင်းနေသည်။

စားသောက်ပြီးလျှင် စာပြန်ကျက်ရဦးမည်။ မြင့်နိုင်အတွက်လည်း ယနေ့ည ကျက်မှတ်စရာတွေ ကျန်နေသေးသည်။

ရှိသမျှနှင့် ရောင့်ရဲသည်မှာ စိတ်ချမ်းသာသော်လည်း ဖြစ်သမျှနှင့် ရောင့်ရဲခြင်းသည် တိုးတက်မှု ဆိတ်သုဉ်း စေသည်ဟူသော



အသိနှင့် ကြိုးစားနေခြင်း ဖြစ်သည်။

သို့သော် တစ်ရာကျပ် ပေးရသော လက်ဖက်ရည်တစ်ခွက်ကိုတော့ တန်အောင် မိမ်ခံသောက်ချင်သေးသည်။ ထို့ကြောင့် မြန်မြန်ဆန်ဆန် မကုန်အောင် ဖြည်းဖြည်းချင်း မျှင်းသောက်နေရသည်။

"ပင်လယ်ပြာ ကမ်းစပ်နံဘေးက ဘန်ဂလိုလေး၊ သီးခြားတို့နှစ်ယောက် နားဖို့ ချစ်ဗိမာန်နန်း၊ မဆိုင်သူတွေ အနှားမကပ်နဲ့လို့ ဆိုင်းဘုတ်လေးချွဲ၊ ငပလီရဲ့ ချစ်အိမ်မက်ကို မက်လိုက်ကြစို့"

မြင့်နိုင် လက်ဖက်ရည်သောက်ရင်း ဟန်းနီးမွန်း သီချင်းနှင့် ငြိမ့်နေသည်။

"ဟာ—— ဒီမှာတွေ့ပြီ၊ ဟော——မြင့်နိုင်၊ ခင်ဗျားက ဒီမှာလာပြီး ဗိလင် တက်နေတာကိုး၊ ခင်ဗျားကို တွေ့ချင်လို့တဲ့၊ စည်သည်ပါလာတယ်"

စောဓိကုန်းမှာ မြင့်နိုင်တည်းနေသော အိမ်ရှင် ကိုသန်းညွန့်၏ အသံ၊ ဖောင်ကြီးမှာ စာရေးဝန်ထမ်း သင်တန်းအတူတက်ခဲ့သူမို့ ငယ်သူငယ်ချင်းလိုပင် ရင်းနှီးသည်။

"အစ်ကိုကြီး ဒီဘက်ကိုလာဗျူ၊ ဒီမှာ တွေ့ပြီ"

ကိုသန်းညွန့်က ရေနီမြောင်းဘေးမှာ ကျွန်ရစ်သူကို ခေါ်နေသည်။ မြင့်နိုင် လှမ်းကြည့်လိုက်တော့ ရေနီမြို့မှ ကိုဘငွေ။

မြင့်နိုင်နှင့်အတူ ဓမ္မဝတီ သကြားစက်မှာ လုပ်ဖော်ကိုင်ဘက်။

"ဟ——ကိုဘငွေ ဘယ်ကနေ ဘယ်လို ရောက်လာတာလဲ။ လာ——လက်ဖက်ရည် သောက်ရအောင်"

အစ်ကိုကြီးလို ခင်မင်သူမို့ မြင့်နိုင် ထိုင်ရာမှ ထကြိုသည်။ ကိုသန်းညွန့်နှင့် ကိုဘငွေတို့ နှစ်ယောက် မြင့်နိုင်၏ စားပွဲမှာ ဝင်ထိုင်လိုက်သည်။

"ညီလေးရေ——နောက်ထပ် လက်ဖက်ရည် နှစ်ခွက်

ပေးပါဦး"

မြင့်နိုင်က ဆိုင်မှ စားပွဲထိုးကို လှမ်းမှာလိုက်သည်။

ကိုဘငွေက မြင့်နိုင်၏ မျက်နှာကို အခုမှမြင်ဖူးသူလို အသေအချာ ကြည့်နေသည်။

"ဟုတ်တယ်——ကိုဘငွေ၊ ကျွန်တော့်ကို အင်္ဂါဂြိုဟ်ကလာတဲ့ သတ္တဝါမှတ်လို့ အထူးအဆန်းလုပ်ပြီး ကြည့်နေတာလား"

"ဟုတ်တယ် မြင့်နိုင်၊ အခုငါလာတဲ့ ကိစ္စက မင်းအတွက် အထူးအဆန်းဖြစ်ပြီး စိတ်အနှောင့်အယှက် ဖြစ်ချင်တောင်ဖြစ်နိုင်တယ်၊ —အေးလေ၊ စိတ်ချမ်းသာစရာ ပျော်စရာဖြစ်ချင်လည်း ဖြစ်မှာပါ"

ကိုဘငွေ ထိုင်ထိုင်ချင်း လိုရင်းစကားကို စ ရန် ကြိုးစားလာသည်။

"ဟား——ဟား——ခင်ဗျားကလည်း အဆန်းပဲ"

"ငါကလည်း တကယ့်အချိန်မှ မင်းဆီကို လိုက်လာပြီး နှောင့်ယှက်သလို လုပ်ရတာ စိတ်တော့ မကောင်းပါဘူးကွာ၊ ဒါပေမဲ့ မင်းကိုတစ်ခုတော့ ကြိုပြောထားမယ်။ ငါပြောတဲ့ကိစ္စကို မင်းသေသေချာချာ နားထောင်၊ ပြီးတော့ ပြင်ချင်လဲပြင်နိုင်တယ်၊ လက်ခံမယ်ဆိုရင်လည်း မင်းသဘောပေါ့၊ မင်းဆန္ဒအတိုင်း ဆုံးဖြတ်နိုင်တယ်ကွာ"

ခုထိ ကိုဘငွေ ပြောနေသည်များကို မြင့်နိုင်ဘာမျှ နားမလည်။

မြင့်နိုင် ပြုံးလိုက်သည်။

"ဟဲ —— ကိုဘငွေ ခင်ဗျား ဘာတွေပြောမှာလဲ ပြောမှာသာ ပြောစမ်းပါဗျာ"

"အေးပါ——အခုပြောမှာပါ"

ဆိုင်မှ စားပွဲထိုးလေးက လက်ဖက်ရည်နှစ်ခွက် လာချပေးသည်။ ကိုဘငွေကသူ့ရှေ့မှ လက်ဖက်ရည်ခွက်ကို ဘေးသို့ဖယ်ရွှေ့လိုက်သည်။ သူပြောမည့် ကိစ္စ၏ လေးနက်မှုကို လက်ဖက်ရည်



ခွက်က ရှေ့မှာ ကာသီး မနေစေချင်သော သဘော။

"ဒီလိုကွာ——ငါ့အိမ်ရှေ့ ဈေးဆိုင်က မိနွယ်ကို မင်းသိတယ် မဟုတ်လား"

အဆက်အစပ် မရှိသော ကိုဘငွေ၏ စကားကို မြင့်နိုင် နားမလည်၍ အူကြောင်ကြောင် ဖြစ်နေသည်။

"မိနွယ်ဆိုတာ ဘယ်သူလဲ"

"ဟာကွာ နေဦး၊ သူ့နာမည်အပြည့်အစုံက နွယ်မာ"

မြင့်နိုင် ဇဝေဇဝါ ဖြစ်နေသည်။

"ဟိုတစ်ခါ ငါ့အိမ်မှာ မင်းနဲ့ဆုံဖူးတယ်ကွာ၊ မင်း စဉ်းစားပါဦး"

မြင့်နိုင် ပြုံးလိုက်သည်။

"မှတ်မိပြီ ရုံးပိတ်ရက်တစ်ရက်မှာ ခင်ဗျား၊ အိမ်ကိုလာလည်တော့ ကျွန်တော်က အိမ်ထဲကို အဝင်၊ သူက ခင်ဗျားတို့ အိမ်ထဲက အထွက်ဆုံမိတဲ့ ကောင်မလေး မဟုတ်လား"

"အေး——ဟုတ်တယ်၊ မင်း မှတ်ဉာဏ်ကောင်းသားပဲ"

ကိုဘငွေ အားတက်သွားသည်။

"ကောင်းတာပေါ့ ချောချောလေးပဲ မမှတ်မိပဲ နေပါ့မလား"

"အေး——အဲဒီ ချောချောလေးနဲ့ ပတ်သက်တဲ့ ကိစ္စပြောစရာရှိလို့"

ကိုဘငွေ ပြောပုံက စိတ်အား ထက်သန်မှု ပါလာသည်။

"ပြောပါဦး"

မြင့်နိုင် နားထောင်နေသည် ကိုသန်းညွန့်က တစ်ဝက်သောက်ပြီးသား လက်ဖက်ရည်ခွက်ကို ကိုင်ထားရင် ကိုဘငွေကို ကြည့်နေသည်။

"မင်း အလေးအနက်ထားပြီး နားထောင်နော်"

"ပြောပါ ခင်ဗျားဟာကလဲ"

လေးနက်ပါဆို့မှ မြင့်နိုင်မျက်နှာက ပြုံးစပ်စပ်။

"အဲဒီ ကောင်မလေးက မင်းဆီကို မိတ်ဆက်စာ ရေးခဲ့တယ် မဟုတ်လား"

"ဟာ----ကြာပါပြီဗျာ၊ နှစ်နှစ်လောက်တောင် ရှိပါပြီ၊ ခင်ဗျားကို ကျွန်တော်ပြောပြီးသားပဲ၊ သူရေးတာကလည်း ရိုးရိုးသားသားပါ။ ဘာမှ ဆန်းဆန်းပြားပြား မဟုတ်ပါဘူး။ အဲဒီတုန်းက ကျွန်တော် သူ့ကို မြင်လည်း မမြင်ဖူးဘူး၊ သိလည်း မသိဘူး"

"အေးပါ ဟုတ်ပါတယ်။ သူက စာ သိပ်ဖတ်တာကွ၊ အဲဒီတော့ မဂ္ဂဇင်းတွေထဲမှာပါတဲ့ မင်းကဗျာလေးတွေကိုလည်း ဖတ်မြင်မှာပေါ့ကွာ၊ မြင့်နိုင်(သာဝတ္ထိ)ဆိုတော့ မြို့ချင်း၊ ရွာချင်းနီးတော့ ကိုယ့်တစ်နယ်တည်းသားဆိုတဲ့ အစွဲလည်းပါတာပေါ့။ အဲဒါကြောင့် မင်းဆီမိတ်ဆက်စာ ရေးဖြစ်ခဲ့တာပါ"

"ဟုတ်ပါပြီ နှစ်နှစ် လောက်ကြာမှ အဲဒီ မိတ်ဆက်စာက ဘာပြဿနာ ဖြစ်လာလို့လဲ"

မြင့်နိုင်စိတ်မှာ ထူးခြားမှုတစ်ခုတော့ ရှိနေပြီဟု နားလည်လိုက်သည်။

"ဘာမှ ပြဿနာ မဖြစ်ပါဘူး။ အဲဒီတုန်းက မင်းစာပြန်ရေးခဲ့သေးလား"

"ဟာ---မရေးပါဘူးဗျာ၊ ကျုပ်က ဝါသနာပါလို့ ကဗျာရေးတာပါ။ မဂ္ဂဇင်းထဲ ကိုယ့်ကဗျာလေးတွေပါရင် ဝမ်းသာနေတဲ့ အဆင့်လောက်ပဲရှိတဲ့ကောင်ပါ၊ တကယ့် ကဗျာဆရာလို့ ကိုယ့်ကိုယ်ကို ထင်ရဲတာမှ မဟုတ်ဘဲ၊ ပြီးတော့ သူကလည်း အဲဒီစာရေးတုန်းက ရှစ်တန်းကျောင်းသူလေးပဲ ရှိသေးတာဗျ၊ ဒီအရွယ်လေးတွေက စိတ်ကစားတဲ့အရွယ်၊ ကိုယ်ကစာပြန်လိုက် သူကထပ်ရေးလိုက်နဲ့ စာတ်လမ်းရှုပ်ရင် သူ့ခမျာ ပညာသင်နေတဲ့ကျောင်းသူလေးဗျ၊ ဘယ်ကောင်းပါ့မလဲ၊ အဲ့ဒီတော့ ကျွန်တော်ဘာစာမှ ပြန်မရေးခဲ့ဘူး



နှစ်လလောက် ရှိပြီထင်တယ် ခင်ဗျားတို့အိမ်လာတော့ အဝင်အထွက်ဆိုရင်း ရုပ်ကလေးကချောတာနဲ့ မေးကြည့်တော့မှ ခြော် -----ငါ့ဆီ မိတ်ဆက်စာရေးခဲ့တဲ့ ကောင်မလေး နယ်မှာဆိုတာ သူပဲကိုးလို့ သိတာပါ"

ကိုဘငွေက သောက်လက်စ လက်ဖက်ရည်ခွက်ကို ဘေးသို့ ပြန်ချထားလိုက်သည်။

"အေး---သူ့ခမျာ သနားစရာ သိပ်ကောင်းတယ်ကွာ၊ မိထွေးနဲ့ အတူနေရတာ မိထွေးကလည်း မကောင်းဘူး၊ ကိုးတန်းအောင်ပြီး ကျောင်းဆက်မထားတော့ဘူး၊ အိမ်ဆိုင်မှာ ဈေးရောင်းခိုင်းတယ်"

အဲဒီ ဆိုင်ကလည်း သူ့မိထွေး ရောင်းနေတုန်းကတော့ ရောင်းမကောင်းပါဘူး၊ သာမန်ပါပဲ၊ မိန္နယ်ရောင်းတော့ အတော်ကို တိုးတက်လာပြီး စီးပွားဖြစ်လာတယ်ကွ"

မြင့်နိုင်က နားထောင်နေရင်း စာပြန်ကျက်ရမည်ကို သတိရလာသည်။ လက်မှနာရီကို လှမ်းကြည့်ချင်သော်လည်း ကိုဘငွေကို အားနာ၍ မကြည့်မိအောင် သတိထားလိုက်သည်။

"ကောင်မလေးက ဂျာနယ်တွေ၊ လစဉ်ထုတ်မဂ္ဂဇင်းတွေ ဝတ္ထုတွေ တော်တော်စုံအောင်ကို ဖတ်တာ၊ စာသိပ်ဖတ်တော့ အသိအလိမ္မာလည်း ရှိတာပေါ့ကွာ၊ စကားပြောလည်း ကောင်းတယ်၊ ပင်ကိုယ်စိတ်ရင်းကလည်း ကောင်းတော့ ပေါင်းသင်းဆက်ဆံရေးက အစ ရည်မွန်တယ်။ အဲဒီတော့ သူ့ဆိုင်လေးက ရောင်းကောင်းတာပေါ့"

မထူးပါဘူးဆိုသောသဘောနှင့် မြင့်နိုင် စိတ်ရှည်ရှည်ထားပြီး နားထောင်နေလိုက်သည်။

ဘာမျှ မဆီမဆိုင် ကိုသန်းညွန့်ကပါ စိတ်ဝင်စားစွာ နားထောင်နေသည်ကိုလည်း မြင့်နိုင် သတိထားမိသည်။

"ငါမိန်းမ ထားရှိဆိုရင် အားအားရှိရင် သူ့ဆိုင်သွားထိုင်

နေတာများတယ်။ ဝယ်စရာရှိလည်း သူ့ဆိုင်မှာပဲဝယ်တယ်၊ ကြ တော့လည်း ညီမလေးလို ချစ်နေတာပေါ့ကွာ။ သူကလည်း တို့ဆို မှာဆိုရင် သူ့ အစ်ကို အစ်မတွေလိုသဘောထားပြီး ဝင်ထွက်နေ သောက်နေတာကွ''

မြင့်နိုင်က ရှိုက်ထားသော ဆေးပေါ့လိပ်မီးခိုးများကို မှုတ် ထုတ်ရင်း ကိုဘငွေကို နူးညံ့သောအကြည့်နှင့် ကြည့်မိသည်။

ဒီလူ ဘာဖြစ်လို့ ဒီကောင်မလေး အကြောင်းတွေကို ဒီ လောက် အကျယ်တဝင့် ပြောနေရတာလဲ။ ဘယ်လိုအကြောင်းရှိ လို့လဲ၊

မြင့်နိုင် နားထောင်ရင်း စဉ်းစားနေမိသည်။

''အေးကွာ---လိုရင်းကို ပြောရရင်တော့ မိန္နယ်မနေ့က အိမ်ကို ရောက်လာပြီး ငိုကြီးတင်ငိုတယ်ကွာ၊ ငါ့မိန်းမလည်းစိုးရိမ် သွားတာပေါ့။ ဒါနဲ့ ဘာဖြစ်လို့လဲ မေးတော့ သူ့မိထွေးက သူ့ကို အိမ်ထောင်ချပေးဖို့ လုပ်နေတယ်ကွ၊ အိမ်ထောင်ပြုမယ့် သူကလည်း သူ့မိထွေးရဲ့မောင် အသက်က လေးဆယ်လောက်ရှိပြီး မိန်းမသေသွား ခြောက်လလောက်ပဲ ရှိသေးတယ်။ မုဆိုးဖို ရုပ်ကလည်း မလှဘူးကွာ၊ ကလေးသုံးယောက်နဲ့ မိန္နယ်က ခုမှ ဆယ့်ကိုးနှစ် ရုပ်ကလည်း ချော ချောလေးကွာ မင်းမြင်ဖူးသားပဲ''

''ဟာကွာ---အဲဒါတော့ ဘယ်တရားမလဲ၊ ကောင်မလေး အဖေကရော လက်ခံလား၊ မြင့်နိုင် နားထောင်ရင်း မကျေမနပ် ဖြစ် သွားသည်။

''ဟာ---အဲဒီလူက မယားကြောက်ကွ၊ သူ့မိန်းမပြောရင် အကုန်ပြီးရော သူကပါ သဘောတူလို့ ခက်နေတာပေါ့။ ဟိုလူက ပိုက်ဆံတော့ရှိပါတယ်၊ ဝပ်ရှော့ပိုင်ရှင် ကားပိုင်ရှင်''

''ပိုက်ဆံ ဘာလုပ်ဖို့လဲကွာ၊ ဒါကတော့ မကောင်းပါဘူး''

သူ့မိထွေးက သူ့မောင်အတွက်ပဲ ကြည့်တာကွ၊ မိန္နယ်ကတော့ ငယ်



ငယ်ရွယ်ရွယ်နဲ့ ကလေးသုံးယောက်ကို ပြုစုတဲ့ သားသည်အမေ ဖြစ်တော့မှာ''

''အဓိပ္ပာယ်မရှိလိုက်တာကွာ''

''ငါ့မိန်းမကလည်း မိန္နယ်ကို သနားလို့ မိန္နယ်နဲ့အတူ ရောငို တယ်''

''ငါကတော့ ဒီလောက်မတရားတာကို မိန္နယ် ကိုယ့်ဘဝ တစ်ခုလုံး အရှုံးပေးပြီး လက်မခံသင့်ဘူးလို့ ထင်တယ်။ ဒါနဲ့ ငါက သူ့မှာ ချစ်သူရှိလားလို့ မေးကြည့်တယ်ကွ၊ ခက်တာက ကောင်မလေး မှာလည်း ချစ်သူတွေ ဘာတွေလုံးဝမရှိဘူးကွ၊ ရှိရင်တော့ ငါတို့ လင်မယားက ခိုးပြေးကြဖို့ ကူညီမလို့ပဲ''

နွယ်မာဆိုသော မိန်းကလေးအတွက် မြင့်နိုင် စိတ်မကောင်း ဖြစ်မိသည်။

ကိုသန်းညွန့်ကတော့ လက်ဖက်ရည် ကုန်သွားပြီမို့ ရေနွေး ကြမ်း တစ်ခွက်ငှဲ့သောက်နေသည်။

''ရက်ကလည်း ကပ်နေပြီကွ၊ နောက် ခုနစ်ရက်ဆိုရင် လက်ထပ်ပေးတော့မယ်၊ သူတို့ အစီအစဉ်ကတော့ အကျဉ်းပေါ့ကွာ၊ ရပ်ကွက်လူကြီးစုံရာနဲ့ အိမ်မှာ မင်္ဂလာဆွမ်းကျွေးပြီး ရင်းနှီးရာ လူလောက်ပဲ လက်ဖက်ရည်လေး မုန့်လေးကျွေးပြီး ပေးစားလိုက်မှာ''

''ဒါနဲ့ ကောင်မလေး ပြန်သွားပြီး ညနေလောက်မှာ ထားရီ က သူ့သတိရတာ တစ်ခုရှိလို့ဆိုပြီး ငါ့ကို ပြောတယ်ကွ၊ ဟိုတစ်ခါ မင်းနဲ့အိမ်အဝင်အထွက်မှာ ဆုံတော့မင်းက အဲဒီကောင်မလေး ဘယ် သူလဲ၊ တယ်ချောပါလားလို့ သူ့ကိုမေးဖူးတယ်တဲ့ ဟုတ်လား''

မြင့်နိုင် စိတ်ဝင်စားစွာ နားထောင်နေရာမှ ရုတ်တရက် အမေးခံလိုက်ရ၍ ခပ်ကြောင်ကြောင် ဖြစ်သွားသည်။ ပြီးမှ ပြုံးရင်း ဆတ်ဆတ်ကလေး ခေါင်းညိတ်ပြလိုက်သည်။

ကိုယ်ပြောခဲ့သည်ကို ကိုယ်ပြန်ပြီး မကွယ်ချင်၊

စာတ်လမ်းက ကိုယ့်ဘက်လှည့်လာသည်ဟုလည်း သတိထား လိုက်မိသည်။

"အဲဒီတုန်းက ထားရီက နာမည်ပြောပြပြီး ဘာလဲသဘောကျလို့လားလို့ မင်းကို မေးသေးတယ်တဲ့၊ မင်းက မဆိုးပါဘူးဗျာလို့ ပြောတယ်တဲ့"

မြင့်နိုင် ပြုံးရပြန်သည်။

"ကိုမြင့်နိုင်မှာ ရည်းစားရှိလားလို့ ထားရီက ငါ့ကိုမေးတယ်"

"ခင်ဗျား ဘာပြောလိုက်လဲ"

"ငါလည်း မင်းနဲ့အတူ ရုံးတစ်ရုံးတည်းမှာ တရင်းတနှီးအတူနေကြတာပဲကွာ ရည်းစားရှိတယ်လို့မှ မသိဘဲ၊ မရှိဘူးထင်တယ်လို့ ပြောလိုက်တာပေါ့၊ အခုမှ သေချာအောင် မေးရဦးမယ်၊ မင်းမှာ ချစ်သူတွေ ဘာတွေရှိလား"

"မှုးလို့တောင် နမ်းစရာမရှိဘူး"

"ရှူစရာ မရှိဘူးလို့ ပြောပါကွာ"

ကိုဘငွေ စကားကြောင့် မြင့်နိုင်ရယ်၍ သေးမှ ကိုသန်းညွန့်ပါ ရယ်သည်။

"နေဦးကွ ငါကမရှိဘူး ထင်တယ်လို့ ပြောတော့ ထားရီပြောတဲ့စကားကို ဆက်ပြောဦးမယ်၊ ဒီလိုဆိုရင် မင်းကို ပြောပြလိုက်ပါလားတဲ့ မင်းသဘောကျတယ်ဆိုရင် သူတို့နှစ်ယောက် ခိုးပြေးကြပစေပေါ့——တဲ့"

"ဟား——ဟား——ဟား——ဟား——"

ထားရီ၏ အကြံပေးပုံကို သဘောကျ၍ မြင့်နိုင်ဟားတိုက်ပြီးရယ်လိုက်သည်။

ပြီးမှ ဘေးစားပွဲများကို အားနာ၍ လှည့်ကြည့်မိသည်။ သို့သော် ကျန်စားပွဲများကလည်း သူ့ဟာနှင့်သူငြင်းကြ၊ ခုန်ကြ၊ စာဆွေးနွေးကြမို့ သူရယ်သည်ကို ဘယ်သူမှ စိတ်မဝင်စားကြ။



ကိုဘငွေကတော့ လုံးဝမရယ်၊ သူ့မျက်နှာမှာ ပေါက်လာကာတည်းက အလေးအနက်ပုံ ဖြစ်နေသည်။ တစ်စက်ကလေးမျှ မပျော့ပါးမသွား။

"နေဦးကွာ မရယ်နဲ့ဦး"

ကိုဘငွေက လက်ကာပြသည်။

"ငါဆက်ပြောဦးမယ်၊ ငါက မင်းရှမ်းပြောမနေနဲ့၊ မိန္ဒယ်ဘက်ကလည်း သေချာအောင်မေးဦးလို့ ပြောလိုက်တော့ ထားရီကွာ ဘယ်လောက်များ တက်ကြွနေလဲဆိုရင် မိန္ဒယ်ဆိုင်ကို ချက်ချင်း သွားမေးတယ်"

ကိုဘငွေက စကားကို ခေတ္တရပ်ပြီး မြင့်နိုင်၏ မျက်နှာကို အကဲခတ်သည်။

မြင့်နိုင်က ကိုဘငွေကို ပြန်ကြည့်သည်။ သို့သော် ဘာမျှမမေး။

"မိန္ဒယ်က မငြင်းဘူးကွ၊ အစ်မတို့၊ ကိုလေးဘငွေတို့ သင့်တော်မယ်ထင်ရင် စီစဉ်ပေးပါလို့ ပြောတယ်။ သူ့ခများကတော့ကွာ အဖေအရွယ် ကလေးသုံးယောက်အဖေ မုဆိုးဖိုကြီးနဲ့ ဘယ်လိုလုပ်နေချင်ပါ့မလဲ"

"ရေနစ်နေတဲ့သူက ကောက်ရိုးမျှင် တွေ့ရင်လည်း ဆွဲသလိုပဲပေါ့ဗျာ မှတ်ဖူးလား"

မြင့်နိုင်၏ အမေးစကားကြောင့် ကိုဘငွေတွေသွားသည်။

"အင်း——အဲဒီလိုမျိုး၊ ဒါပေမဲ့ အဲဒီအစီပွာယ်မျိုးတော့ မဟုတ်ပါဘူးကွာ၊ မင်းက ကောက်ရိုးမျှင်တော့ မဟုတ်ဘူးကွ"

မြင့်နိုင်ရယ်ရင်းနဲ့ မီးသေသွားပြီဖြစ်သော ဆေးပေါ့လိပ်ကို စားပွဲပေါ်ချထားလိုက်သည်။

ကိုဘငွေက မပြီးသေးသော စာတ်လမ်းကိုဆက်သည်။

"ငါလည်း သူ့ဘက်က သေချာတဲ့စကားရတာနဲ့ သာဝတ္ထိကို

စက်ဘီးနဲ့ အမြန်နင်းတယ်။ မင်းကိုပြောပြချင်လို့၊ မင်းအိမ်ရောက်တော့ ကြီးကြီးခင်နဲ့တွေ့တယ်။ မင်းမရှိဘူး စာမေးပွဲဖြေဖို့ မန္တလေးသွားနေတယ်ပြောမှ မင်းအဝေးသင် အနီးကပ်သင်တန်းတက်ဖို့ စာမေးပွဲဖြေဖို့ ခွင့်ယူထားတာကို ငါပြန်သတိရတယ်။ လူက တင်မက်မှာ အာရုံများနေတော့ အားလုံးမေ့ကုန်တယ်"

ကိုဘငွေ လိုက်လာသည့်အကြောင်းနှင့် ညှိုးမြ စာတ်နှင်းနေသည့်အကြောင်းကို မြင့်နိုင် နားလည်သွားပါပြီ။ စာကျက်ရင်းနှင့် ရှည်းစားထားသင့်၊ မထားသင့် စဉ်းစားရဦးမည့် ပြဿနာ။

"ဒါနဲ့ မင်းအမေကို မင်းဘယ်မှာ တည်းသလဲ မေးရတာပေါ့၊ ကြီးကြီးခင်ကလည်း သူ့အတိအကျတော့ မသိဘူးတဲ့၊ တောင်ကုန်းမှာ တည်းမယ်လို့တော့ ပြောတာပဲတဲ့...."

နေရာအတည်အကျ မသိဘဲ လိုက်လာသည့် ကိုဘငွေ၏ တက်ကြွမှုမှာ သူ့မိန်းမ မထားရှိ၏တက်ကြွမှုထက် ပိုသည်ဟု မြင့်နိုင် သုံးသပ်လိုက်ပါသည်။

"နောက်တစ်နေ့ကျတော့ အခြေအနေက ပိုဆိုးလာတယ်ကွ၊ ဟိုလူကွာ သူနာမည်က ကိုအောင်မြတ်တဲ့ သူကမိနွယ်တို့ အိမ်ရောက်လာပြီး မင်္ဂလာဆောင်ကိစ္စ၊ ဝယ်ခိုခြမ်းဖို့ ကိစ္စတွေ လာလုပ်တယ်၊ ပိုဆိုးတာက အားလုံးသဘောတူ စီစဉ်ပြီးကြပြီ ဆိုတဲ့သဘော နဲ့ အဲဒီလူက မိနွယ်ကို အပိုင်အနိုင်ပြောလား ဆိုလား လုပ်လာတယ်"

"လက်ပါ မငြိမ်တော့ဘူး၊ မိနွယ်တစ်ယောက်တည်းရှိနေတုန်း ပခုံးကို လာဖက်တယ်တဲ့၊ အဲဒါ မိနွယ်က ဒီလိုတော့ မလုပ်ပါနဲ့ ပြောတော့ မင်္ဂလာဆောင်တော့မှာပဲကွာ မထူးပါဘူးတဲ့"

အမိမဲ့သမီး၏ ရေနည်းငါးဖြစ်နေရပုံကို စိတ်မကောင်းဖြစ်မိသည်။

မိနွယ်က မင်္ဂလာမဆောင်ခင် သူ့ကိုအဲဒီလို မဆက်ဆံဖို့ ပြောတော့ အဲဒီနေ့ညတော်င် သူက အဲဒီအိမ်မှာ အိပ်မှာလို့ ပြော



တယ်တဲ့။

မနွယ်အိပ်မှာက အိမ်အောက်က အခန်းမှာတစ်ယောက်တည်း၊ အဲဒီလူ အိပ်မှာကလည်း အိမ်အောက်ထပ်မှာပဲဆိုတော့ မိနွယ်အတွက် လုံခြုံမှုက လုံးဝမရှိတော့ဘူးကွာ။

အုပ်ထိန်းသူကလည်း အလိုတူ အလိုပါဖြစ်နေတော့ ပိုဆိုးတာပေါ့။

မိန်းကလေးအတွက် အသက်ရှူကျပ်စရာ ပြဿနာဖြစ်လာပြီဟု မြင့်နိုင်နားလည်လိုက်သည်။

"ဒါနဲ့ အဲဒီနေ့ ညနေမှာပဲ မိနွယ်က သူတို့အလစ်မှာ အဝတ်အစားထည့်ထားတဲ့ အိတ်တစ်လုံး ဆိုင်ကနေပြီး ထားရှိနဲ့ ထည့်ပေးလိုက်တယ်။ ငါ့မိန်းမကလည်း ယူလာတယ်"

ခဏကြာတော့ သူ့မိထွေး ဒေါ်လှတိုးနဲ့ အဲဒီ အောင်မြတ်ဆိုတဲ့လူ ဖိတ်စာရိုက်ဦးမယ်ဆိုပြီး အပြင်ကို ထွက်သွားကြတယ်။ အခွင့်ကောင်းလေး ဖြစ်သွားတာ ပေါ့ကွာ။

သူတို့ကလည်း မိနွယ်ဘာမှ မလုပ်နိုင်ဘူး။ သူတို့လက်ခုပ်ထဲကရေလို့ အပိုင်တွက်ထားကြတာကိုး။

ဒါနဲ့ မိနွယ်ဟာ ငါတို့အိမ်ဘက်ကို အပြေးထွက်လာတယ်။

ကိုဘငွေ စကားကို ခဏရပ်ပြီး မြင့်နိုင်ကို လှမ်းကြည့်နေသည်။ နီးရဲ့သော မျက်နှာမှာ အသနားခံသော မျက်လုံးများနှင့်

ငါလည်း ဘယ်လိုမှ အချိန်ဆိုင်း မနေနိုင်တော့ဘူးကွာ၊ မအောင်မြင်လို့ ပြန်ပါသွားရင် မင်းစဉ်းစားကြည့်လေ၊ ဒီအခွင့်အရေးမျိုးထပ်ရမှာ မဟုတ်တော့ဘူး"

ဒါနဲ့ မြို့အပြင်ထိ ထွက်ပြီး ကားကြုံရှာလိုက်ရတယ်၊ မနေ့ညက ပျဉ်းမနားမှာရှိတဲ့ ငါ့အစ်မအိမ် အိပ်ရတယ်။

ဒီနေ့မနက်မှ ကုန်တင်ကားကြီးတစ်စီးကို အကျိုးအကြောင်း ပြောပြပြီး လိုက်လာရတာ။ သူတို့က စိတ်ကောင်းရှိပါတယ်။ ဘကျ

အညီ ပေးကြတယ်။

ဒါပေမဲ့ကွာ ဝမ်းတွင်းမြို့နားက သိမ်တောင်ဆိုတဲ့ တောင်ကုန်းလေးနားရောက်တော့ ကားပျက်တယ်။ ပစ္စည်းတစ်ခုခုလိုလို့ မိတ္ထီလာ အထိ ပြန်ဝယ်ရတော့ ပစ္စည်းရတော့ ပြင်တာနဲ့ တော်တော်ကြာပြီ အခု ညမိုးချုပ်မှ ရောက်လာတာ။

အမှန်ကတော့ မင်းနဲ့အရင် တိုင်ပင်ပြီးမှ အစီအစဉ်လုပ်ဖို့ ကောင်းတာပေါ့ကွာ၊ ဒါပေမဲ့ ဘယ်လိုမှ တိုင်ပင်ချိန်မရတော့ဘူး။ ထားရီကလည်း မိန်းမယ်ကို သိပ်သနားနေတော့ မင်းလက်ခံမှာပါလို့ ပြောပြီး အမြန်ဆုံးသွားကြဖို့ အတင်း တွန်းတွန်းတိုးတိုး လွှတ်လိုက်တာပဲကွာ။

"ဟာ——နေဦး၊ ကိုဘငွေ ခင်ဗျား အခုပြောနေတာက ကောင်မလေးကို တစ်ခါတည်းခေါ်လာတယ်လို့ ပြောနေတာလား"

မြင့်နိုင် စိတ်ရှုပ်ထွေးစွာ မေးလိုက်သည်။

"ပါလာတယ်၊ အခု ကျွန်တော့်အိမ်ရောက်နေပြီ"

ကိုဘငွေ ပြောခြင်းမဟုတ်။ ကိုသန်းညွှန့်က ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

"ဗျာ——"

မြင့်နိုင် သိပ်အံ့ဩသွားသည်။ ဤမျှ အထိတော့ မျှော်လင့်မထားမိပါ။

ခေါင်းထဲမှာလည်း မူးရူးသွားသည်။ နေရာမ တာဝန်ကြီး တစ်ခု ဖြစ်သွားပြီ။

"ကိုဘငွေ ဘယ်လို လုပ်လိုက်တာလဲဗျာ"

အပြစ် တင်လိုစိတ်နှင့် ကိုဘငွေကို မကျေမနပ် မေးလိုက်သည်။

"ဒီလို မလုပ်ရင် မိန်းကလေးက ဒုက္ခဖြစ်တော့မှာမို့ လုပ်ရတာပဲကွာ။ ဒါကြောင့် မင်းကို ငါအပြည့်အစုံ ပြောပြနေတာပေါ့"



ကိုဘငွေ၏အသံက နွမ်းလျအားငယ်စွာ အသနားခံနေသော အသံ။

မြင့်နိုင်လည်း ကိုဘငွေ ပြောသည်ကို နားထောင်ပြီး မိန်းကလေးကို သနားပါသည်။ မတရား အနိုင်ကျင့် သူများကိုလည်း မကျေမနပ် ဖြစ်ပါသည်။ သို့သော် မိမိစာမေးပွဲဖြေဖို့ သူများအိမ်မှာ ရောက်နေစဉ် ဤပြဿနာမျိုးကို တာဝန်ယူပြီး စဉ်းစားရမည်မှာတော့ ကိုဘငွေလုပ်လာပုံ လွန်လွန်းသည်ဟု ထင်မိသည်။

"ကျွန်တော်တို့ လင်မယားကိုတော့ ကိုမြင့်နိုင် ဘာမှ အားနာစရာမရှိဘူးနော်။ မိန်းကလေးက ဖြူဖြူချောချောလေး သနားစရာပါဗျာ၊ ကလေးသုံးယောက် အဖေမုဆိုးဖိုကြီးနဲ့ ပေးစားမှာတော့ ဘယ်လိုမှ မဖြစ်သင့်ပါဘူးဗျာ၊ ရက်စက်လိုက်ကြတာ ကိုမြင့်နိုင် ကူညီရင်တော့ အေးလေ——ခင်ဗျား စဉ်းစားပါဦး"

ကိုသန်းညွှန့်ကပါ မိန်းကလေးကို ကရုဏာပိုနေပြန်ပြီ။ စောစောက ရယ်ရယ်ပြုံးပြုံး နားထောင်နေခဲ့သော မြင့်နိုင်ခုတော့ အသက်ရှုကျပ်နေရပြီ။

ညောင်ဦးမှာ ကမ်းပါးပြိုတာနဲ့ စံပါနဂိုရ်က နွားမပေါင်ကျိုး ဆိုသလို နွယ်မာဆိုတဲ့ မိန်းကလေးရဲ့ အိမ်မှာဖြစ်တဲ့ပြဿနာက စာမေးပွဲဖြေဖို့ စာကျက်နေတဲ့ ငါ့ကို ဒုက္ခလာပေးနေပြီ။

မြင့်နိုင် ရင်ထဲလည်း မသက်မသာဖြစ်ရသည်။

ကိုဘငွေကတော့ ပြစ်မှုကျူးလွန်သူ တစ်ယောက်လို မြင့်နိုင်ရှေ့မှာ မျက်နှာငယ်လေးနှင့်——

"ကျွန်တော် ငြင်းမယ်ဆိုရင် ကိုဘငွေ ခင်ဗျား ဘာလုပ်မလဲ"

မြင့်နိုင် ပြဿနာကို ကိုဘငွေထံ ပြန်ပုတ်ကြည့်သည်။

မီးရောင်သို့ မျှော်လင့်ချက်အပြည့်နှင့် တိုးဝင်လာသော ပိုးကောင်လေး မီးပူလောင်သလို ကိုဘငွေ ခံစားလိုက်ရသည်။

မြင့်နိုင်ကို လှမ်းကြည့်ပြီး ကိုဘငွေ သက်ပြင်းတစ်ချက်ချ

လိုက်သည်။

"ဒါကတော့ ငါလည်း စဉ်းစားမရသေးဘူးကွာ"

စကားပိုင်းလေး တိတ်ဆိတ်ငြိမ်သက်သွားသည်။

ဆိုင်ထဲမှာ ကက်ဆက်သံနှင့် လူသံသူသံများပင် မြင့်နိုင်တို့စားပွဲ၏ တိတ်ဆိတ်ငြိမ်သက်မှုကို ထိုးဖောက်မဝင်နိုင်။

"ငါ တာဝန်မယူရင် ကိုဘဌေး ဘယ်လိုလုပ်မလဲ"

သူ့အမေးကို သူ့ဘာသာပြန်ပြီး မြင့်နိုင် အဖြေရှာနေခဲ့သည်။

မိန်းကလေးက မြင့်နိုင်တည်းနေသော ကိုသန်းညွန့် အိမ်မှာရောက်နေပြီ။

လေးထောင့်ချက် မရှိသော ပုဏ္ဏားတစ်ပုဒ်ကို ကိုဘဌေးတို့ လင်မယား၏ ပြုလုပ်ချက်များနှင့်ပင် အဖြေကအတင်းထွက်နေပြီ

"ငါကသာ တာဝန် မယူဘူးဆိုရင် ကိုဘဌေး ဒီမိန်းကလေးကို အိမ်ပြန်ခေါ်သွားဖို့ ဆိုတာတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒါဖြင့် မိန်းကလေးကို ဘယ်သူတာဝန်ယူမလဲ၊ ဟာ——လူယုတ်မာတွေနဲ့ တွေ့သွားရင်ခုက္ခ၊ နောက်လာတဲ့ မောင်ဂုဏ် နိုင်းဝန်ထက်ကဲ ဖြစ်နေမယ်။ သူ့ဘာသာ ရောက်ရာပေါက်ရာ ထွက်သွားရင်ရော——"

တွေးရသည်ကပင် ရင်မောစရာ။

"အခုလို ထွက်မလာခဲ့ရင်ရော..."

ကိုဘဌေး ပြောပုံနှင့်ပင် စဉ်းစားကြည့်ဖို့ကောင်းနေ၊ နောက်ဆုံး မတော်တဆ သူ့မိထွေးနဲ့ ဟိုလူ ပြန်တွေ့သွားကို သူ့အိမ်ပြန်ရောက်ရင် အဲဒါမှ တကယ်ဆိုးမယ် ခုက္ခ၊ ဟို—— လူကယ့်ပြီးမှ မကြည့်ဖြစ်ဦးမယ်"

ထိုသို့ စဉ်းစားမိတော့လည်း ကိုဘဌေးကို အပြစ်တင်ရန် ခပ်ခက်ခက်။

"ဒါဖြင့် ငါက သနားလို့ ယူလိုက်မယ်ဆိုရင်ရော၊ ငါတာ



ရောလစာနဲ့ အိမ်ထောင်တစ်ခု၊ အို——သူများတွေလည်း ဒီလိုပဲ စာရေးထက်နည်းတဲ့ ဝင်ငွေနဲ့တောင် အိမ်ထောင်ပြုကြသေးတာ၊ ဒါက အဓိကပြဿနာမဟုတ်ပါဘူး"

တကယ်အရေးကြီးတဲ့ ပြဿနာက နှလုံးသားကိစ္စ၊ ဒီမိန်းကလေးကို လှလို့ လှတဲ့အကြောင်းသာ မထားရိုက် ပြောခဲ့မိတာ၊ ပြောတုန်းကရော၊ ခုထိပါ ဒီမိန်းကလေးနဲ့ ပတ်သက်လို့ ဘာခံစားချက်မှ မဖြစ်မိဘူး။

ခံစားချက်မရှိဘဲနဲ့တော့ မိန်းကလေးတစ်ယောက်ကို လက်မထပ်ချင်ပါဘူး။

မြင့်နိုင် သက်ပြင်း ချလိုက်မိသည်။

တိတ်ဆိတ်ငြိမ်သက်မှုကို သည်းမခံနိုင်စွာ စတင်ဖြိုခွင်းလိုက်သောသူက ကိုဘဌေး

"ကဲ——ဒါဖြင့် ခင်းသဘောက ဘယ်လိုလဲ မြင့်နိုင်၊ လက်မခံဘူးလား၊ လက်ခံနိုင်လား၊ ပွင့်ပွင့်လင်းလင်းသာ ပြောပါ"

မြင့်နိုင် မဖြေနိုင် ဘာပြောရမှန်းမသိ။

ငြင်းရမှာလည်း မိန်းကလေး၏ အဖြစ်က သနားစရာ၊ လက်ခံရမှာလည်း အခက်အခဲက အများကြီး။

"ဖြစ်နိုင်ရင်တော့ ကိုမြင့်နိုင်ကို ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ မိန်းကလေးကို သနားလို့ပါ"

မြင့်နိုင်က ကိုသန်းညွန့်ကို လှမ်းကြည့်လိုက်သည်။ ကိုဘဌေးတို့ လင်မယား သူတို့ဘာသာထုတ်ထားသော အဖြေအောက်မှာ ကိုသန်းညွန့် သူ့မိန်းမနှင့်အတူ မျဉ်းလေးနှစ်ကြောင်း တားပေးချင်နေသည်။

"ကျွန်တော်တို့ လင်မယား အောက်ထပ် ပြောင်းနေရင်ရတယ်။ ခင်ဗျားတို့ အပေါ်ထပ်မှာနေကြ"

ကျွန်တော့် မိန်းမကိုလည်း အောက်ထပ်ရွှေ့ပြီး အပေါ်ရှင်း

ထားပေးဖို့ ပြောခဲ့ပြီ၊ ကိုဘငွေက ခင်ဗျားအတွက် မိန်းမရှိုးလာခဲ့တာလို့ ပြောတော့ ကျွန်တော်တို့ လင်မယားလည်း ဝမ်းသာအားရ ပြင်ဆင်ကြတာပေါ့ဗျာ"

တကြာတော့ ကျွန်တော့်ယောက်ဖ ရောက်လာတယ် ကျွန်တော့်ယောက်ဖကလည်း ရပ်ကွက်လူကြီးထဲမှာ အဖွဲ့ဝင်။ ဒါနဲ့ ရပ်ကွက်ရုံးမှာ အခုညပဲ လက်ထပ်ဖို့ ရပ်ကွက်လူကြီးလေးယောက်လောက် ခေါ်ထားနိုင်ခဲ့တယ်"

"ဟာ——ခင်ဗျားတို့ ဟာကလည်းဗျာ"

မြင့်နိုင် တော်တော် စိတ်ပျက်သွားမိသည်။

"ခင်ဗျား အပြစ်တင်ရင်လည်း ခံရုံပဲဗျ၊ ကျွန်တော်ကတော့ ကျွန်တော့် ယောက်ဖကို လက်ဖက်ရည်တို့ မုန့်တို့ပါ ဧည့်ခံဖို့ဝယ် ခိုင်းလိုက်တယ်"

"ခက်တာပဲဗျာ၊ ကာယကံရှင်က ဘာမှမသိဘဲနဲ့ ခင်ဗျားတို့ ဘာသာအစီအစဉ်တွေ ထင်သလိုလုပ်နေကြတာပါလား။

မြင့်နိုင် စိတ်ပျက်ရုံမက စိတ်ကုန်သော ဘဝသို့ရောက်သွားသည်။

"ဒီမယ် မြင့်နိုင် ငါလည်းမင်းကို တောင်းပန်ပါရစေကွာ။ မိန္နယ်က ရုပ်ကလေး လှရုံတင်မကပါဘူး၊ အသိအလိမ္မာရှိတဲ့ မိန်းကလေးပါ။ စိတ်ရင်းသဘောထားလည်း သိပ်ကောင်းပါတယ်။ အိမ်နီးချင်းဆိုတော့ ငါတို့အားလုံး သိပါတယ်။ အေး——သူ့အကြောင်း သိသလို မင်းအကြောင်းလည်း သိပါတယ်၊ သူ့ကို ခင်သလို မင်းကိုလည်း ငါသိပ်ခင်ပါတယ်၊ မင်းတို့ နှစ်ယောက်ဆိုရင် လိုက်ဖက်တဲ့အိမ်ထောင်ဖြစ်မယ် ထင်လို့လည်း ငါလည်းရှုပ်ပြီး လုပ်မိခဲ့တာပါ။ ဖြစ်နိုင်ရင် မိန္နယ်ရဲ့ ဘဝလေးကို ကယ်တင်လိုက်ပါကွာ——
——"

မြင့်နိုင်က ကိုဘငွေကို စိုက်ကြည့်ရင်း စဉ်းစားနေသည်။



ကိုဘငွေကတော့ ခြေတစ်ကောင် ညှိထားခံရသလို လှုပ်ပင် မလှုပ်။

တခဏလေး အလွန် အရေးကြီးသော တခဏလေး။

မြင့်နိုင် ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။

"ကဲ—— ကိုသန်းညွန့် ခင်ဗျား စီစဉ်ထားတဲ့ အတိုင်း ဆက်လုပ်ဗျာ"

"ဟာ—— မြင့်နိုင် ငါ ဝမ်းသာလိုက်တာကွာ"

ကိုဘငွေ ဝမ်းသာအားရ စားပွဲမှ ထလိုက်လာခဲ့သည်။

+ + +

## အခန်း (၃)

အလွန်ကျဉ်းသော မင်္ဂလာဆောင် လေးတစ်ခုရပ်ကွက် လူကြီးများ၏ ရှေ့မှာပင် ပြီးစီးသွားသည်။

ပရိသတ်က (၇)ယောက်။

သတို့သား သတို့သမီးပေါင်းမှ (၉)ယောက်။

အကျွေးအမွေးက လက်ဖက်ရည် တစ်ခွက်စီနှင့် ကိတ်မုန့်ပါးပါး တစ်ချပ်စီ။

တံဆိပ်ခေါင်းဖိုး အပါအဝင် အားလုံးမှ ငါးထောင်တန် တစ်ရွက်သာ ကုန်သော မင်္ဂလာဆောင်။

ထိုကုန်ကျစရိတ်ကိုလည်း မြင့်နိုင်အိတ်ထဲမှ တစ်ပြားမျှ မထုတ်လိုက်ရ။

ရပ်ကွက်လူကြီး တစ်ဦးဖြစ်သော ကိုသန်းညွန့်၏ ယောက်ဖ ကိုသိန်းလွင်က အကုန်အကျခံသည်။ မြင့်နိုင်က ထုတ်ပေးသော်လည်း လုံးဝလက်မခံ။

ကိုဘမွေကလည်း နှယ်မာ အနီးသို့ကပ်ပြီး နှစ်သောင်းပေးသည်ကို မြင့်နိုင် မြင်လိုက်သည်။ မယူရန် တားချင်သည်။ သို့သော် ခုထိ နှယ်မာနှင့် စကားတစ်ခွန်းမျှ မပြောဖူးသေးသည်မဟုတ်။ နှုတ်က



ဆွဲနေသည်။

ရပ်ကွက်ရုံးမှ ပြန်လာကြတော့ ည ၁၂-နာရီ။

ကိုသန်းညွန့်တို့ လင်မယားက မြင့်နိုင်နှင့် နှယ်မာကို အိမ်ပေါ် လိုက်ပို့သည်။

အိမ်ပေါ်မှာ သူတို့အိပ်သည်။ နှစ်ယောက်အိပ် ကုတင်ကိုပင် အိပ်ရာခင်း ခေါင်းအုံးစွပ် ခြင်ထောင် အားလုံးဖြူဖြူသန့်သန့်လေး တွေလဲပြီး ခင်းကျင်း ပြင်ဆင်ထားသည်။

အိပ်ရာခင်းပေါ်မှာ ကိုသန်းညွန့်၏ ဇနီး မခင်ရွှေက စံပယ်ပန်း ဖြူလေးတွေ ကြဲပေးထားသည်။

ကုတင်ပေါ်မှာ သာမက အခန်းထဲမှာပင် စံပယ်ပန်းနံ့လေး သင်းသင်းမွှေးနေသည်။

"ကဲ ကိုမြင့်နိုင်ရော မနှယ်မာရော ဘာမှ အားမနာကြနဲ့နော် စာမေးပွဲပြီးတဲ့အထိ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး နေကြ၊ အဲလေ စာမေးပွဲပြီးလို့ မပြန်ချင်သေးရင်လည်း နေလို့ရတယ်"

ကိုသန်းညွန့်ကို ကြည့်ရသည်မှာ ကူညီရသည်ကို အတော်လေး ဝမ်းသာကြည်နူးနေဟန် တူသည်။

ညီမလေးနှယ်---ဘာမှ အားမနာနဲ့နော်၊ လိုတာရှိရင် မမရွှေကိုပြော၊ ဒီဘက်က မှန်တင်ခုံမှာ ကျောက်ပြင်၊ သနပ်ခါးတုံး၊ မိတ်ကပ်ဘူး အစုံရှိတယ်၊ အခု လန်းလန်းဆန်းဆန်းဖြစ်သွားအောင် ရေချိုးလိုက်ပါလား၊ အောက်မှာ ရေချိုးကန်ရှိတယ်။ ဘာမှ အားမနာနဲ့ လွတ်လွတ်လပ်လပ်သာနေ"

မမရွှေကလည်း ရွှန်းရွှန်းဝေဝေ ဧည့်ဝတ်ကျေနေသည်။

"ဟုတ်ကဲ့ မမရွှေ၊ နှယ် ရေချိုးလိုက်ချင်တယ်"

သူ့အသံက ချိုချိုအေးအေး။

မမရွှေက နှယ်မာကိုခေါ်ပြီး အိမ်အောက်သို့ ဆင်းသွားသည်။

ကိုသန်းညွန့်လည်း ဆင်းလိုက်သွားသည်။

မြင့်နိုင်၏ ပစ္စည်းများနှင့် စာအုပ်များ အားလုံးလည်း အိမ်ပေါ် ရောက်နေကြပြီ။

စာအုပ်အားလုံး အိပ်ရာ ကုတင်ဘေးမှာ စားပွဲမှာ စီစီညီညီ နေသားတကျ တင်ထားသည်။

မြင့်နိုင် ခေါင်းထဲမှာ ရှုပ်ထွေးနေသေး၊

ရင်ထဲမှာ လေးလံနေသည်။

အိပ်ရာ ကုတင်ပေါ်မှာလှဲပြီး အနားယူလိုက် ချင်သော်လည်း ပန်းကျဲသော အိပ်ရာကုတင်ကြီးပေါ်မှာ လှဲအိပ်ရမှာ လိပ်ပြာမလုံ၊

မိန်းကလေး တက်လာ၍ လှဲအိပ်နေသည်ကို တွေ့လျှင်——

ကုတင်ကြီးပေါ်မှာလည်း ခေါင်းအုံးနှစ်လုံးက ယှဉ်လျက်-

ခေါင်းအုံးများပေါ်မှာလည်း စံပယ်ပန်းမွှင့် ကလေးတွေ ဖြန့်ကျဲလျက်——

မြင့်နိုင်သက်ပြင်း တစ်ချက်ချရင်း စားပွဲရှေ့မှ ကုလားထိုင်မှာပင် ဝင်ထိုင်လိုက်သည်။

စံပယ်ပန်းရနံ့လေးများက ရင်မှာ လှုပ်ရှားစရာ။

အို—— ငါ့မှာ စာကြည့်စရာတွေလည်း အများကြီးကျန်သေးတယ်၊ ဒီနေ့ည အချိန်တွေ အများကြီး ကုန်သွားပြီ၊

စောစောပိုင်းက ကြည့်ရန် စိတ်ကူးထားသော စာအုပ်ကို ထုတ်ယူလိုက်သည်။

စာကြည့်သော်လည်း စိတ်က မတည်ငြိမ်၍ အာရုံစူးစိုက်မှု မရ။

ဖတ်ပြီး သွားသည့်တိုင် ခေါင်းထဲမှာ ဘာမျှမရောက်၊ စိတ်အထာမကျသလို ဖြစ်နေသည်၊

အာရုံဝင်စားအောင် ထပ်၍ကြိုးစားရသည်၊

လှေကားမှ တက်လာသော ခြေသံကို ကြားရသည်။



စားပွဲက ပြတင်းပေါက်ကို မျက်နှာပြုထား၍ နောက်ဘက်မှ တက်လာသူကို ကျောပေးလျက်သားဖြစ်နေသည်။

ခြေသံက တစ်ယောက်တည်း။

နားကတော့ ကြားနေရသည်၊

ရေချိုးပြီး လန်းလန်းဆန်းဆန်း ဖြစ်လာမည့် မိန်းကလေး၏ ပုံကို အတွေးထဲမှာ မြင်နေသည်။

အို—— ငါကလည်း။

စာထဲမှာ အာရုံကို အတင်းပြန်ပို့ လိုက်ရသည်။

နောက်ဘက်မှ သနပ်ခါး သွေးနေသံကို ကြားရသည်။

အာရုံက ရောက်သွားပြန်သည်၊

"ဟင်း ...."

စာမျက်နှာပေါ်မှ စာကြောင်းများကို လက်ညှိုးနှင့်ထောက်ဖတ်နေရသည်။

သနပ်ခါးသွေးသံ ရပ်သွားပြီ။

သနပ်ခါး လိမ်းနေလိမ့်မည်ဟု အတွေးက ရောက်သွားပြန်သည်။

ဖြူနုသော ပါးမို့မို့ပေါ်မှာ သနပ်ခါး အနှစ်ကလေးများ လိမ်းကျံ နေမည့်ပုံက ပေါ်လာသည်။

စာမျက်နှာပေါ်မှာ လက်ညှိုးက ရပ်နေသည်၊

သက်ပြင်းတွေချည်း ခဏ ခဏ ချနေရသည်။

လက်ညှိုးကလေး ပြန်လည် ရွေ့လျားနိုင်အောင် ကြိုးစားရပြန်သည်။

တိတ်ဆိတ်မှုထဲမှာ လှုပ်ရှားသံလေးတစ်ခုကြားရတိုင်း သတိထားမိနေသည်။

သူအဝတ်အစား ဝတ်နေလိမ့်မည်။

အဝတ်အစားလဲ၍ ပြီးလောက်ပြီ။

ဘယ်လို ဝတ်ထားပါလိမ့်။

သူ့ပုံကလေးက ကြည်ကြည်လင်လင် သန့်သန့်ပြန့်ပြန့် ဖြစ်နေမလား။

လှလှပပ ကလေးလား။

ဘာရားရုံးမှာ တုန်းကတော့ ခရီးပန်းလာလို့လား မသိ၊ မျက်နှာလေးက နွမ်းနွမ်းလေး။

ဘာစကားမျှလည်း မပြော။

လက်မှတ်ထိုး ဆိုတဲ့ နေရာမှာ လက်မှတ် ထိုးလိုက်တာပဲ၊

"ဩ——ချစ်သူလည်း မဟုတ်၊ သိကျွမ်း ရင်းနှီးသူပင် မဟုတ်သော ငါနဲ့ လက်ထပ်ရတဲ့ သူ့ဘဝ ငါ့အကြောင်းကို သူဘာ သိလို့လဲ"

ကျား တစ်ကောင်ကို ကြောက်လို့ အခြားကျား တစ်ကောင်၏ ရင်ခွင်မှာ ဝင်ရသောအဖြစ်——

"အေးလေ——ငါကလည်း သူ့အကြောင်းဘယ်လောက်သိလို့လဲ၊ ကိုဘရွှေ ပြောသလောက် သိရတာပဲ၊ မျက်နှာချင်းဆိုင် တစ်ခါ မြင်မှုရှိရုံနဲ့ လက်ထပ်ရတဲ့အဖြစ်"

သူ့ဘက် ကိုယ့်ဘက်သူ့အကြောင်း ကိုယ့်အကြောင်းလေး တွေ တွေးနေမိသည်။

နောက်ဘက်မှာ ငြိမ်ချက်သား ကောင်းနေသည်။

"သူ ဘာလုပ်နေလဲ"

"ငါကရော ဒီလိုကြီးနေလို့ ကောင်းပါ့မလား"

ပြောရမှာရော လှည့်ရမှာပါ ဝန်လေးနေသည်၊

တိုက်တိုက် ဆိုင်ဆိုင်လက်ဖက်ရည်ဆိုင်မှာ ကြားခဲ့ရသည့် ပေလီ ဟန်းနီးမွန်းသီချင်းကို သတိရပြီး ပြုံးချင်စိတ်ဖြစ်မိသည်၊ သို့သော် တကယ်တော့ မပြုံးနိုင်။

အဆီအငေါ် မတည့်သော မိမိ၏အဖြစ်။



ကဗျာမဆန်သော ကဗျာဆရာ၏ ဘဝ၊

ရင်ခုန်သံ မပါသော အချစ်။

အချစ်မပါသော အိမ်ထောင်ရေး။

မြင့်နိုင်ကလည်း ကဗျာဆရာပီပီ အချစ်ဆိုသည်ကို သိပ်ပြီး စိတ်ကူးယဉ်ထားခဲ့သည်။ ထို့ကြောင့်လည်း အသက်(၂၃)နှစ်ရှိပြီး မယ်မယ်ရရ ရည်းစားမထားဖြစ်ခဲ့။

ဒရေစီသားလောက်က လူပျိုဖြစ်ပြီဆိုသော စိတ်နှင့်ရောရော ယောင်ယောင်ကောင်မလေးတစ်ယောက်နှင့် စာပေးစာယူ ဖြစ်ဖူးသည်။

နောက်တော့လည်း ဘာမှ မယ်မယ်ရရ အကြောင်းမရှိဘဲ စာမရေးဖြစ်ကြသည်နှင့်ပင် ရည်းစား အဖြစ်က အလိုလိုနေရင်း ကွာ ရှင်းပြတ်စဲခဲ့ရသည်။

ချစ်သူဆိုသည်ကို မြင့်နိုင် ဦးနှောက်နှင့် မရှာချင်၊ နှလုံး သားက သူ့ဘာသာ တွေ့စေချင်သည်။

နှလုံးသား ကိုယ်တိုင်က ရွေ့ရွေ့ရှုနှ် ဆတ်ဆတ်ခါခံစား ရသည့် အဖြစ်မျိုး ဖြစ်ချင်သည်။

ထို အချစ်မျိုးအတွက် ရိုဝေနေသည်များ ယစ်မူးနေရသည် များ ရူးသွပ် နေရသည်များ အမှားအမှန် မဝေခွဲနိုင်အောင်မိုက်မဲရ သည်များ စားမဝင် အိပ်မပျော်ဖြစ်ရသည်များ အန္တရာယ်တွေကို မ ကြောက်မလန့် ရင်ဆိုင်ခဲ့သည်များ ဖြစ်နိုင်လျှင် ထိုအချက်များ အား လုံးပါသည့် အချစ်။

ထိုကဲ့သို့ အချစ်ကို မြင့်နိုင်က မျှော်လင့်သည်။

ထိုသို့ ချစ်ရသည့် ချစ်သူမျိုးကိုမှ မရရအောင် ယူပြီးအိမ် ထောင် ပြုချင်သည်။

အိမ်ထောင်ရေး ဆိုသည်ကို သွေးသားကိစ္စ၊ စီးပွားရေးကိစ္စ နှင့် စဉ်းစားခြင်းသည် အလွန်သေးနုပ်သိမ်ဖျင်းသည်ဟု မြင့်နိုင်စက် ဆုတ်ခဲ့သည်။

ထိုနည်းမျိုးနှင့်တော့ အိမ်ထောင်မပြုဟုလည်း ဆုံးဖြတ်ထားခဲ့သည်။

ခုတော့ မြင့်နိုင် လက်ထပ် လိုက်ရသည်က ဝိုဂျီဆိုးသော အဖြစ်။

"အို--- ဒါပေမဲ့ မတရားမှုကို ဆန့်ကျင်ရတာ ခုကျဖြစ်သူကို ကူညီရတာ မှန်ဖြတ်တယ်"

ဘယ်သူက ဘယ်လိုထင်ထင် ဘယ်လိုပြောပြော ကိုယ်လက်ထပ်ခဲ့သည်က ကိုယ့်အစီအစဉ်နှင့် ကိုယ်။

ဪ ဒါနဲ့ ကိုယ်က ဒီလိုကြီးလုပ်နေရင် သူ့မှာ စိတ်အားငယ်နေရှာမလား။

မြင့်နိုင် စာလည်း မကြည့်ဖြစ်တော့ဘဲ တွေတွေငေးငေး တွေး နေမိသည်မှာ အတော်ကြာသွားသည်။

နောက်ဘက်မှလည်း ဘာသံမျှ မကြား။

"ရှိမှ ရှိသေးရဲ့လား"

"ရှိရင် ဘာလုပ်နေလဲ"

နောက်ကို လှည့်ကြည့်ချင်သည်။

သို့သော် ခန္ဓာကိုယ်က တွန့်ဆုတ် တုံ့ဆိုင်းနေဆဲ။

ထိုအချိန်မှာပင် နောက်မှခြေသံ ကြားနေရသည်။

မြင့်နိုင်၏ စားပွဲဘေးသို့ နှယ်မာရောက်လာသည်။

မြင့်နိုင် မော့ကြည့်လိုက်သည်။

ရေမိုးထားၡ၍ လန်းလန်း ဆန်းဆန်းဖြစ်နေသော်လည်း တည်တည်ကြည်ကြည် မျက်နှာလေး။

သနပ်ခါး ပါးပါး လိမ်းထားသော ပါးပြင်ပေါ်မှာ ရွဲသပ်ထားသော ပါးကွက်မြို့မြို့လေးများ အရည်လဲ့၍ တောက်ပသော မျက်လုံးလေးများနှင့် လိုက်ဖက်လှသည်။

မိန်းကလေးကို မြင့်နိုင် အားနာသွားသည်။



မိမိက အထောက်ပင့်နေ၍ အားနဲ့သူက အလျှော့ပေး ချင်းကပ်ရသလို ဖြစ်နေသည်။

သူ့လက်ထဲမှာ ပိုက်ဆံများကို ကိုင်လျက်....။

"ရော့---အစ်ကို ဒါက ကိုလေးဘဝေတို့ လက်ဖွဲ့တဲ့ ငွေ နှစ်သောင်း၊ ဒါက ဒီအိမ်ရှင် မမဝေ့တို့ လက်ဖွဲ့တဲ့ ငွေတစ်သောင်း ဒါက နှယ်စုထားတာ ယူလာတဲ့ ငွေငါးသောင်း"

နှယ်မာက မြင့်နိုင်ရှေ့မှ စားပွဲပေါ်မှ ငွေရှစ်သောင်းကို တင်ပေးသည်။

သူများတွေ မင်္ဂလာဆောင်သည့် ညမှာ သတို့သားနှင့် သတို့သမီး လက်ဖွဲ့ငွေတွေ ရေတွက်ကြ၊ ပါဆယ်ထုပ်တွေ ဖွင့်ကြ၊ ဖောက်ကြနှင့် ပျော်ကြပုံများ မြင့်နိုင်ဖတ်ဖူးကြားဖူးသည်။

သူတို့များတော့ လက်ဖွဲ့သူက နှစ်ဦးတည်း၊ လက်ဖွဲ့တဲ့ ငွေ တွေရေတွက်ကြ၊ ပါဆယ်ထုပ်တွေ ဖွင့်ကြဖောက်ကြနှင့် ပျော်ကြပုံများ မြင့်နိုင်ဖတ်ဖူး၊ ကြားဖူးသည်။

သူတို့မှာတော့ လက်ဖွဲ့သူက နှစ်ဦးတည်း၊ လက်ဖွဲ့ပစ္စည်းက ငွေလေးသုံးသောင်း။

မြင့်နိုင်က ငွေများကို နှယ်မာထံသို့ တွန်းပေးလိုက်သည်။

"ဒီပိုက်ဆံကို နှယ်မာပဲ သိမ်းထားပါ။ ကဲ---ကုတင်ပေါ်မှာ ထိုင်ပါဦး၊ ကျွန်တော်ပြောစရာလေးတွေ ရှိသေးတယ်"

နှယ်မာက ပန်းကြိုထားသော မင်္ဂလာကုတင်ကြီးကိုကြည့်ပြီး ထိုင်ရန် မဝံ့မရဲ ဖြစ်နေသည်။ မြင့်နိုင်ပါအတူ လာထိုင်လိမ့်မည်ဟု စိုးရိမ်သလား မသိ။

မြင့်နိုင်က သူ့ကုလားထိုင်ကို ကုတင်ဘက်သို့ လှည့်ပြီးထိုင်လိုက်မှ ရဲရဲထိုင်ပုံသည်။

မြင့်နိုင်က စကားမပြောခင် နှယ်မာကို အသေအချာကြည့်မိလျက်သား ဖြစ်သွားသည်။

ဖြူသော---- နုသော---- ချောသော မိန်းကလေး၊

ရုပ်လက္ခဏာ သက်သက်နှင့် ကြည့်လျှင် အိမ်ထောင်သက် အဖြစ် ငြင်းရက်စရာမရှိ။

ဝတ်ဆင် ထားသည်ကလည်း ရိုးရိုး ယဉ်ယဉ်လေး။

အဝါနုရောင် ဘလောက်(စ်)အင်္ကျီလက်ပြတ်လေးက မထူ မပါး။

အရောင်ရွေးမှား မှားလေသလားဟု တဒင်္ဂအကြည့်လေး အတွင်းမှာပင် အတွေးက ဝင်လာသေးသည်။

ဝန်းရောင်သည် အချစ်၊ အပြာရောင်သည် သစ္စာ၊ အဝါ သည် ဝန်တိုခြင်းဟု ကြားဖူးသည်။

သို့သော် အဝါက တောက်တောက်ကြီးတော့မဟုတ်၊ ကြည်ကြည်လင်လင် ရှိရုံလေး၊ အောက်ပိုင်းမှာ ဝတ်ထားသည့် ရှား ညိုရောင်ပေါ်မှာ အဖြူမှင်လေးပါသည့် မယာလုံချည်လေးနှင့်တော့ လိုက်ဖက်သည်။

မြင့်နိုင် ကြည့်နေမှန်းသိ၍ နွယ်မာရှက်ရွံ့စွာနှင့် ခေါင်းက လေး ငုံ့နေသည်။

သူ့မျက်နှာ အေးအေးလေးက ကိုဘငွေတို့ ပြောသလို လိမ္မာ မည့် ပုံကလေး။

မြင့်နိုင်ဘာမျှမကြိုးစားလိုက်ရဘဲ မိန်းမချောလေးတစ်ယောက် မိမိရှေ့မှောက်သို့ ရောက်နေပြီ။

တကယ်ဆိုလျှင် ယနေ့ညမှာပင် မိမိပြုသမျှနေရတော့မည့် သဘော။

နွယ်မာကို ကြည့်ပြီး မြင့်နိုင်သနားနေမိသည်။

သို့သော် သူ့နှလုံးသားက ခုထိ ကျောက်တုံး၊ ကျောက်ခဲ နည်းနည်းလေးမှ လှုပ်ရှားမှု မရှိ။

ရုပ်ကလေးကို ကြည့်၍ အသိက သဘောကျချင်သော်



လည်း ဆန့်ကျင်ဘက် လိင်ကို စိတ်ဝင်စားသော သဘောကျခြင်းမျိုး သာ ဖြစ်သည်။

ဦးနှောက်က အမိန့်ပေးပြီး ကြိုးစားကြည့်သေးသည်။

လှုပ်ရှားလိုက်စမ်းပါ နှလုံးသားရယ်၊ ချစ်လိုက်စမ်းပါ။ လှုပ် ခတ်ရုံမျှပင် မဖြစ်။

အချစ်မပါဘဲနှင့်လည်း ဤမိန်းကလေးကို စော်ကားမိသလို မဖြစ်ချင်။

မြင့်နိုင် ဆုံးဖြတ်လိုက်သည်။

"ကဲ ခုကွာရောက်လာတဲ့ မိန်းကလေးကို ကူညီမယ်။ စေတနာသန့်သန့်လေးနဲ့ပဲ ကူညီမယ်"

"နွယ်မာ ကျွန်တော့်ကို အစ်ကို တစ်ယောက်လိုပဲ သဘော ထားပြီး လွတ်လွတ်လပ်လပ်နေပါ။ အခု ကျွန်တော်ပြောမယ့် စကား တွေကိုလည်း အသေအချာ နားထောင်ပါ။ နှစ်ယောက်စလုံး အတွက် စဉ်းစဉ်းစားစားနဲ့ ပြောမှာပါ"

နွယ်မာ ငြိမ်သက်တိတ်ဆိတ်စွာ ခေါင်းငုံ့နေဆဲ။

"ကျွန်တော်လည်း နွယ်မာကို နှမလေးတစ်ယောက်လိုပဲ သဘောထားပါမယ်"

"နွယ်မာရဲ့ အဖြစ်ကို ကိုဘငွေ ပြောပြတော့ မိန်းကလေး တစ်ယောက်ရဲ့ ဘဝကံကြမ္မာကို ထင်သလိုချယ်လှယ်ချင်ကြတဲ့ လူတွေကို ကျွန်တော်မုန်းတယ်"

"အားကိုးရာမဲ့ ဖြစ်နေတဲ့ မိန်းကလေးကိုလည်း စာနာသနား စိတ် ဖြစ်မိတယ်။ ဒါကြောင့် ကူညီဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တာ ပါ"

မြင့်နိုင်ပြောမှ နွယ်မာပြုံးပြီး ဝမ်းနည်းလာ၍ မျက်ရည်ဝဲ ရသည်။

"ကျွန်တော့် စေတနာကို နွယ်မာ အမှန်အတိုင်းမသိမှာဘဲ

ကျွန်တော် နိုးနိုးမိတယ်"

"ကျွန်တော် အခုလက်ထပ်တာဟာ ခုကွဲဖြစ်နေတဲ့ မိန်းကလေး ချောချောလေး တစ်ယောက်ကို ကံအားလျော်စွာရတာနဲ့ ဟန်ကျပဲဆိုပြီး ခပ်လွယ်လွယ် လုပ်လိုက်တာမျိုး မဟုတ်ဘူး"

"စေတနာနဲ့ပါလို့ အသံကောင်းဟစ်ပြီး အခွင့်အရေးယူတာမျိုးလည်း ကျွန်တော် မလုပ်ချင်ဘူး"

"ကူညီတယ်ဆိုရင်လည်း တကယ့်ကို စေတနာသန့်သန့်နဲ့ ကူညီတာမျိုးပဲ ဖြစ်ချင်တယ်"

နွယ်မာ မြင့်နိုင်ကို မျက်လွှာလေး ပင့်ပြီး မသိမသာ ကြည့်လိုက်သည်။

မီးရောင်အောက်မှာ လင်းလက်သော မျက်လုံးကလေးများ၏ အလှကို ကဗျာဆရာ သတိထားမိလိုက်သည်။

"အခုဆိုရင် နွယ်မာနဲ့ ကျွန်တော် ရပ်ကွက်လူကြီးတွေ ရှေ့မှာ တရားဝင် လက်ထပ်ပြီးပါပြီ"

နွယ်မာ မျက်တောင်လေး ခတ်သွားသည်။

သူတို့နွယ်မာကို ဘယ်သူနဲ့မှ ပေးစားလို့ မရတော့ဘူး။ မြဲ ခေါ်လို့လည်း မရတော့ဘူး"

နွယ်မာကို မတရားမလုပ်နိုင်အောင် ကျွန်တော့်မှာ ကာကွယ်ပိုင်ခွင့် ရှိနေပြီ။ ကျွန်တော် ကာကွယ်ပေးပါ့မယ်။ ဒါပေမဲ့ အဲဒီလို ကာကွယ်ပေးတဲ့အတွက် နွယ်မာဆီက ကျွန်တော်အခွင့်အရေး မယူချင်ဘူး"

ညဉ့်နက်ပြီမို့ ပတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက်လွန်းသောကြောင့် မြင့်နိုင်လေသံကို ပို၍ နိမ့်လိုက်သည်။

"နွယ်မာကို ကျွန်တော့်နှမလေး တစ်ယောက်လိုပဲ စောင့်ရှောက်ပါမယ်၊ နွယ်မာ ကျွန်တော်ကို အစ်ကိုတစ်ယောက်လိုပဲ သဘောထားပါ"

နွယ်မာ နားထောင်နေရင်း မျက်နှာလေး နစ်ဖက် မသိမသာ ကျုံ့သွားသည်။

စောစောပိုင်းက စကားပြောရန် ဝန်လေးနေသော မြင့်နိုင်မှာ အရှိန်ရသွားပြီဖြစ်၍ ပြောစရာရှိသည်များကို ဆက်ပြောနေသည်။

"ဒီလို နှစ်နာရတာမျိုးတော့ တို့လည်း စံချင်ပါတယ်ကွာလို့ ပြောမှာမျိုး ကျွန်တော် မကြိုက်ဘူး၊ ပြီးတော့ အရေးကြီးတာက နှလုံးသား ကိစ္စ"

မြင့်နိုင် စကားကို ခေတ္တရပ်ထားလိုက်သည်၊

သို့သော် ပြောရန် ဆုံးဖြတ်ပြီးဖြစ်၍ ဆက်ပြောလိုက်ပါသည်၊

"နွယ်မာနဲ့ ကျွန်တော်တို့ အဖြစ်က အစီအစဉ်မရှိဘဲ အခြေအနေအရ လက်ထပ်လိုက်ကြရတာ နှစ်ဦးစလုံးရဲ့ နှလုံးသား ခံစားချက်နဲ့ မဟုတ်ဘူး။ အချစ်ဆိုတာ နှလုံးသားက ခံစားမှု လှတာ၊ နိုင်မြဲတာ"

မြင့်နိုင် ဆိုလိုသော အဓိပ္ပာယ်ကို နွယ်မာ အလေးအနက် စဉ်းစားလာရပြီ။

"ညားပြီးတော့လည်း ချစ်သွားတာပါပဲ ဆိုတဲ့စကားဟာ မထူးတဲ့ အတွေ့တွေပြောရတဲ့ စကား"

နွယ်မာ အနေရ ခက်သွားသည်။

"ကျွန်တော် ပြောချင်တာက အိမ်ထောင်ဆိုတာ အရာစ်ကို အခြေခံမှ၊ အချစ်ဆိုတာကလည်း နှလုံးသားက ခံစားရမှ လက်ထပ်တယ်ဆိုတာကတော့ အကြောင်းအမျိုးမျိုးနဲ့ လုပ်လို့ရတယ်"

"အချစ်ဆိုတာက အကြောင်းအမျိုးမျိုးနဲ့ လုပ်လို့ရတာမျိုး မဟုတ်ဘူး။ နှလုံးသားက လှုပ်ရှားလာပြီး သူ့ဘာသာချစ်မှ...."

နွယ်မာ ခေါင်းငုံ့ နားထောင်နေရာမှ မြင့်နိုင် မျက်နှာကို

လှမ်းကြည့်ရင်း အားနာလာမိသည်။

"ဒီလိုဆိုရင် နွယ်က အစ်ကို့ကို တမင်သက်သက် ဒုက္ခပေးသလို ဖြစ်နေပြီ"

မျက်လုံးအိမ်မှ စီးကျလာသော မျက်ရည်များကို သနပ်ခါးပါးကွက်ဆီသို့ မရောက်မီ လက်ညှိုးလေးနှင့် ကော့၍ သုတ်ပစ်လိုက်သည်။

"ဟော်...နေဦး၊ ကျွန်တော်က အဲဒီလို ပြောတာ မဟုတ်ပါဘူး၊ ကျွန်တော့်အနေနဲ့ ဒုက္ခလည်း မဖြစ်ပါဘူး"

"ဒါပေမဲ့ စောစောနာသန့်သန့်နဲ့ ကူညီချင်တဲ့အကြောင်း ပြောတာပါ...."

"အဲဒီလို ကူညီတာ နွယ်ကြောင့် အစ်ကိုဒုက္ခဖြစ်ရတာပေါ့ အစ်ကို့မှာ အများကြီးနစ်နာတာပေါ့"

"ဟာ—— ဘာဒုက္ခမှ မဖြစ်ပါဘူး။ နစ်နာစရာလည်း ဘာမှ မရှိပါဘူး"

"အစ်ကို့မှာ နလုံးသားခံစားချက် ဘာမှ မရှိဘဲနဲ့ လက်ထပ်ရတာ နစ်နာတာပေါ့"

"ဟာ——ဒါက အကြောင်း မဟုတ်ပါဘူးဗျာ။ ကျွန်တော်က ယောက်ျားလေးပါ၊ တကယ်တမ်းဆိုရင် နွယ်မာဘက်ကသာ နစ်နာတာပါ"

"နွယ်ကတော့ ကိစ္စမရှိပါဘူး၊ အစ်ကိုရယ်——ကိုယ့်ဘဝ အကြောင်းနဲ့ကိုယ် ဖြစ်ရတာပါ။ နွယ့်ကြောင့် အစ်ကိုက ဘာမှ မဆိုင်ဘဲနဲ့ ဖြစ်ရတာ အစ်ကို့အတွက် နွယ်စိတ်မကောင်းလို့ပါ"

ပြောရင်းမှ ဝမ်းနည်း လာဟန်တူပါ၏။

နွယ်မာထံမှ ရှိုက်သံလေးများ ထွက်လာသည်။

အခုမှ နွယ်မာ တစ်ယောက် အငိုလွယ်၍ အရှိက်ခက်သော အဖြစ်နှင့်ကြုံရပြီ။



နွယ်မာ ဝမ်းနည်းစွာ ခံစားနေရသည်ကို မြင်တော့လည်း မြင့်နိုင် စိတ်မကောင်း ဖြစ်မိသည်။

နွယ်မာပါးပေါ်မှ သနပ်ခါးပါးကွက် ကလေးတွေ ပျက်ကုန်ကြပြီ....

မြင့်နိုင် သက်ပြင်းတစ်ချက်ချလိုက်မိသည်။

"ခက်တာပဲဗျာ၊ ကျွန်တော်လည်း ကျွန်တော်ပါပဲ"

"ကျွန်တော်က ဘာမဆို ခပ်လွယ်လွယ်၊ ခပ်ပေါ့ပေါ့ သဘောထားပြီး မလုပ်ချင်ဘူး..."

မြင့်နိုင်၏ အသံက တိုးညှင်းညင်သာသော သည်းညည်းသံလိုဖြစ်နေသည်။

နှစ်ဦးသား စကားသံ တိတ်သွားသည်နှင့် ပတ်ဝန်းကျင်၏ တိတ်ဆိတ်မှုက ပိုမို လွှမ်းမိုးလာသည်။

ညဦးနက်အောင် စာကျက်သော ကျောင်းသားသင်တန်းသားများပင် အိပ်ကုန်ကြပြီ။

"နွယ်မာ အိပ်ပါတော့လေ ညဉ့်နက်လှပါပြီ"

မြင့်နိုင်က ကြင်နာသော လေသံနှင့်အတူ နွယ်မာကို ကြင်နာစွာ ကြည့်နေမိသည်။

"နွယ်——အစ်ကို့ကို တစ်ခု မေးပါရစေ"

ပါးပေါ်မှာ စီးကျလာသော မျက်ရည်များကို နွယ်မာမသုတ်တော့ပါ။

"မေးလေ——မေးပါ"

"အစ်ကို——နွယ်မာ့ကို"

နွယ်မာ ဆက်မပြောဘဲ စကားရပ်သွား၍ မြင့်နိုင်က ခေါင်းညိတ် ပြလိုက်သည်။

"အစ်ကို နွယ်မာကို သူများ အနိုင်မကျင့်နိုင်အောင် လက်ထပ်ခဲ့တာပါ၊ မတရားအနိုင်ကျင့်လာရင် အစ်ကို့မှာ တရားဝင် ကာကွယ်

ဝိုင်ခွင့် ရှိတယ်လေ၊ အစ်ကို လက်ထပ်ထားတာပဲ"

နွယ်မာ ခေါင်းညိတ်ပြသည်။

"ဒါပေမဲ့ အစ်ကို နွယ်မာဆီက အခွင့်အရေး မယူချင်ပါဘူး၊ သန့်သန့်ရှင်းရှင်းကညီမှာ နမလေးတစ်ယောက်လိုပဲ စောင့်ရှောက်မှာပါ"

"ဒါဖြင့် နွယ်မာ သိချင်တာ တစ်ခုရှိတယ် အစ်ကို"

"ပြောပါ—"

"အခု အစ်ကိုပြောတဲ့အတိုင်း ကိုလေးဘငွေတို့ ဒီအိမ်ရှင်ကိုသန်းညွန့်တို့ရော သိလား၊ သူတို့ကိုရော ပြောပြထားသေးလား"

မြင့်နိုင် ခေါင်းယမ်း ပြလိုက်သည်။

"မပြောပါဘူး၊ သူတို့က အစ်ကို့ကို မပြောခင်ကတည်းက အစ်ကိုနဲ့ နွယ်က လက်ထပ်ပြီးအထိ အားလုံးအစီအစဉ် လုပ်ထားပြီးသား ဖြစ်နေကြတယ်လေ။ သူတို့ကို အစ်ကို အပြစ်မတင်ပါဘူး၊ နွယ်မာ ကြုံနေရတဲ့ အခက်အခဲကလည်း ဒီလိုဖြေရှင်းမှ ဖြစ်မယ်လို့ ဆုံးဖြတ်ပြီး အစ်ကိုလည်း သဘောတူလိုက်တာပါ။ သူတို့က အစ်ကို လက်ခံလိုက်တာကို သိပ်ဝမ်းသာ သွားကြတယ်လေ။ ဒီအတိုင်းပဲ ကောင်းပါတယ်၊ နွယ်မာနဲ့ ကျွန်တော် နှစ်ယောက် နားလည်ထားကြရင် ပြီးတာပါပဲ"

"နောက်ထပ် တစ်ခုမေးချင်သေးတယ် အစ်ကို"

နွယ်မာပြောပုံက တောင်းတောင်း ပန်ပန်လေး။

"မေးပါ"

"အစ်ကိုမှာ နှလုံးသားက ခံစားရတဲ့ ချစ်သူရှိပြီးပြီလား"

မြင့်နိုင် ခေါင်းခါယမ်း ပြန်သည်။

"မရှိပါဘူး၊ ကျွန်တော်မှာ အချစ်နဲ့ ပတ်သက်လို့ ခံယူထားတာတော့ရှိတယ်"

နွယ်မာက စူးစမ်းစွာ ကြည့်နေသည်။



"အချစ်ဆိုတာကို ကျွန်တော်က ခပ်ပေါ့ပေါ့ သဘောထားနဲ့ မစဉ်းစားချင်ဘူး၊ နှလုံးသားက သူ့အလိုလိုခံစားပြီး ချစ်တဲ့သူကိုမှ ချစ်သူအဖြစ် အမြတ်တနိုး တန်ဖိုးထားချင်တယ်"

ပြောရတာ အားနာစရာကောင်းသော်လည်း ကိုယ့်သဘောထားနှင့် ခံစားချက်ကို အမှန်အတိုင်း ပြောထားသည်သာ အကောင်းဆုံးဖြစ်မည်ထင်၍ မြင့်နိုင် ပြောလိုက်ခြင်း ဖြစ်ပါသည်။

"နွယ်နားလည်ပါပြီ အစ်ကို နွယ်နဲ့ပတ်သက်လို့ အစ်ကို နှလုံးသားမှာ ဘာမှ မခံစားရဘူး။ အစ်ကို နွယ့်ကို မချစ်ဘူး။ ရပါတယ် အစ်ကို၊ အစ်ကို ဖြစ်ချင်သလိုသာ ပြောပါ"

နွယ်မာ ရှက်ရွံ့ အားငယ်စိတ်ကြောင့် ဝမ်းပန်းတနည်း ငိုကြွေးမိပါသည်။ ကိုယ်ကလေး တသိမ့်သိမ့် ဖြစ်သည်အထိ ရှိုက်၍ရှိုက်၍ နေလေပြီ။

နွယ်မာကို ကြည့်၍ မြင့်နိုင် သနားမိသည်။ ကိုယ့်ကိုယ်ကိုယ်လည်း မကျေနပ်။ ဤမျှအထိ ပြောမိသည်မှာလည်း လွန်သွားပြီဟု နောက်ကျမှ နားလည်လိုက်သည်။

သူ့အက်မှ ဘယ်လိုဖြစ်သွားမည်ကို မစဉ်းစားမိခဲ့။

နွယ်မာက ငိုရှိုက်နေရာမှ မျက်ရည်များကို သုတ်ပစ်လိုက်သည်။

"နွယ့်ကို အကာအကွယ် ပေးနိုင်ဖို့ကူညီတဲ့ အစ်ကို့ကျေးဇူးကို နွယ်ဘယ်တော့မှ မမေ့ဘူး"

နွယ်မာက ရင်ထဲမှာ တကယ်ဖြစ်ပေါ်သည့် အတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

မြင့်နိုင် အပေါ်မှာ ကြည်ညိုလေးစား စိတ်ကြောင့် ဝမ်းနည်းအားငယ်မှုများပင် သက်သာသွားသည်။

နွယ်မာ ကုတင်ပေါ်မှာ ထိုင်ရာမှထလိုက်သည်။ အစ်ကို ကုတင်ပေါ်မှာ အိပ်ပါ။ နွယ်အောက်မှာ အိပ်မယ်။

နွယ်မာ ကုတင်ပေါ်မှ ခေါင်းအုံးတစ်လုံးကို လှမ်းယူလိုက် သည်။

"ဟာ---မဟုတ်တာ ခြင်တွေ ဒီလောက်ကိုက်တာ အိပ်လို့ ဘယ်ရမလဲ၊ နွယ်မာ ကုတင်ပေါ်မှာပဲ ခြင်ထောင်ချပြီး အိပ်ပါ၊ ကျွန်တော်က စာကြည့်စရာတွေ ရှိသေးတယ်"

နွယ်မာ သူ့လက်မှ နာရီလေးကို ကြည့်လိုက်သည်။

"တစ်နာရီခွဲနေပြီ အစ်ကို၊ အစ်ကိုလည်း နွယ့်ကြောင့် စိတ်ပန်းလူပန်းဖြစ်သွားပြီ၊ ဒီနေ့ညတော့ နားလိုက်ပါလား အစ်ကို အစ်ကို ကုတင်ပေါ်မှာပဲ အိပ်လိုက်ပါ..."

မြင့်နိုင် သက်ပြင်းတစ်ချက်ကို နွယ်မာမသိအောင် အသာ ကလေးချမိသည်။ ဝင်ပန်းသည်မှာလည်း အမှန်ဖြစ်သည်။ အိပ်ရ ကုတင်ပေါ်မှာ အားပါးတရ လှဲ၍ အိပ်လိုက်ချင်သည်မှာလည်း မှန် သည်။

မန္တလေး၏ ညသည် ခြင်ထောင် မပါဘဲနှင့်လည်း မည်သူမျှ အိပ်၍ရမည် မဟုတ်။

မည်သို့ လုပ်ရမည်နည်း။

ကိုယ်က ယောကျ်ားလေး အနစ်နာခံစရာရှိလျှင် ကိုယ်သာ အနစ်နာခံသင့်သည်။

"နွယ်မာ ကုတင်ပေါ်မှာပဲအိပ်၊ ကျွန်တော့်ကို စောင်တစ် ထည်နဲ့ ခေါင်းအုံးတစ်လုံးသာပေး"

အမိန့်သံ ပါပါနှင့် ခပ်ပြတ်ပြတ် ပြောလိုက်သည်။

နွယ်မာက မြင့်နိုင်ကို ကြည့်၍ စိတ်မကောင်းဖြစ်မိသည်။

စောင်နှင့် ခေါင်းအုံးကိုလည်း မယူသေး။

တွေတွေလေး စဉ်းစားနေသည်။

ဆုံးဖြတ်ချက် တစ်ခုရသွားသည်။

"ကဲ--- အစ်ကို နွယ်မာ ပြောမယ်၊ အစ်ကိုနဲ့ နွယ်မာ



လက်ထပ်ထားတာပဲ"

"အစ်ကိုသာ အခွင့်အရေးယူချင်တဲ့ စိတ်ရှိရင် ရှင်းပါတယ်၊ အစ်ကိုဟာ နွယ့်ကို ပိုင်ထားတာပဲ"

မြင့်နိုင်က နွယ်မာစကားကို နားထောင်ရင်း နွယ်မာကို ကြည့်နေသည်။

နွယ်မာ မျက်နှာက ပကတိရိုးသားသန့်စင်ကာ ကြည်ကြည် လင်လင် ဖြစ်နေသည်။

"အစ်ကို ရိုးဖြောင့်လို့သာ နွယ်မာကို နှမတစ်ယောက်လို ကူညီစောင့်ရှောက်မယ့်အကြောင်း ပြောနေတာပါ"

"အစ်ကိုဟာ စိတ်ကောင်းရှိတဲ့လူ၊ အစ်ကို့ကို နွယ်မာယုံ တယ်။ လေးလည်း လေးစားတယ်။ နှစ်ယောက်စလုံး ကုတင်ပေါ်မှာပဲ အိပ်ကြတာပေါ့"

နွယ်မာ၏ သတ္တိရှိသော ဆုံးဖြတ်ချက်အတွက် မြင့်နိုင် အံ့အား သင့်သွားသည်။

"ဒီလောက် ခြင်တွေကိုက်နေတာ ဘယ်သူမှ ခြင်ထောင်မပါ ဘဲ မအိပ်သင့်ဘူး။ အစ်ကိုသာ မစောင့်ထိန်းရင် ဒီအခန်းထဲမှာ ဘယ် နေရာအိပ်အိပ် မထူးပါဘူး"

နွယ်မာပြောသည်မှာ သဘာဝကျသည်ဟု မြင့်နိုင်စဉ်းစား မိသည်။

"ဒီ ကုတင်ကလည်း အကျယ်ကြီးပဲ၊ အလယ်မှာ အဆီး အတားတစ်ခုထားပြီး အိပ်ကြတာပေါ့"

နွယ်မာ၏ စဉ်းစားဆင်ခြင်မှုနှင့် သဘောထားကို မြင့်နိုင် လေးစားသွားမိသည်။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်စိတ် ဖြစ်မိသည်။

"ကောင်းပါတယ်၊ နွယ်မာ ပြောတာ ဟုတ်တယ်၊ ကဲ နွယ်မာ ကုတင်ပေါ်တက်"

မြင့်နိုင်က ခြင်ထောင်ကို ဆွဲချပြီး ခြင်မဝင်နိုင်အောင် ခြင်ထောင် အနားများကို မွေ့ရာအောက်မှာ လိုက်သွင်းပေးသည်။

နှယ်မာကတော့ အိပ်ရာခင်းပေါ်မှ စံပယ်ပန်းဖြူဖြူလေးများကို တစ်ပွင့်ချင်းကောက်၍ နှစ်ယောက်၏ အလယ်မှာ စည်းတားသလို ချထားလိုက်သည်။

မြင့်နိုင် ခြင်ထောင်ထဲဝင်တော့ စံပယ်ပန်း အဆီးအတားလေးကိုကြည့်၍ ပြုံးမိသည်။

"အို....."

စံပယ်ပန်းကလေးများနှင့် စည်းခြားနေသော နှယ်မာ၏ ပါးပြင်ပေါ်မှာ မျက်ရည်အဆီးအတားလေးတွေ။

"ငါ သူ့ကို သနားလို့ဆိုပြီး ကူညီကာမှ နှိပ်စက်သလိုများ ဖြစ်နေပြီလား"

မြင့်နိုင် စိတ်မကောင်း။

"အေးလေ----ဒါကလည်း သူ့အပေါ်မှာ မှန်မြတ်တဲ့ စိတ်နဲ့ကူညီတာပါပဲ"

ဖြေသိမ့်မှာ ပြန်တွေးရင်း ကိုယ်ဘက်မှ စံပယ်ပန်းကလေးများကို ကောက်ယူပြီး နှယ်မာ၏ စံပယ်ပန်း စည်းရိုးတန်းလေးမှာ အားဖြည့် ပေးလိုက်သည်။

နှယ်မာက မအိပ်မီ ဒူးကလေးတုပ်၍ ဘုရားရှိခိုးနေသည်။

"ဩော်---- ကံမကောင်းရှာတဲ့ မိန်းကလေး ဘုရားမှာ ဘာဆုတွေများ တောင်းလေမလဲ"

အိပ်ရာပေါ်မှလဲ၍ နှယ်မာကို လှမ်းကြည့်ရင် မြင့်နိုင် တွေးနေမိသည်။

နှယ်မာက ဘုရားရှိခိုးပြီး၍ မြင့်နိုင်ဘက်ကို ဒူးကလေးတုပ်လျက် လှည့်လိုက်သည်။

မြင့်နိုင်ကို ကန်တော့သည်။



မြင့်နိုင် အံ့အားသင့်သွားသည်။

"လက်ထပ်ထားတဲ့ လင်ယောကျ်ားအဖြစ်နဲ့ ကန်တော့တာလား၊ သူ့ကို ကူညီကယ်တင်တဲ့ ကျေးဇူးရှင်အနေနဲ့ ကန်တော့တာလား"

မြင့်နိုင် စဉ်းစားနေသည်။

"အေးလေ.... ဘယ်လိုပဲ ကန်တော့၊ ကန်တော့ ငါသူ့ကို ဆုပေးသင့်တယ်"

သို့သော် ဤသို့ ကန်တော့ခံရခြင်း ဆုပေးဖူးခြင်း မရှိ၍ မည်သို့ ပေးရမှန်းမသိ။

"အို---- ကိုယ်ပေးတတ်သလို ပေးလိုက်ရင်ရတာပဲ"

ဤ မိန်းကလေးအတွက် ပေးသင့်သောဆုကို စဉ်းစားသည်။

"ဒီ လိမ္မာတဲ့ မိန်းကလေးရဲ့ ကံမကောင်းမှုတွေ အားလုံးက လွတ်မြောက်ပြီး ကံကောင်းပါစေ"

မြင့်နိုင် စိတ်ထဲမှာ ဆုပေး နေစဉ်မှာပင် နှယ်မာ စောင်တစ်ထည်ကို ခြုံပြီး တစ်ဘက်သို့ လှည့်၍ အိပ်နေရှာပြီ။

မြင့်နိုင် သူ့ဘေးမှ မီးခလုတ်ကို ပိတ်လိုက်သည်။

တစ်အိမ်လုံး မှောင်မည်းသွားလေပြီ။

စည်းတားထားသည့် စံပယ်ပန်းလေးများကို မထိမိ မခိမိအောင် မြင့်နိုင် တစ်ဖက်သို့ တိုးရွှေ့၍ အိပ်လိုက်သည်။

သို့သော် အိပ်၍ မပျော်။

စံပယ်ပန်းနံ့လေးတွေက မွှေးနေသည်။

နှယ်မာ၏ အသက်ရှူသံလေးကိုလည်း ညင်သာစွာ ကြားနေရသည်။

စံပယ်ပန်းနံ့ မဟုတ်သော နောက်ထပ်ရနံ့ သင်းသင်းလေး တစ်ခု။

"နှယ်မာ လိမ်းထားတဲ့ သနပ်ခါးနံ့၊ အို---သနပ်ခါးတွေက

သူ့ကိုလို ပျက်သွားခဲ့ကြပြီပဲ၊ ဒါဖြင့် သူသုံးတဲ့ရေမွှေး တစ်မျိုးမျိုးရဲ့ အနံ့ ဒါမှမဟုတ် စာတွေထဲ ဖတ်ဖူးသလို ကိုယ်သင်းနံ့ဆိုတာရှိ လေးလား"

မြင့်နိုင်တွေးကြည့် နေမိသည်။

စံပယ်ပန်းနံ့နှင့်အတူ ထူးခြားသော ရနံ့လေး ရခဲ့ဆဲ။

အနံ့ကျင်ဘက် အမျိုးအစားဖြစ်သော မိန်းကလေးများနှင့် မြင့်နိုင် နီးနီးစပ်စပ် တစ်ခါမျှ မနေဖူးခဲ့။

ယခုဟာက ကုတင်တစ်ခုတည်းပေါ်မှ ခြင်ထောင်တစ်ခုတည်း အတွင်းမှာ—

အနံ့ကျင်ဘက် အသွေးအသား၏ နီးစပ်မှုက အဆွဲဓာတ် တစ်မျိုးဖြစ်ပေါ်နေသလို ကြုံတွေ့ခံစားရသည်။

ပြော်—ငါ့အပြစ်ကလည်း မယုံချင်စရာ ပုံပြင်ပမာ—

သို့သော် အိပ်မက် မဟုတ်သော တကယ်အဖြစ်။

ထူးခြားစွာ ကြုံတွေ့နေရသော အခြေအနေကြောင့် ရင်ထဲမှ လှိုင်းအိလေးများ လှုပ်ရှားနေသည်၊

"သူရော ငါလိုပဲ ခံစားနေရလေသလား။ ဒါမှမဟုတ် အိပ် ပျော် သွားရှာပြီလား...."

ဘာသံမျှ မကြားရ လှုပ်ရှားရဲ့လေးမျှပင် မရှိ။

"ငါဆိုးဖြတ်တာဟာ သူ့အတွက် ဝမ်းနည်းကြေကွဲစရာ များ ဖြစ်နေလေမလား။ တကယ်တော့ ငါတို့နှစ်ယောက်ဟာ တရားဝင် လက်ထပ်ထားကြတဲ့ လင်မယား ဖြစ်နေပြီ"

"ငါကိုက ဘာဖြစ်လို့ ဒီလောက်တောင် အကျယ်ချဲ့ပြီး ဟန် ကြီးပန်ကြီး ဖြစ်နေရတာလဲ၊ တို့နှစ်ယောက်ကြားမှာရှိတဲ့ စံပယ်ပန်း ညည်းရိုးလေးက ဘယ်လောက်များ နိုင်မာလို့လဲ—"

ခင်မှုံးမှုံးလေး ရလိုက်သော သက်ပြင်းရှည်လေး တစ်ချက် နှယ်မာဘက်မှ ထွက်ပေါ်လာသည်၊



ပြော်——သူလည်း အိပ်မပျော် ရှာသေးပဲကိုး——

မြင့်နိုင် နှယ်မာဘက်သို့ လှည့်ချင်သော်လည်း မလှုပ်ရှား မိအောင် သတိထားလိုက်သည်။

"သူ့ခများ မလွဲသာ မရှောင်သာလို့ ဘဝနဲ့ရင်းပြီး စွန့်စွန့် စားစား ထွက်လာခဲ့ရှာတာ"

ငါလုပ်ပုံကို မတွေမတန် သဘောထားနဲ့ စိမ်းကားရက်စက် တယ်လို့များ ထင်လေမလား။

"ရှိုက်သံမကြားသော်လည်း တိတ်တိတ်လေး ငိုကြွေး နေရှာ လေမလား"

"ပြည်သူ့တို့၏ မျက်ရည်ကို ငါ၏ လက်ဝဲလက်ဖြင့် သုတ် ပေးပါအံ့..."

ဖတ်ဖူးခဲ့သည့် ရွှေစည်းခုံ မှန်ကျောက်စာထဲမှ ကျန်စစ်သား မင်းကြီး၏ ကရုဏာစကားကို ကြားယောင်မိသည်။

သနားစဖွယ်သော မိန်းကလေး၏ မျက်ရည်ကို သုတ်ပေး ချင်စိတ် ဖြစ်မိသည်။

ညအမှောင်ထဲမှာပင် ဖြူနုသော မျက်နှာလှလှလေးကို မြင် နေရသည်။ ကြည်လင်တောက်ပသော မျက်လုံးလေးများကိုလည်း မြင်လာရပြန်သည်။ အချိုးအဆစ် ပြေပြစ်၍ ကျစ်လစ်သည်။ ပြီး.. နှစ်သက်စဖွယ်ဖြစ်သော ကိုယ်ရနံ့လေးက တွေးမွေ့ချင်စရာ....။

"ငါ...စံပယ်ပန်း ညည်းရိုးလေးကို ချိုးဖျက်ကျော်ဖြတ်ပြီး သူ့ကို တွေးမွေ့လိုက်ရင် သူငြင်းမလား"

ကိုယ့် အတွေးနှင့်ကိုယ် မြင့်နိုင် အာခေါင်တွေ ခြောက်လာ သည်။

ရင်ထဲမှာလည်း လေဖိအားနည်း ရပ်ဝန်းလေးတစ်ခု ဖြစ်

ပေါ်သွားသည်။

"သူ—ငြင်းမှာ မဟုတ်ပါဘူးလေ၊ သူ့ခမျာ အစကတည်းက သူ့ဘဝကို ငါ့ဆီမှာ ပုံအပ်ဖို့ဆုံးဖြတ်ထားခဲ့တာပဲ"

ရင်ထဲမှာ မွန်းလာသည်။

လေဖိအားနည်း ရပ်ဝန်းဒေသသို့ လေပူတွေ စီးဝင်လာပြီ။

နှလုံးခုန်သံတွေ မြန်လာသည်။

ဆက်လက်ပြီး အင်အားကြီးထွားလာလျှင် မုန်တိုင်းတစ်ခု ဖြစ်သွားနိုင်သည်။

ကိုယ့်နှလုံးခုန်သံကို ကိုယ်တိုင် ပြန်ကြားလာရပြီ၊ မိန်းကလေး ကြားမှာကိုပင် စိုးရိမ်နေရပြီ။

"အို—ငါ့နှလုံးသားတွေ လှုပ်ရှားလာကြပြီလား၊ ငါသူ့ကို ချစ်မိပြီလား၊ သူကရော"

သူ ငါ့ကို ချစ်လို့ယူခဲ့တာတော့ မဟုတ်ဘူး။ မုန်းတဲ့လူလည်း မဟုတ်ဘူး၊ မုန်းတဲ့လူကို ယူရမှာ ကြောက်လို့ လက်ထပ်ခဲ့သူ၊ အဲဒါ အချစ်မှ မဟုတ်ဘဲ၊ သူ မုန်းတဲ့ အန္တရာယ်က လွတ်အောင် အားကိုးရာလိုက်တာ"

မြင့်နိုင် သက်ပြင်းတစ်ချက်ကို နွယ်မာ မကြားနိုင်အောင် ဖြည်းဖြည်းသာသာ မှုတ်ထုတ်လိုက်ပါသည်။

"အခု လက်ထပ်တဲ့ အချိန်အထိ ငါနဲ့ပတ်သက်လို့ သူ့နှလုံးသားထဲမှာ ဘာမှရှိခဲ့မှာ မဟုတ်တာကတော့ သေချာတယ်၊ လက်ထပ်တဲ့ အချိန်အထိ သူ့နှလုံးသားမှာ ငါနဲ့ပတ်သက်ပြီး လှုပ်ရှားမှုဖြစ်ဖို့ အချိန်မရခဲ့ပါဘူး"

"သူလည်း ငါ့လိုပါပဲ အခြေအနေအရ အချစ်မပါပဲ



လက်ထပ်ခဲ့ရတာပါ၊ ဒါကို ငါ အသေအချာ သိနေတာပဲ"

စိတ်တည်ငြိမ်မှု ရသွားသည်။

"အို——ဒီနေ့ နှလုံးခုန်မြန်တာတွေ ဘယ်ရောက်သွားပါလိမ့်…"

ကိုယ်ဘာသာပင် ပြန်ပြီး အံ့သြရသည်။

"ဆန့်ကျင်ဘက် မိန်းမချောလေး ဆိုတဲ့ အသိကြောင့် မတူတဲ့ ဓာတ်ချင်းဆွဲဆောင်ရာကနေ ဖြစ်ပေါ်လာတဲ့ လှုပ်ရှားမှုတွေပါလား၊ ဒါကြောင့် မို့လည်း စဉ်းစားကြည့်ရုံနဲ့ နှလုံးခုန်တာတွေ ပုံမှန်အခြေအနေ ပြန်ရောက်သွားကြတာ ဖြစ်မှာပေါ့"

"သူ့ခမျာ သန့်ရှင်းစင်ကြယ်မှုနဲ့ အေးချမ်းစွာ အိပ်ပါစေ"

ရင်ထဲမှာ စေတနာလကလေး ထိန်ထိန်သာခွင့် ရသွားသည်။

စပယ်ပန်း စည်းရိုးလေး မကျိုးမပေါက် နိုင်မာစွာတားဆီးခွင့် ရရှိသွားလေသည်။

+ + + -

## အခန်း (၄)

နှယ်က အိပ်ရာမှ နိုးတော့ ဘေးမှာ အိပ်နေသော ယောကျ်ား လူငယ် တစ်ယောက်။

"အို...ငါ ဘယ်လို၊ ဟင်...ငါ ဘယ်ရောက်နေတာပါလိမ့် ..."

မျက်တရက် ထိတ်ထိတ်ပြာပြာ ဖြစ်သွားသည်။

ကိုယ့်ကိုယ်ကိုယ်လည်း မလုံမလဲ ပြန်ကြည့်မိသည်။

"ငါ အိပ်မက် မက်နေတာလား"

အိပ်ချင်စိတ်က မပြေသေး၊

မျက်လုံးများကို မှိတ်သပ်ပြီး ကြည်ကြည်လင်လင် ဖြစ်အောင် လုပ်ရသည်။

စိတ်အေးအေးထားပြီး စဉ်းစားရသည်၊ တဖြည်းဖြည်း ပြန်မှတ်မိလာသည်။

အိမ်မက်မက်နေခြင်း မဟုတ်၊ အိမ်မက်ဆန်သောအဖြစ်



တစ်ခုကို တကယ်ဖြစ်နေခြင်း ဖြစ်သည်။

အလယ်မှာ တန်းထားသော စံပယ်ပန်းလေးကို လှမ်းကြည့်လိုက်သည်။

ညကနှင့်စာလျှင် အနည်းငယ် နွမ်းဟန်ရှိသော်လည်း မကြွေမူ ပကတိအတိုင်း တည်ရှိနေကြသည်။

တစ်ဖက်သို့ လှည့်စောင်း၍ အိပ်နေသော မြင့်နိုင်ကိုလှမ်းကြည့်ပြီး ကျေးဇူးတင်လေးစားမိသည်။

"တကယ်ကို စိတ်ထားကောင်းတဲ့ ယောကျ်ားကောင်းပဲ" ဟုလည်း လေးစားမိသည်။

သူများကို ပြန်ပြောလျှင်တော့ ဘယ်သူမှ ယုံကြည်မည်မထင်။

လောကကြီးထဲမှာ မယုံနိုင်လောက်အောင် ယုတ်မာသူတွေ ရှိသလို အံ့သြလောက်အောင် မွန်မြတ်သူတွေလည်း ရှိပါသေးလားဆိုသည်ကို နှယ်မာကတော့ ကိုယ်တွေ့ကြုံ၍ ယုံလိုက်ရပြီ။

"ငါက ငါ့ဒုက္ခနဲ့ငါ ကြုံရတဲ့ပြဿနာ၊ သူ့မှာ ဘုန်းကြီးအမှုရှာပတ် ဖြစ်ရတာ"

ဆွမ်းခံရာ ငှက်သင့်ဆိုတာက သွားရင်း၊ လာရင်းဖြစ်ရတာ၊ သူ့မှာတော့ နေရင်းထိုင်ရင်း၊ စာမေးပွဲဖြေဖို့ စာကျက်ရင်း ပြဿနာကို မဆီမဆိုင် ကြုံရတာ။

နှယ်မာ စဉ်းစားရင်း အားနာနေမိသည်။

"သူ့မှာ ညတုန်းကလည်း စိတ်ပန်း လူပန်းနဲ့ ညဉ့်နက်မှ အိပ်ရတယ်"

ညတုန်းက ကိစ္စကို ပြန်စဉ်းစားမိသည်နှင့် ရင်မှာလှိုက်ဖိုရသည်။

သူစိမ်း ယောက်ျားမျိုလေးတစ်ယောက်နှင့် အိပ်ရာဝ
တည်းပေါ်မှာ မြင်ထောင်တစ်ခုတည်း အတွင်းမှာ———

ကာဆီးထားသည်က စံပယ်ပန်းကလေးများ။

ရယ်စရာ အဆီးအတား။

တစ်ချက် လှိမ့်လိုက်ရုံနှင့် ကိုယ့်ဘက်ကို ရောက်လာမ

တစ်အိမ်လုံး ကလည်း မှောင်အတိ။

သူများ စိတ်ထားပြောင်းပြီး ရောက်လာလေမလားဟု
တဖိုဖို အသည်း တထိတ်ထိတ် အိပ်၍လည်း မပျော်....

အိပ်ပျော်မည်ကိုပင် စိုးရွံ့နေမိသည်။

သူ့ဘက်မှ သက်ပြင်းမှုတ်သံကလေး ချသံကြားတော့ လ
ပင် မလှုပ်ဝံ့။

အိပ်မိသည့် အနေအထား အတိုင်းငြိမ်နေရသည်။

တော်သေးသည် သူ့ဘက်ကလည်း ဘာလှုပ်ရှားမှုမှ မရှိ
အကြာကြီး ငြိမ်နေမိရာမှ အိပ်ပျော်သွားခဲ့သည်။

နိုင်မာသော စံပယ်ပန်း အဆီးအတားလေးကိုလှမ်းကြ
လိုက်သည်။

ပန်းပွင့်ကလေးများက ဖြူနွှင်စွာ တောင်းဆိုးပေးနေ
သယောင်...။

သူ့ကို အိပ်ပျော်နေရာမှ မနိုးစေချင်၊
ငြင်သာစွာ လှုပ်ရှားရင်း ကုတင်ပေါ်မှ ဆင်းသည်၊
သူ့အိပ်ရေး ဝအောင် အိပ်ပါစေ။
အိမ်အောက်သို့ ဆင်းခဲ့သည်။
အိမ်အောက်ထပ်မှာ ကိုသန်းညွန့်နှင့် မခင်ရွှေတို့ ရှိနေသည်
မခင်ရွှေက နှယ်မာကို လှမ်းကြည့်သည်။



"နိုးလာပြီးလား"

"ဟုတ်ကဲ့"

သူက ရိုးရိုးကြည့်သည်လား မသိ၊ သို့သော် ကိုယ်စိတ်က
မလုံ....။

"အို... ကိုယ့်မှာ မလုံစရာ ဘာဖြစ်တာမှတ်လို့"

နေသာ ထိုင်သာ ရှိသွားသည်။

သွားတိုက်မျက်နှာသစ်ရင်း ရေပါချိုးလိုက်သည်၊

ကိုယ်ရောစိတ်ပါ လန်းဆန်းသွားသည်၊ အိမ်ပေါ် ပြန်ရောက်
တော့ သူ့အိပ်ရာမှ နိုးလျှင် အဆင့်သင့်ဖြစ်အောင် သွားတိုက်တံမှာ
ဆေးထည့်ပြီး စားပွဲပေါ် တင်ထားလိုက်သည်။

ဘာကြောင့်မှန်း မသိ၊ ဤသို့ လုပ်ပေးရသည်ကို ရင်ထဲမှာ
ကြည်နူးသလို ခံစားရသည်၊

မနေ့များ သူ နိုးလျှင်———

ထဘီ ရင်လျားနှင့် ဖြစ်နေ၍ ရှက်စရာ၊

သူ့အိပ်ရာမှ မနိုးမီ ဖြီးလိမ်း ဝတ်ဆင်ပြီးချင်သည်။

မှန်တင်ခုံရှေ့မှ သနပ်ခါး ကျောက်ပြင်မှာ ထိုင်လိုက်သည်၊

+ + +

## အခန်း (၅)

သနပ်ခါးသွေးသံကြောင့် မြင့်နိုင် အိပ်ရာမှနိုးလာသည်။ အသံကြားရာကို လှည့်ကြည့်လိုက်သည်။

ကြမ်းပြင်ပေါ်မှ ခုံကလေးတစ်ခုံ၌ ထဘီရင်လျားနှင့် သနပ်ခါးသွေးနေသော နွယ်မာ...

ဖြူဝင်းသော အသားအရေနှင့် ပြည့်ဖြိုးတင့်တယ်သော ကိုယ်ခန္ဓာ——

"အို——ငါ ဒီလိုကြည့်နေတာ မိန်းမ ကျသလား။ ဟုတ်တယ် ဘာဖြစ်လို့ ကြည့်နေတာပါလိမ့်"

ညတုန်းက မီးမှိန်နှင့် တစ်ကုတင်တည်းမှာ အိပ်ခဲ့သော မိန်းကလေး...

မြင့်နိုင် ဘေးဘက်ကို လှမ်းကြည့်လိုက်သည်။

ခြေရာ လက်ရာ မပျက်သော စံပယ်ပန်း အဆီးအတား လေး——

"ဟာ——ငါ အနိုးကပ် အတန်းတစ်ခု ကျောင်းသွားရဦး



မှာပါလား..."

မြင့်နိုင် ခုမှ သတိရသည်။

"ငါ ထလိုက်ရင်——"

ထဘီရင်လျားနှင့် သနပ်ခါး လိမ်းနေသော နွယ်မာ ရှက်သွားမှာကို စိုးမိသည်။

မြင့်နိုင် အိပ်ရာထဲမှာပင် မျက်စိမှိတ်ပြီး ဆက်အိပ်နေလိုက်သည်။

"အစ်ကို——အစ်ကို"

"ဟင်——"

"ထတော့လေ နေတောင် အတော်မြင့်နေပြီ"

ခုမှ နိုးဟန်နှင့် မြင့်နိုင် မျက်စိဖွင့်ကြည့်လိုက်သည်။

နွယ်မာက သနပ်ခါးလိမ်းပြီးရုံမက အကျီအဝတ်အစားပင် ဝတ်ပြီးနေပြီ။

"ခြော်——ဟုတ်ကဲ့"

မြင့်နိုင် အိပ်ရာမှ ထလိုက်သည်။

"စားပွဲပေါ်မှာ သွားတိုက်တံ ဆေးထည့်ထားတယ် အစ်ကို..."

စားပွဲပေါ်ကို လှမ်းကြည့်လိုက်တော့ သွားတိုက်ဆေးညှစ်ပြီး အသင့်တင်ထားသော သွားတိုက်တံ။

မြင့်နိုင် စိတ်ထဲမှာ ကြည်ကြည်နူးနူး ဖြစ်မိသည်။

"အင်း.... ဘာလိုလိုနဲ့ ငါ့အဖြစ်က တကယ့်အိမ်ထောင်သည် တစ်ယောက်လို ဖြစ်နေပါရောလား"

မြင့်နိုင် သွားတိုက်တံကို ယူ၍ အိမ်အောက်သို့ ဆင်းခဲ့သည်။

အိမ်အောက်မှာ ကိုသန်းညွှန့်က အပြုံးနှင့် မိတ်ဆက်တော့ ကိုယ်လိပ်ပြာ ကိုယ်မလုံ——

သွားတိုက်၊ ရေချိုးပြီး အိမ်ပေါ် ပြန်တက်ခဲ့သည်။

အိပ်ရာ ခြင်ထောင်အားလုံး သိမ်းထားပြီး စောင်ကလေးများ သေသပ်စွာ ခေါက်လျက်——

"တဘက် အစ်ကို"

နှယ်မာက ရေသုတ်ရန် တဘက် လှမ်းပေးသည်။

မြင့်နိုင် တဘက်လှမ်းယူရင်း သင်းသင်းမွှေးသော သနပ်ခါးရနံ့လေးရလိုက်သည်။

"ဪ——သူဟာ ငါ့ချစ်သူလေးဖြစ်ပြီး နှစ်ယောက်အတူ ဒီလိုနေရတာမျိုးဆိုရင် ဘယ်လောက်ကြည်နူးစရာကောင်းမလဲ"

မြင့်နိုင် အတွေးစားလဲသည်။

အနီးကပ် တက်ရန်အတွက် လိုအပ်သော စာအုပ်များကို လွယ်အိတ်ထဲ ထည့်သည်။

"အစ်ကို ကျောင်းသွားတော့မှာလား"

မေးပုံလေးက သနားစရာ။

"ဟုတ်တယ်"

"ဘယ်အချိန် ပြန်ရောက်မှာလဲ အစ်ကို"

"ညနေ လေးနာရီလောက်မှ ပြန်ရောက်မယ်"

နှယ်မာ မျက်နှာလေး တွေတွေငေးငေး ဖြစ်သွားသည်။

သူ့ ပါးနုနုပေါ်မှာ ညတုန်းကလိုပင် သနပ်ခါး ပါးကွက်ကလေးနှင့်——

မြင့်နိုင်က သူ့အိတ်ထဲမှာ ကျန်သမျှ ငွေများကို အကုန်ထုတ်ပြီး ရေလိုက်သည်။

"ရော့ ကျွန်တော် ပါလာတဲ့ငွေတစ်သိန်းနှစ်သောင်းငါးထောင်



ဒီငါးထောင်တော့ ကျွန်တော်ယူသွားမယ်"

"နောက်နေ့တွေ ကျတော့လည်း ကျွန်တော်ကို နေ့စဉ် ငါးထောင်ပေး"

"နှစ်ယောက်အတူ ကုန်စရာရှိသမျှ နှယ်မာကပဲပေးပေး"

မြင့်နိုင်က သူ့ငွေကိုပါ နှယ်မာထံ အပ်လိုက်သည်။

"ဪ——စနီးကို ငွေအပ်နေသလို ပါပဲလား"

ငွေများကို လက်ခံယူရင်း နှယ်မာရင်ထဲမှာ ခံစားရသည်။

"ကဲ——လာ လမ်းထိပ်က ဆိုင်သွားပြီး တစ်ခုခု စားကြမယ်"

မြင့်နိုင်က လွယ်အိတ်ကိုလွယ်၍ ရှေ့မှ ဆင်းသည်။

ပိုက်ဆံအိတ်လေးကို ယူပြီး နှယ်မာနောက်မှ လိုက်ခဲ့သည်။

"ဟော——ကိုမြင့်နိုင်နဲ့ နှယ်မာတို့ကြ၊ လက်ဖက်ရည်သောက်ရအောင်"

ကိုသန်းညွန့်က စားပွဲတွင် အသင့်စောင့်နေသည်။

စားပွဲပေါ်တွင် ထမင်းကြော်နှင့် အကြော်ပန်းကန်နှင့် ဝယ်ထားဟန် တူသော လက်ဖက်ရည်နှင့်။

"ဟာ–နေပါစေဗျာ၊ ကျွန်တော် ကျောင်းသွားရင်း လမ်းထိပ်က ဆိုင်မှာပဲ ဝင်စားသွားတော့မယ်"

"မဟုတ်တာဗျာ ကိုမြင့်နိုင်ကလည်း ကျွန်တော့် မိန်းမက အားလုံးအဆင့်သင့် လုပ်ထားပြီးသားဗျ"

"ဟုတ်တယ်—— ကိုမြင့်နိုင်ရော၊ နှယ်ရော ဒီမှာပဲ စားရမယ်၊ အဲဒီလိုတော့ မလုပ်ကြနဲ့ ငွေးကဖြင့် ကိုမြင့်နိုင် ကျောင်းမသွားခင် စားရအောင် လုပ်ထားရတာ"

ကိုသန်းညွန့်တို့ လင်မယားမှာ အစစအရာရာ တောမှ ကောင်းလွန်းလှသည်။

မြင့်နိုင် စားရမှာ အားနာသော်လည်း ငြင်းလျှင် ပို၍ အားနာစရာ ဖြစ်နေသောကြောင့် နွယ်မာကို လှည့်ကြည့်ပြီး မနက်စာစားပွဲမှာ ဝင်ထိုင်လိုက်ရသည်။

"နွယ်ရော——ထိုင်လေ"

မခင်ရွှေက နွယ်မာကို မြင့်နိုင်ဘေးမှ ကုလားထိုင်မှာ အထိုင်ခိုင်းလိုက်သည်။

သူတို့ အမြင်နှင့် သူတို့ အထင်မှာတော့ တကယ့် လင်မယား——

မြင့်နိုင်နှင့် နွယ်မာကတော့ ဘေးချင်းယှဉ်၍ ထိုင်ရသော်လည်း စကားဝင် မပြောမိကြ။

မြင့်နိုင်က ကျောင်းနောက်မကျအောင် မြန်မြန်စားပြီး မြန်မြန်သွားရန် ထလိုက်သည်။

"ဟဲ——ကိုသန်းညွန့်နဲ့ မခင်ရွှေ ကျေးဇူးတင်ပါတယ်ဗျာ အတန်းမီအောင် ပြေးလိုက်ဦးမယ်"

အိမ်အပြင် လမ်းပေါ်ရောက်မှ နွယ်မာကို နှုတ်မဆက်ခဲ့မိတာ သတိရသည်။

တစ်မနက်လုံး တစ်ဘာသာပြီး တစ်ဘာသာသင်ရသည်။

နေ့လယ် ထမင်းစားတော့ တက္ကသိုလ်ထဲမှာပင် ကြုံရာမှာ ဝင်စားလိုက်သည်။

ထမင်းစားနေရင်း နွယ်မာကို သတိရလိုက်သေးသည်။

"သူဘယ်မှာ စားမလဲ အေးလေ မခင်ရွှေက အိမ်မှာပဲ ကျွေးမှာပေါ့"



အတွေးကို ဖြတ်လိုက်သည်။

ဆေးကျောင်းသားများ တစ်နှစ်လုံးသင်ရသည်ကို အဝေးသင်ကျောင်းသားများအနီးကပ် တစ်ပတ်မျှနှင့် သင်ရသည်။ စာစဉ်ဖြေစဉ်က လွဲမှား အားနည်းချက်များကိုလည်း ဆရာများမှာ သင်ကြားရင်း ရှင်းပြရသေးသည်။

ထို့ကြောင့် ဤရက်ပိုင်း ဤအချိန်ကလေး အတွင်းမှာ ဆရာရော တပည့်များပါ အပြေးအလွှား အမောတကော ဖြစ်ကြရသည်။

ညနေ ၃နာရီခွဲမှာ အတန်းပြီးသည်။

ခါတိုင်းရက်များတွင် အတန်းတက်ရင်း ခင်မင်သော အပေါင်းအသင်းများနှင့် လက်ဖက်ရည်ဆိုင် ထိုင်ကြသည်။ တစ်နေ့တာ သင်သော စာများကို လက်ဖက်ရည်ဆိုင်မှာ ပြန်ဆွေးနွေးကြသည်။ အရေးကြီးသည့် ကျက်မှတ်စရာများကို ညှိနှိုင်းတိုင်ပင်ကြသည်။

တစ်ခါတစ်ရံတွင် ညစာပါစားပြီးမှ အိမ်ကို ပြန်ဖြစ်ကြသည်။

ဒီနေ့တော့ အတန်းပြီးသည်နှင့် နွယ်မာကို သတိရပြီး အိမ်ပြန်ရန် ပြင်နေမိသည်။

"ဗျို့——သာဝတ္ထိသား ကဗျာဆရာကြီး လက်ဖက်ရည်ဆိုင် သွားမယ်——လာ"

အနီးကပ်တက်ရင်း ခင်မင်ရင်းနှီးရသည့် ပြင်ဦးလွင် ကိုမိုးမြင့်နှင့် အရေပူရမှ ကိုဘသိန်းတို့က လာခေါ်သည်။

မနေ့ညကစပြီး အခြေအနေ ပြောင်းသွားသော မြင့်နိုင် အကြောင်းကို သူတို့မသိ။

မြင့်နိုင် မငြင်းချင်၍ လိုက်သွားသည်။

လက်ဖက်ရည်ဆိုင် ထိုင်နေရသည်ကို ခါတိုင်းကဲ့သို့ ရင်
ခွင့်ရွှင်မဖြစ်၊ စိတ်ထဲမှာ လွတ်လွတ်လပ်လပ်မရှိ။

လက်ဖက်ရည် သောက်ပြီးသည်နှင့် မြန်မြန် ပြန်ချင်

သို့သော် ကိုစိုးမြင့်နှင့် ကိုဘသိန်းတို့က ထုံးစံအတိုင်း စာ
များ ထုတ်နေကြပြီ၊ ယနေ့ သင်သည်များကို ဆွေးနွေးကြဦးမည်

"ဒီနေ့တော့ ကျွန်တော် လူတစ်ယောက်နဲ့ ချိန်းထား
ရှိတယ်ဗျ၊ သွားတော့မယ်"

မြင့်နိုင်က ပြောပြောဆိုဆို မတ်တတ် ထလိုက်သည်။

"ဟာ——ခဲဒီလိုဆို ခင်ဗျား ပြန်တော့မှာလား"

ကိုစိုးမြင့်က မသွားစေချင်သေး။

"ဒီနေ့ ဆရာသင်တဲ့ နံပါတ်(၃) အပုဒ်ကို ကျွန်တော် မရှင်း
လို့ ခင်ဗျား ပေးမလို့"

"စာအုပ်ထဲက အဖြေကို ပြန်ဖတ်ထားလိုက် မနက်ပြန်က
မနက်ကျတော့ ကျွန်တော် ပြန်ရှင်းပြမယ်"

"ဟာ——ကျေးဇူးပဲ"

"ကဲ——ကိုဘသိန်း သွားမယ်"

မြင့်နိုင် အမြန် ထွက်လာခဲ့သည်။

လမ်းမကြီးပေါ်ရောက်တော့ လမ်းလျှောက်သည့် ခြေထောက်
များ အနှုတ်အလှမ်း မြန်နေသည်ကို သတိထားမိသည်။

ကိုယ့်ဘာသာ ရှက်သွား၍ အရှိန် နည်းနည်းပြန်လျှော့
လိုက်သည်။

ရေနီမြောင်းနား ရောက်တော့ ညာဘက်ကို ချိုးကွေ့လိုက်
သည်။



ကိုသန်းညွန့် အိမ်နား နီးလာပြီ။

အိမ်တံခါးဆီသို့ လှမ်းကြည့်လိုက်တော့ ဝင်းပေါက်ဝမှာ ရပ်
စောင့်နေသော နှယ်မာ။

"ပြော——သူ—— မျှော်နေရှာတာကိုး"

လက်မှ နာရီကို မသိမသာ လှမ်းကြည့်လိုက်သည်။ လေးနာရီ
ခွဲ။

"ပြန်လာပြီလား အစ်ကို"

နှုတ်ဆက်သံလေးက ချိုချိုအေးအေး။

မြင့်နိုင် ခေါင်းညိတ်ပြီး ပြုံးပြလိုက်သည်။

စိတ်ထဲမှာ ကြည်နူးခြင်း တစ်မျိုး။

"လွယ်အိတ်ပေးလေ အစ်ကို"

ကမ်းနေသော သူ့လက်ကလေး ရှက်မသွားစေချင်၍ လွယ်
ထားသော အိတ်ကို ဖြုတ်ပေးလိုက်သည်။

သနပ်ခါးကို ညက်နေအောင် လိမ်းထားသည့် နှယ်မာ၏
မျက်နှာလေးမှာ ကြည်ကြည်လင်လင် အေးအေးချမ်းချမ်း ရှိသည်။

ခေါင်းမှာလည်း စံပယ်ပန်းကုံးလေး ပန်ထားသည်။

အိမ်ဝင်းထဲမှာ နှစ်ယောက်အတူ လျှောက်လာခဲ့ကြသည်။

အိမ်ထဲကို ရောက်တော့ ကိုသန်းညွန့်ကို မတွေ့ရ။ အလုပ်
မှ ပြန်မရောက်သေး။

မခင်ရွှေးကတော့ မီးဖိုချောင် ဝင်နေသည်။

မြင့်နိုင်နှင့် နှယ်မာတို့ အိမ်ပေါ်ထပ်သို့ တက်ခဲ့ကြသည်။

"ပင်ပန်းလား အစ်ကို"

အကြင်နာ မေးခွန်းလေး။

နှယ်မာက သူ့ရင်မှာ ပွေ့ထားသော လွယ်အိတ်ကို ။
ပေါ် တင်ပေးလိုက်သည်။

"အကျီချွတ်လိုက်ပါလား အစ်ကို ချွေးတွေနဲ့"

"ဟုတ်တယ် ချွေးတွေနဲ့ဟု ပြောပြီး မြင့်နိုင် အပေါ် ...ကို ချွတ်လိုက်သည်။

ရှပ်ကျယ်အင်္ကျီနှင့် နေရတာ သက်သာသည်။

အိမ်မှာဆို နေနေကျ။

လွယ်အိတ်ထဲမှ စာအုပ်များကို ထုတ်လိုက်သည်။ စား...မှာ နေသားတကျ ပြန်ထားလိုက်သည်။

"ဒီနေ့ညတော့ စာကျက်မှ ဖြစ်မယ်"

စာအုပ်များကို ကြည့်ရင်း၊ မနေ့ညက စာမကျက်လိုက်...အချိန်တွေ အများကြီး ကုန်သွားသည်ကို သတိရနေသည်။

"ခဏနားပြီးတော့ ရေချိုးလိုက်ပါလား အစ်ကို လန်းသွား...အောင်"

အရွယ်ရောက်တဲ့ မိန်းကလေးတွေဟာ အိမ်ရှင်မ ပညာရေ...အလိုလို တတ်နေတာလား။

မြင့်နိုင် အံ့ဩနေမိသည်။

"နှယ်မာ မနက်က ထမင်း ဘယ်မှာစားလဲ"

ကိုယ်ဘက်က အမေးစကား။

"မခင်ဌေးက အိမ်မှာပဲ စားရမယ်ဆိုပြီး အတင်းကျွေးတယ်...အစ်ကို၊ နှယ်ကလည်း သူ့နဲ့အတူ ဈေးလိုက်သွားပြီး သူ့ကို ကူချက်...ပေးပါတယ်။ ညနေစာလည်း နှစ်ယောက်လုံး အိမ်မှာပဲ စားရမယ်တဲ့"

"ဟာ——အားနာစရာကြီး၊ တစ်ယောက်တည်းတုန်းက...ပေါင် မစားပဲနဲ့"



"နှယ်မာ ပြောပါတယ်အစ်ကို၊ နှယ်တို့ အပြင်မှာပဲ ဝယ်စားပါရစေလို့"

"သူက ဘာလို့ဝယ်စားရမလဲ ဒီအိမ်မှာပဲ စားရမယ်၊ ဘာမှ အားနာစရာမရှိဘူး။ ကိုသန်းညွန့်က အိမ်မှာပဲချက်ဖို့ မှာထားခဲ့တယ်တဲ့"

သူတို့အပေါ်မှာ သိပ်ကောင်းလွန်းကြသည့် အိမ်ရှင် ကိုသန်းညွန့်တို့ လင်မယားကို မြင့်နိုင် အားလည်းနာသည် ကျေးဇူးလည်း တင်သည်။

"ဒါဖြင့်လည်း ထမင်းဖိုး ငွေငါးသောင်းလောက် ပေးထားရင် ကောင်းမယ် ထင်တယ်"

"နှယ်ပေးပါတယ် အစ်ကို၊ သူက လုံးဝ မယူဘူး၊ နှယ်အတင်းပေးတယ် မရဘူး။ သူကငြင်းတယ်။ ဒါနဲ့ နှယ် သူ့နဲ့အတူ ဈေးလိုက်သွားပြီး တချို့ ဟင်းချက်စရာတွေကို နှယ်ပိုက်ဆံနဲ့ ဝယ်တယ်။ အဲဒါလည်း သူက မလုပ်ရဘူးတဲ့ အတင်းပြန်ပေးတယ်"

နှယ်မာ လုပ်တာ တာဝန်ကျေသည်ဟု မြင့်နိုင် နားလည်လိုက်သည်။

မြင့်နိုင် တစ်နေ့လုံး ထိုင်လာရ၍ ကုတင်ပေါ်မှာ ခဏလောက်တော့ ကျောခင်းလိုက်ချင်သည်။ သို့သော် နှယ်မာရှိနေ၍ စိတ်က မလွတ်လပ်။

"အစ်ကို ကုတင်ပေါ်မှာ ခဏလှဲပြီး နားလိုက်ပါလား၊ နှယ် အောက်ဆင်းပြီး မမဌေးကို ကူလိုက်ဦးမယ်"

ပြောပြောဆိုဆိုပင် နှယ်မာ အောက်သို့ဆင်းသွားသည်။

မြင့်နိုင် သိပ်ကို အံ့ဩမိသည်။

"ဒီ မိန်းကလေး ငါစိတ်ကူးတာကို ဘယ်လိုလုပ်သိလဲ။

ငါ့မျက်လုံးက ကုတင်ကို လှမ်းကြည့်လိုက်တော့ မြင်လို့ နားလည် သွားတာလား။ ဒါဆိုရင်လည်း တော်တော် အကင်းပါးပြီး အလိုက် သိတဲ့ မိန်းကလေးပဲ"

တစ်နေ့လုံး ပင်ပန်းထားသည်များ သက်သာသွားသလို ခံစား ရသည်။ အသက်ဝဝ ရှူသွင်းလိုက်သည်။

ညက ရသောရနံ့လေး သင်းပျံ့ပျံ့ကိုရသည်။

အိပ်ရာပေါ်မှာ စပယ်ပန်း လုံးဝမရှိ။ သူ့ ကိုယ်သင်းရနံ့လေး ဖြစ်မည်မှာ သေချာသွားသည်။

မြင့်နိုင် မျက်စိမှိတ်ပြီး ခဏ နားနေသည်။

သူ့ မျက်နှာလေး သူ့ပုံလေးက မှိတ်ထားသော မျက်စိထဲမှာ ပေါ်လာသည်။

"ခြသော်——ဒီနေ့ညလည်း သူနဲ့အတူ ဒီကုတင်ကြီးပေါ်မှာ အိပ်ရဦးမည်"

မြင့်နိုင် တစ်ဘက်ခြမ်းသို့ လှမ်းကြည့်လိုက်သည်။

ညတုန်းက သူအိပ်သော နေရာလေးနှင့် သူ အုံးခဲ့သော ခေါင်းအုံး။

စိတ်ထဲမှာ ဆန်းဆန်းပြားပြားတွေ ဝင်လာမည် စိုး၍ မြင့်နိုင် အိပ်ရာမှ ထ လိုက်သည်။

ရေချိုးရန် အောက်ထပ်သို့ ဆင်းခဲ့သည်။

မခင်ရွှေနှင့် နွယ်မာ မီးဖိုထဲမှာ ချက်ပြုတ် နေကြသည်။

"ကဲပါ နွယ်ရယ် ဒီမှာ လာရှုပ်မနေပါနဲ့၊ ဟိုမှာရေချိုးတာ ကို သွားလုပ်ပေးလိုက်ပါ"

မခင်ရွှေက တိုးတိုးလေးပြောခြင်း ဖြစ်သော်လည်း မြင့်နိုင်



ကြားလိုက်ရပါသည်။

နွယ်မာ ဘာပြန်ပြောသည်ကို မကြားရ၊ မခင်ရွှေ၏ ရယ်သံ ကို ကြားရသည်။

မြင့်နိုင် ရေချိုးပြီးချိန်မှာပင် ကိုသန်းညွန့်လည်း ပြန်ရောက် လာသည်။

မြင့်နိုင် အိမ်ပေါ်တက်ခဲ့သော နွယ်မာနောက်မှလိုက်လာ သည်။

"ရော ... အစ်ကို"

တဘက် ယူပေးသည်။

"ငါ့ အဖြစ်ကလည်း မိန်းမ ရနေသလို ပါလား"

ဟု စဉ်းစားမိပြီးမှ တကယ်လည်း မိန်းမရနေသည်ကို သတိ ရလာသည်။

"အေးလေ.... သူဟာ ငါနဲ့ လက်ထပ်ထားတဲ့ မိန်းကလေးပဲ"

မြင့်နိုင် အဝတ်အစားလဲပြီး စာကြည့်စားပွဲမှာ ထိုင်လိုက် သည်။

နွယ်မာ အောက်သို့ ပြန်ဆင်းသွားသည်။

ရသည့် အချိန်လေးမှာ မြင့်နိုင် စာကြည့်သည်။

မဆိုးပါ စိတ်ဝင်စားစွာ စာကြည့်၍ရသည်။

ကိုသန်းညွန့် ရေချိုးနေစဉ်မှာ နာရီဝက်ခန့် ကောင်းကောင်း ကြည့်ခွင့်ရသည်။

"အစ်ကို——ထမင်းစား ရအောင်"

နွယ်မာ လာခေါ်၍ စာကြည့်ရပ်ပြီး အောက်ထပ်သို့ ဆင်းခဲ့ သည်။

"လာ——ကိုမြင့်နိုင်"

ကိုသန်းညွန့်က ထမင်းစားပွဲမှ ကြိုဆိုလျက်။

"ခင်ဗျားတို့ လင်မယားကို သိပ်အားနာတို့ ကောင်းမြို ဗျာ"

"အမှိုက်မယ် မရှိတာဗျာ ဘာလို့ အားနာရမှာလဲ"

ကိုသန်းညွန့်က မြင့်နိုင် ပန်းကန်ထဲသို့ ထမင်းထည့်ပေးသည်။

"ကျွန်တော် တစ်ခုတော့ တောင်းပန်ချင်တယ်ဗျာ၊ ကျွန်တော်တို့ကို အားမနာစေချင်ရင် ထမင်းဖိုး ငါးသောင်းတော့ လက်ခံဗျာ..."

ကိုသန်းညွန့်က ရယ်သည်။

"လုပ်မနေစမ်းပါနဲ့ဗျာ၊ ထမင်းဖိုး ပေးစရာလည်း မလိုဘူး။ အားနာစရာလည်း မလိုဘူး။ ကျွန်တော်တို့ လင်မယားက ခင်ဗျားတို့နှစ်ယောက်ကိုကြည့်ပြီး လိုက်ဖက်ညီလွန်းလို့ သိပ်ဝမ်းသာနေကြတာဗျ။ ခင်ဗျားတို့ကြောင့် ကျွန်တော်တို့အိမ်လည်း သိပ်ကို မင်္ဂလာရှိသွားတာ"

"စားစမ်းပါဗျာ၊ ပျော်ပျော်နေ၊ လွတ်လွတ်လပ်လပ်နေ ကျွန်တော်တို့ လင်မယားမှာ ကလေးလည်းရှိတာမဟုတ်ဘူး။ အခု ခင်ဗျားတို့ လင်မယားကိုကြည့်ပြီး ကျွန်တော်တို့လည်း အသစ်ပြန်ဖြစ်နေရတာ"

"အို——ကိုသန်းကလဲ"

ကိုသန်းညွန့် သဘောကျစွာရယ်သည်။

မြင့်နိုင် မရယ်နိုင်——

ကိုယ့်ကိုကြည့်ပြီး သူတို့က အသစ် ဖြစ်သော်လည်း ကိုယ့်



အဖြစ်က သူတို့ထင်သလို မဟုတ်။

နွယ်မာလည်း မရယ်။

သူလည်း စဉ်းစား နေလိမ့်မည်။

"နွယ်——စား၊ ဘာမှ အားမနာနဲ့ မမငွေက နွယ့်ကိုကြည့်ပြီး ညီမလေးလို ချစ်တာ၊ ပြန်သွားမယ့် ရက်တောင်မတွေးချင်ဘူး"

မခင်ငွေက နွယ်မာ့ပန်းကန်ထဲသို့ ဟင်းများ ထည့်ပေးသည်။

နွယ်မှာ ပိုက်ဆံပေးသည့် အကြောင်းများကိုလည်း သူ့ယောက်ျားကို ပြန်ပြောပြနေသည်။

"နောက်တစ်ခါ ပိုက်ဆံပေးဖို့လည်း လုပ်မနေနဲ့ ကျွန်တော်တို့ လင်မယားကို အားနာစကားလဲ မပြောနဲ့ ကိုမြင့်နိုင်ရော၊ နွယ်မာရော ကျွန်တော်တို့ကို ပြန်ကျွေးချင်ရင် သာဝဏ္ဏီကို ကျွန်တော်တို့ ဟန်းနီးမွန်းထွက်ခဲ့မယ်၊ အဲဒီကျမှတော့ ပြန်ကျွေး"

ကိုသန်းညွန့်က သူ့စကားသူ သဘောကျပြီး ရယ်ဖြစ်သည်။

မခင်ငွေကလည်း ပြုံးသည်။

"ဟုတ်တယ်——ကိုသန်း၊ နွယ်မာ့ကို ငွေလွှမ်းရင် သွားလည်ရအောင်နော်——"

မခင်ငွေက အတွေးနှင့် ပျော်နေသည်။

မြင့်နိုင်နှင့်နွယ်မာက လာခဲ့ကြပါဟု နှုတ်မှမထွက်။ နောင်ရေး အခြေအနေကို ဘာမျှ မတွေးရသေး။

သို့သော် ပျော်နေသော လင်မယားကို အားနာ၍ ပြုံးရုံလောက်တော့ ပြုံးပြလိုက်ကြရသည်။

\+ + +

# အခန်း (၆)

ထမင်းစားပြီးသည်နှင့် မြင့်နိုင် အိမ်ပေါ်တက်ပြီး စာကြည့်စားပွဲမှာ ထိုင်သည်၊ စာကြည့်သည်၊

နွယ်မာကတော့ မခင်ရွှေကို ကူပြီး သိမ်းဆည်း ဆေးကြောပေးနေသည်၊

မြင့်နိုင် စာကြည့်ရသည်မှာ စိတ်ဝင်စားသည်။ မနေ့ညကလို မဟုတ်၊ ကြည့်သမျှလည်း မှတ်မိသည်။ သို့သော် အနှောင့်အယှက်တစ်ခုတော့ ရှိသည်။

စားပွဲအောက်မှာ ချထားသော ခြေထောက်ကို ခြင်ဝိုင်းကိုက်၍ ယားပြီး ပွစိနေသည်။

မန္တလေးမြို့မှာက ခြင် သိပ်များသည်။

ခြင်ကို ခြောက်နေလျှင်လည်း စာထဲကို စိတ်မရောက်။ စာထဲကို စိတ်ရောက်နေလျှင်လည်း ခြင်မခြောက်နိုင်၊ ယားပွစိသော ဝေဒနာက ပြင်းထန်စွာ ခံစားရပြန်သည်။

ခဏကြာတော့ အိမ်ပေါ်တက်လာသော ခြေသံကို ကြားရ



သည်။

နွယ်မာ ခြေသံမှန်း သိနေပြီ။

စိမ်းရွှေရွှ နူးရှရှရနံ့ တစ်မျိုးကိုလည်း ရသည်။

မြင့်နိုင် စားပွဲအောက်၌ နွယ်မာက မီးညှိထားသော ခြင်ဆေးခွေတွေကို ချပေးသည်။

ပိုသော ခြင်ဆေးခွေထုတ်ကို မြင့်နိုင်၏ စားပွဲပေါ်မှာ တင်ထားပေးသည်။

အို——ဒီ မိန်းကလေးဟာ ငါလိုတာတွေ အကုန်သိနေတာပဲလား။

ထပ်ဆင့်အံ့သြခြင်းနှင့်အတူ ကျေနပ်မှု တစ်မျိုးကို ခံစားရပြန်သည်။

ခြင်မကိုက်တော့၍ မြင့်နိုင် စာကြည့်ရတာ အဆင်ပြေသွားသည်။

နွယ်ကတော့ ကုတင်ပေါ်မှာ ထိုင်၍ စာအုပ်အငှားဆိုင်မှ ငှား လာဟန်တူသော မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေသည်။

သူ့ ခြေထောက်များကို ခြင်မကိုက်အောင် စောင်နှင့် ဖုံးထားသည်။

"ခြင်ထောင်ချပြီး စောစောအိပ်ပါလား။ ဘာလို့ ခြင်ကိုက်ခံနေရတာလဲ"

မြင့်နိုင်က နွယ်မာကို လှမ်းပြောလိုက်သည်။

"မအိပ်ချင်သေးဘူး အစ်ကို၊ နွယ်မာလည်း စာဖတ်ဦးမယ်"

ပြောပုံက အေးအေး ဆေးဆေး။

ယနေ့ည မြင့်နိုင်အတွက် စာကြည့်၍ ခရီးတွင်လှသည်။

တစ်အုပ်ပြီးတစ်အုပ်၊ တစ်ဘာသာပြီး တစ်ဘာသာ၊

နွယ်မာကလည်း မအိပ်သေး၊ မဂ္ဂဇင်းထဲမှ ကဗျာများ တစ်ပုဒ်ပြီး တစ်ပုဒ် ကဗျာကုန်သွားတော့ ဝတ္ထုကို တစ်ပုဒ်ပြီးတစ်ပုဒ်

ည ၉ နာရီထိုးတော့ မြင့်နိုင် စာကြည့်စားပွဲမှ ထလိုက်သည်

ထုံးစံအတိုင်း လက်ဖက်ရည်တစ်ခွက် သောက်ချင်သည်

သောက်နေကျ လက်ဖက်ရည်ဆိုင်သို့ သွားမည်၊

အပေါ်အင်္ကျီ ဝတ်လိုက်သည်။

"ဘယ်သွားမလို့လဲ အစ်ကို"

နွယ်မာ စာဖတ်နေရာမှ လှမ်းမေးသည်။

"လက်ဖက်ရည် သွားသောက်မလို့"

"နွယ်ရော လိုက်လို့ရမလား အစ်ကို"

မေးပုံလေးက မဝံ့မရဲ။

"ရပါတယ် လိုက်ခဲ့"

မိဘနှင့် အပြင်လိုက်ခွင့်ရသော ကလေးနှယ် နွယ်မာပျော် သွားသည်။

"ကိုသန်းညွန့် လက်ဖက်ရည်သောက် လိုက်ဦးမလားဗျို့" အောက်ထပ် ရောက်တော့ မြင့်နိုင်က ကိုသန်းညွန့်ကို လှမ်းခေါ်သည်။

"ဟာ---မလိုက်ပါဘူးဗျာ၊ ကိုမြင့်နိုင်မှာ အဖော်ပါသားပဲ၊ ကျွန်တော်က ရှုပ်နေမှာပေါ့"

နွယ်မာနှင့် မြင့်နိုင်တို့ လမ်းထိပ်မှာ တခံပင် ဆိုင်ကလေး သို့ ထွက်ခဲ့ကြသည်၊

ဆိုင်ရောက်တော့ အစွန်ကျသည့် တခံပင်လေးအောက်မှ စားပွဲမှာ ထိုင်သည်။



"လက်ဖက်ရည် နှစ်ခွက်တစ်ခွက်က ကျကျ"

မြင့်နိုင် မအိပ်ချင်အောင် သူ့အတွက် ကျကျမှာသည်၊

"နှစ်ခွက်စလုံး ကျကျလုပ်ပါ"

နွယ်မာက ပြင်ပြီးမှာသည်၊

သူလည်း မအိပ်ချင်အောင် ရည်ရွယ်ဟန် တူသည်၊

"အစ်ကို မုန့်စားပါလား"

"မစားချင်ဘူး၊ နွယ်မာ စားချင်စား"

"ဟင့်အင်း၊ နွယ်လည်း မစားချင်ဘူး"

ဆိုင်ထဲမှာ ကက်ဆက်က ခမေလာ၏ သီချင်းကိုဖွင့်ထား သည်။

"အချစ်မိုး ဘယ်တော့ ရွာမှာလဲ"

"မိုးစက်ရဲ့ မေတ္တာတွေ မျှော်နေတဲ့

ပန်းတွေဟာ---- မိုးမသနားလို့ မိုး

မရွာရင်---ရှင်စရာလမ်း မမြင်ဘူး---

အချစ်မိုး ဘယ်တော့ရွာမှာလဲ---"

ဤဆိုင်မှာ တိုက်တိုက်ဆိုင်ဆိုင် သီချင်းတွေချည်း ကြားနေ ရသည်။

"သီချင်းရဲ့ အဓိပ္ပာယ်က ငါ့ကို ရည်ရွယ်နေသလိုပဲ"

မြင့်နိုင် စိတ်ထဲမှာ မလုံမလဲဖြစ်၍ နွယ်မာကို လှမ်းကြည့် လိုက်သည်။

နွယ်မာ့ ခေါင်းငုံ့နေသည်၊

သူနားထောင် နေသလား။ အို---နားမထောင်လည်း ကြားနေရမှာပါပဲလေ၊

လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးကောင်လေးက လက်ဖက်ရ
ကျကျ နှစ်ခွက် လာချပေးသည်။

မြင့်နိုင် လက်ဖက်ရည်ခွက်ကို ကောက်သောက်လိုက်သ

---ခိုရုံလေး ရှာချင်ရှာ---

ဝေဒနာတွေကို ဆေးကြောပေးပါ---

ရက်စက်ပါနဲ့ မိုး---"

သီချင်းသံက ဆက်ကြားနေရသည်။

မြင့်နိုင် စိတ်ထဲမှာ ဆိုနေသူကို သနားသလိုလို နှယ်မာ
သနား သလိုလို---

နှယ်မာကတော့ သူ့လက်ဖက်ရည်ခွက်ကို သူ့ဘာသာ
သောက်နေသည်။

"ဟော့---ကဗျာဆရာကြီး"

မြင်ဦးလွင်မြို့မှ ကိုစိုးမြင့်ကြီးနှင့် အမရပူရမှ ကိုဘသိန်းတို့
ရောက်လာကြသည်။

"ဟာ---လာကြ---လာကြ"

မြင့်နိုင် ဝမ်းသာအားရ ခေါ်ပြီး လက်ဖက်ရည် နှစ်ခွက်ထပ်
မှာ လိုက်သည်။

လက်ဖက်ရည်သောက်ရင်း စာအကြောင်း စာပေပွဲအကြောင်း
ပြောဖြစ်ကြသည်။

ကိုစိုးမြင့် နားမလည်ဘူးဆိုသော နံပါတ်(၃)အပုဒ်ကိုလည်း
ရှင်းပြလိုက်သည်။ နားရိပ်ဝက်လောက် ကြသွားသည်။

၉ နာရီခွဲဆိုင်မှ ထပြန်ဖြစ်ကြသည်။ အားလုံးအတွက် ကျ
သင့်ငွေကို နှယ်မာက ရှင်းလိုက်သည်။



ပြန်လာသည်အထိ ကိုစိုးမြင့်နှင့် ကိုဘသိန်းကို နှယ်မာနှင့်
မိတ်ဆက်မပေး။

အပြန်မှာ နှယ်မာနှင့်အတူ လျှောက်လာကြစဉ် မျက်နှာချင်း
ဆိုင်လာ၍ ရှောင်သွားသူ သုံးယောက်အနက်မှ တစ်ယောက်က
ကောင်းချီး ပေးသွားသည်။

"တွေ့လား သူများ သားသမီးတွေများ ဘယ်လောက်ပြေ
လည်လဲ ကြည်နူးစရာ ကောင်းလိုက်တာ"

မြင့်နိုင်နှင့် နှယ်မာကြားသော်လည်း မကြားသကဲ့သို့ ဆက်
လျှောက်ခဲ့ကြသည်။

ကိုယ့်ဝမ်းနာ ကိုယ်သာ သိကြသည်။

အိမ်အဝင် တံခါးနားရောက်တော့ သစ်ပင်ရိပ်ကျ၍ မီးရောင်
များ မရောက်သောကြောင့် မှောင်နေသည်။ မြင့်နိုင် ဝင်းတံခါး ပြန်
ပိတ်သည်ကို နှယ်မာက စောင့်ရပ်၍ ကူညီသည်။

နှယ်မာ၏ ခေါင်းပေါ်မှ စံပယ်ပန်းကုံးလေးက သင်းသင်း
မွှေးနေသည်။

မြင့်နိုင် စိတ်ထဲမှာ မနေ့ညက အိပ်ရာကုတင်ကို ပြန်ပြီး
သတိရမိသည်။

အိမ်ပြန်ရောက်တော့ မြင့်နိုင် စာဆက်ကြည့်သည်။

ခြင်ဆေးခွေ ကုန်နေပြီမို့ နှယ်မာက အသစ်တစ်ခွေထုတ်ပြီး
မီးညှိပေးသည်။ ပြီးတော့ ကုတင်ပေါ်မှာ ထိုင်၍မဂ္ဂဇင်းဆက်ဖတ်နေ
သည်။

မြင့်နိုင် နားလည်လိုက်ပါပြီ။

သူမအိပ်မချင်း နှယ်မာ အိပ်မည် မဟုတ်။

အဖော်ကောင်းလေး တစ်ယောက်ရသည်ဟု သဘောရ… လိုက်သည်။

၁၁ နာရီ ထိုးသည်နှင့် မြင့်နိုင် စာအုပ်များကို လိုက်သိမ်း…

"ကဲ——အိပ်ကြစို့"

နွယ်မာက သူ့လက်မှ မဂ္ဂဇင်းကို ချလိုက်သည်။

ပထမညက အတိုင်းပင် မြင့်နိုင်ခြင်ထောင်ချပြီး ခြင်မ… အောင် ခြင်ထောင်အနားများကို မွေ့ရာအောက်လိုက်သွင်းသည်။

နွယ်မာ ဒူးကလေးတုပ်၍ ဘုရားကန်တော့နေပြီ။

မြင့်နိုင် ခြင်ထောင်အတွင်းဝင်ပြီး သူ့ဘက်အခြမ်းမှာ လှဲအိ… နေလိုက်သည်။

ယနေ့ညတော့ အိမ်ရှင်မ မခင်ရွှေက မင်္ဂလာဦးညမဟုတ်၍ ကုတင်ပေါ်မှာ စံပယ်ပန်းလေးများ ကြဲမထားတော့ပါ။

နွယ်မာ ဘုရားကန်တော့ပြီး မြင့်နိုင်ကို ကန်တော့သည်။

"သူ့ဘဝလေး ကံကောင်းပါစေ——"

ပထမညလိုပင် မြင့်နိုင် စိတ်ထဲမှာ ဆုပေးလိုက်သည်။

နွယ်မာက မြင့်နိုင်ဘက်သို့ စောင်တစ်ထည်ပေး၍ သူ့အတွက် စောင်တစ်ထည် ယူလိုက်သည်။

"ဒီနေ့ညတော့ စံပယ်ပန်းလေးတွေ မရှိတော့ဘူး အဆီးအတားဘာနဲ့ လုပ်မလဲ"

မြင့်နိုင်က နွယ်မာ့ကို လှမ်းမေးလိုက်သည်။

"ရှိပါတယ်..."

နွယ်မာက သူ့ခေါင်းမှ စံပယ်ပန်းကုံးလေးကို ဖြုတ်လိုက်သည်။



"လုပ်မနေပါနဲ့ နွယ်မာရယ်...မထူးပါဘူး။ တကယ် အရေးကြီးတာက စိတ်ပါ"

"ဟုတ်ပါတယ် အစ်ကို၊ ဒါပေမဲ့ အဲဒီစိတ်ကို အဟန့်အတားလေး လုပ်ပေးတာပါ အစ်ကို"

နွယ်မာက စံပယ်ပန်းလေးကို နှစ်ယောက်ကြားမှာ တန်းတန်းလေးထား၍ စည်းခြားနေသည်။

တကယ်ကို လုံခြုံသည့် စည်းရိုးလေးတစ်ခု ကာဆီးနေသည့်နယ်——။

နွယ်မာ လုပ်နေပုံကို မြင့်နိုင် ပြက်ရယ်ပြုချင်စိတ် ဖြစ်လာမိသည်။

"တကယ်လို့ အစ်ကိုက အဲဒီ စံပယ်ကုံးလေးကို ကျော်လာမယ်ဆိုရင်ရော"

ကိုယ်ဘာသာ သတိမထားမိဘဲ ပထမဆုံးအကြိမ်အဖြစ် အစ်ကိုဟု မြင့်နိုင် သုံးလိုက်သည်။

"ရှင်——"

နွယ်မာ တုန်လှုပ်သွားသည်။

မြင့်နိုင်က နွယ်မာကို လှမ်းကြည့်လိုက်သည်။

"အစ်ကို အဲဒီလိုလုပ်မှာ မဟုတ်ဘူးဆိုတာ နွယ်မာ သိပါတယ်"

နွယ်မာပြောပုံက တည်ငြိမ်သည်။

"တကယ်လို့ ကျော်မယ် ဆိုရင်ရော"

မြင့်နိုင် ထပ်ပြီး စူးစမ်းကြည့်သည်။

"အဲဒီလို ဆိုရင်တော့ မကျော်ဖို့ အစ်ကို့ကို နွယ်မာ တောင်းပန်မှာပေါ့"

နွယ်မှာ မျက်နှာရော ပြောပုံပါ တည်ကြည်လေးနက်

အပြည့်နှင့်---

"ဘာဖြစ်လို့လဲ---"

နွယ်မာက ကျုံ့ကျုံ့လေး ခုံတုံးထိုင်လျက်မှ မြင့်နိုင်ကို လှ

ကြည့်လိုက်သည်။

"အချစ်နဲ့ ပတ်သက်လို့ မနေ့ကပြောတဲ့ အစ်ကို ခံယူချ

ကို နွယ်သိပ်သဘောကျတယ်"

"အစ်ကို ပြောတာ မှန်တယ်----"

"ကိုလေးဘရွှေတို့ မမထားတို့ အစီအစဉ်နဲ့ နွယ့်ကို အစ်ကို

ဆီပို့ပေးကြတော့ နွယ့်စိတ်ထဲမှာ ကြုံရမယ့် ဒုက္ခကလွတ်ချင်တာ

ရှိတယ်---"

"တခြားဟာတွေ ဘာမှ အလေးအနက် မစဉ်းစားမိဘူး"

"တကယ်တော့ နွယ် တစ်ကိုယ်ကောင်း ဆန်တာပါအစ်ကို

ကိုယ့်ဒုက္ခက လွတ်ဖို့အတွက် သူများဒုက္ခဖြစ်မှာကို ထည့်မစဉ်းစား

ဘူး"

"ဟာ---မဟုတ်တာ နွယ်မာရယ်၊ အခု အစ်ကို့မှာ ဘာဒုက္ခ

မှ မဖြစ်ပါဘူး"

မြင့်နိုင်က စကားကို ဖြတ်ပြော၍ နွယ်မာက လက်ကာလေး

ကာလိုက်သည်။

"နွယ် ပြောဦးမယ် အစ်ကို၊ အစ်ကို့ သဘောထားကို နား

လည်ပါတယ်။ နွယ် ဆက်ပြောဦးမယ်"

"ကဲ---ပြော---ပြော"

"နွယ် အစက ထင်တာက ဒီရောက်လို့ အစ်ကိုနဲ့တွေ့ရင်

အစ်ကိုလည်း ခပ်လွယ်လွယ် သဘောထားနဲ့ နွယ့်ကို လက်ထပ်မယ်



လက်ထပ်ပြီးရင် အိမ်ထောင်တစ်ခု ဖြစ်သွားလိမ့်မယ်လို့ ခပ်ပေါ့ပေါ့

လေး တွေးခဲ့မိတယ်"

"အစ်ကိုနဲ့ တွေ့ရတာ နွယ်သိပ်ကံကောင်းတယ်၊ ခပ်ပေါ့ပေါ့

လူနဲ့သာတွေ့ရင် နွယ့်အတွက် ဒုက္ခရောက်နိုင်တာတွေ အများကြီး

ပါ"

"အစ်ကိုက အလေးအနက်ထားပြီး ရှင်းပြလိုက်မှ နွယ် ဘာ

သာရှက်မိတယ်။ အစ်ကို့ကိုလည်း သိပ်အားနာသွားမိတယ်"

"ဟာ---ဒီလို"

"နေပါဦး အစ်ကို နွယ် ဆက်ပြောပါရစေဦး၊ တကယ်တော့

အစ်ကို ပြောတာတွေ အားလုံး မှန်တယ်"

"နွယ် ကိုယ်တိုင်လည်း အစ်ကို့ကို တစ်ခါ၊ နှစ်ခါပဲ မြင်ဖူး

ပါတယ်"

"အစ်ကို့ ကဗျာတွေကို သဘောကျလို့ ရုပ်တန်းကျောင်းသူ

ဘဝတုန်းက မိတ်ဆက်စာ တစ်စောင်ရေးဖူးပါတယ်"

မြင့်နိုင် မှတ်မိကြောင်း ခေါင်းညိတ်ပြသည်၊

"အဲဒါကလည်း ငယ်ရွယ်တဲ့ စိတ်နဲ့ ကိုယ်အားကျမိတဲ့ လူဆီ

ကို စာရေးမိတာ သက်သက်ပါ၊ တခြား ဘာစိတ်ကူးမှ မရှိပါဘူး"

မြင်နိုင် ခေါင်းညိတ် ပြလိုက်သည်။

"အစ်ကို ပြောသလို နှလုံးသားမှာ ခံစားရတဲ့ အချစ်ဆိုတာ

မျိုးကို နွယ်ဖတ်ဖူးတဲ့ ဝတ္ထုတွေထဲမှာတော့ ကြုံရဖူးပါတယ်။ စိတ်ထဲ

မှာလည်း နားလည်သလိုလို သိသလိုလိုတော့ ထင်မိတယ်။ ဒါပေမဲ့

အဲဒါမျိုးကို နွယ်ကိုယ်တိုင် လုံးဝမခံစားဖူးဘူး။ နွယ်မှာ အခုထိ

ရည်းစားလည်း တစ်ယောက်မှ မထားဖူးဘူး"

မြင့်နိုင် နားထောင် နေပါသည်၊

"နွယ့်ကို စာပေးဖူးတဲ့ ကောင်လေးတွေတော့ ရှိပါတယ်၊ အစ်ကိုကြီးတွေတောင် ပါတယ်"

"နွယ် ဘယ်သူ့မှ ပြန်မချစ်လို့ စာမပြန်ခဲ့ဘူး။ အစ်ကိုရဲ့လို နွယ်နှလုံးသား လှုပ်ရှားမှုမျိုးမှ မဖြစ်ခဲ့ဘဲ"

"အစ်ကိုအနေနဲ့ မမျှော်လင့်ဘဲ ရုတ်တရက်ရောက်လာတဲ့ ကိုယ့်ကိုတွေ့တော့ ခုကူဖြစ်နေတာကိုသာ ကူညီလို့ရမယ်။ တစ်ခါမှ စကားတောင် မပြောဘူးတဲ့ မိန်းကလေးကို ရင်ထဲမှာ ခံစားရတဲ့ အချစ်မျိုး ဘယ်လိုလုပ်ဖြစ်နိုင်မလဲ"

"ဒါပေမဲ့ အစ်ကိုက အဲဒါကို ဘယ်သူ့မှ ဖွင့်မပြောဘဲ အနစ်နာခံပြီး နွယ့်ကို ကူညီတယ်၊ နွယ့်အတွက် အားလုံး တာဝန်ယူလိုက်တယ်။ သိပ်အံ့သြဖို့ ကောင်းတယ်၊ ဒါပေမဲ့ ကိုယ့်ဆီက အခွင့်အရေး ပြန်မယူဘူး၊ နမလေး တစ်ယောက်လို စောင့်ရှောက်တယ်။

အိမ်ထောင်ဆိုတာ အချစ်နဲ့တည်ဆောက်မှ အချစ်ဆိုတာ နှလုံးသားက ခံစားရမှ ဆိုတဲ့ အစ်ကို့စကားကို နွယ့် သိပ်သဘောကျတယ်"

နွယ်မာ ဖြည်းဖြည်းဆေးဆေး စဉ်းစားပြီး ပြောနေသည်ကို မြင့်နိုင် အလေးအနက် သဘောထားပြီး နားထောင်နေသည်၊

"နှစ်ဦးစလုံးရဲ့ ရင်ထဲမှာ အချစ်မဖြစ်ပေါ်ဘဲနဲ့ ဒီအဆီး အတားလေးကို အစ်ကို ကျော်မှာ မဟုတ်ပါဘူး ဆိုတာ ယုံတယ်"

နွယ်မာက အနိုင်အမာ ပြောလိုက်သည်၊

မြင့်နိုင် နွယ်မာကို အထင်ကြီးလေးစား သွားမိသည်၊ စာသိပ်ဖတ်သော မိန်းကလေးပဲ့ ကိုဘဝေ ပြောခဲ့သည်ကိုလည်း ခြွင်းချက်မရှိ လက်ခံလိုက်သည်၊



"အစ်ကို ပြောတာတွေကို တစ်မျိုးမထင်ပါနဲ့ နွယ်ရယ်။ နွယ် အခုပြောတဲ့ သဘောထားကို အစ်ကို သိပ်လေးစားပါတယ်။ အစ်ကိုကလည်း နှလုံးသားခံစားချက် မပါဘဲနဲ့ သွေးသားဆန္ဒအတွက် ဘယ်သူ့ကိုမှ မနှစ်နာစေရဘူးလို့ ဆုံးဖြတ်ထားသူပါ"

"နွယ်ဟာ အစ်ကို အမြတ်တနိုး တန်ဖိုးထားပြီး စောင့်ရှောက်ရမယ့် နမလေးတစ်ယောက်ပါ၊ ကဲ---စိတ်ချလက်ချ အိပ်တော့နွယ်"

မြင့်နိုင်က အိပ်ပျော်နေစဉ် မတော်တဆ ပန်းကုံးလေးကို မထိမိ မဖိမိအောင် တစ်ဖက်သို့ တိုးရွှေ့လိုက်သည်။

"နွယ် အစ်ကို့ကို ယုံကြည်စိတ်ချပြီးသားပါ အစ်ကို။

"သိပ်လည်း စိတ်မချနဲ့ဦး နွယ်၊ အစ်ကိုကလည်း လူတစ်ယောက်ပဲ"

မြင့်နိုင်က တစ်ခါတစ်ရံ ပေါက်ပြန်သော အတွေးများ ဝင်လာချင်၍ ကိုယ့်ကိုယ်ကိုယ် စိတ်မချသောကြောင့် ရိုးရိုးသားသား ပြောလိုက်ခြင်းဖြစ်သည်။

နွယ်မာက မြင့်နိုင်ကို လှမ်းကြည့်ပြီး ပြုံးပြလိုက်သည်။

"လူရိုး စိတ်ချတာပေါ့ အစ်ကို"

မြင့်နိုင်က ပြုံးရင်းမှ မီးခလုတ်ကလေးကို ပိတ်လိုက်သည်။

မှောင်အတိ ဖြစ်သွားသည်။

သို့သော် သန့်ရှင်းစင်ကြယ်သော အမှောင်။

+ + +

## အခန်း (၃)

သနပ်ခါးသွေးသံနှင့်ပင် မြင့်နိုင်အိပ်ရာမှ နိုးရပြန်သည်။

"ပြော်——သူ ရေချိုးပြီးလို့ သနပ်ခါးတောင် လိမ်းနေပြီကိုး" ဟု နားလည်လိုက်သည်။

ယနေ့ အနီးကပ် နောက်ဆုံးတက်ရမည့်နေ့။

မြင့်နိုင် အိပ်ရာမှထပြီး ခြင်ထောင်ကို တင်လိုက်သည်။ ကုတင်၏ အလယ်တွင် မျက်မလွှင်း ပကတိအတိုင်း တည်ရှိနေ သော စံပယ်ကုံးလေး။

ဒုတိယညကို မှန်မြတ်သန့်စင်စွာ ကျော်လွှန်နိုင်သည့် သက်သေခံ ပစ္စည်းကို မြင့်နိုင် အမြတ်တနိုး ကောက်ယူလိုက်ပြီး ကုတင်ခေါင်းရင်းက ဘောင်ပေါ်မှာ တင်ထားလိုက်သည်။

အိပ်ရာဘေးမှ စားပွဲပေါ်တွင် သွားတိုက်ဆေး ထည့်ထားသော သွားပွတ်တံ။

မြင့်နိုင် မျက်နှာသစ် ရေချိုးရန် အိမ်အောက်သို့ ဆင်းသည်။ တစ်ဖက်သို့မယ်၍ လက်မောင်း လည်ပင်းတို့ကို သနပ်ခါး



လိမ်းနေချိန်ဖြစ်သောကြောင့် နွယ်မာ၏ ဖြူဝင်းသော ကိုယ်အထက်ပိုင်းကို လှမ်းမြင်လိုက်ရသည်။

မိဖုရား ရင်ဝတ်လျှောသည်ကိုမြင်၍ ဈာန်လျော့ကျသော ရသေ့ကြီးကို သတိရမိသည်။

သို့သော် နွယ်မာကလည်း ရင်ဝတ်မလျှော၊ မြင့်နိုင်လည်း မရှိသောဈာန်မှ လျှောမကျ။

မြင့်နိုင် ရေချိုးပြီး၍ အိမ်ပေါ်ပြန်တက်လာသောအခါ နွယ်မာ ပြီးလိမ်းပြီးရုံမက အဝတ်အစားပါ ဝတ်ပြီးနေပြီ။

နွယ်မာကို လှမ်းမြင်လိုက်ရတော့ မြင့်နိုင် အံ့သြသွားသည်။

"သူ——ဘယ်သွား မလို့ပါလိမ့်"

နွယ်မာ၏ အဝတ်အဆင်က သစ်သစ်လွင်လွင် တောက်တောက်ပပ ဖြစ်နေသည်။

အနီးကပ် တက်ရင်းနေ့စဉ် တွေ့မြင်ရသော မိန်းကလေးများထက် အများကြီး ပိုလှနေသည်။

မျက်နှာမှာလည်း ခါတိုင်းလို သနပ်ခါး ရေကြဲမဟုတ်၊ မိတ်ကပ် လိမ်းခြယ်ထားသည်။

နီမြေမြေ ဖြစ်နေသော ပါးမို့မို့လေးများက ဖြူစင်သော အသားအရေနှင့် လိုက်ဖက်လှသည်။

မျက်ခွံပေါ်မှာလည်း စိမ်းပြာပြာလေးတွေနှင့်——

ခေါင်းပေါ်မှာတော့ ပန်နေကျ စံပယ်ပန်းကုံးလေး။

လှသည်နှင့်အမျှ ပို၍လှအောင် ပြင်တတ်၊ ဆင်တတ်သော မိန်းကလေးဖြစ်နေသည်ဟုလည်း မြင့်နိုင် သတိပြုမိလိုက်မိသည်။

"ဟာ—— ဒီမှာလည်း တစ်မျိုးပါလား"

စားပွဲပေါ်တွင် သူဝတ်ရန် ထုတ်ပေးထားသော ပုဆိုး
က သစ်သစ်လွှင်လွှင်ပင်ဖြစ်သည်။

ဤအတိုင်းဆိုလျှင် နှစ်ဦးသား စည့်ခံပွဲတစ်ခုခု သွား
မည်ပုံ။

မြင့်နိုင် အတွက်တော့ ဤအဝတ်အစားများမှာ အဆင်
နေသည်။

ယနေ့ အနီးကပ် နောက်ဆုံးသင်ပြီးလျှင် ရက်အနည်း
အတွင်းမှာ စောစောနှာထား၍ ပင်ပင်ပန်းပန်း သင်ကြားပေးကြ
ဆရာ၊ ဆရာမများကို ကန်တော့ပွဲလုပ်ရန် စီစဉ်ထားကြသည်။

ကျောင်းသူ၊ ကျောင်းသား အချင်းချင်းလည်း ခင်မင်ရင်
အောင် မိတ်ဆက်ပွဲလေးပါ တစ်ပေါင်းတည်း ကျင်းပမည်။

နွယ်မာထုတ်ပေးထားသည်များကို မြင့်နိုင် ဝတ်ဆင်လိုက်သည်
မြင့်နိုင် ထားသို့ နွယ်မာရောက်လာသည်။

''အစ်ကို တက္ကသိုလ်ကျောင်းကို နွယ် လိုက်လို့ရမလား ဟင်
—''

မျှော်လင့်ချက်ထားသော မေးခွန်းလေး——
မြင့်နိုင် နားလည်လိုက်ပြီ။

ကျောင်းထဲလိုက်ချင်၍ နွယ်မာ လှလှပပ ဝတ်ဆင်ထားခြ
ဖြစ်သည်။

''မနေ့လေး တက္ကသိုလ်ထဲကို နွယ်တစ်ခါမှ မရောက်ဘူး
ပါ——''

ပြောနေပုံလေးက သနားစရာ——
မြင့်နိုင် စဉ်းစားနေမိသည်။

''အစ်ကိုတို့ စာသင်နေတဲ့ အချိန် နွယ် အပြင်ဘက်က ထိုင်



စောင့်နေမှာပါ——''

မြင့်နိုင် မငြင်းချင်ပါ လိုက်ခွင့်ပြုချင်သည်။ ငြင်းလိုက်လျှင်
သူ့မှာ စိတ်မကောင်း ဖြစ်သွားရှာလိမ့်မည်။

သို့သော် ခေါ်သွားရန်လည်း မသင့်ဟု သိနေသည်။

''လိုက်ရမှာလား အစ်ကို''

''အစ်ကို ခေါ်သွားချင်ပါတယ်၊ ဒါပေမဲ့ အနီးကပ်တက်
ကြတဲ့ ကျောင်းသူ၊ ကျောင်းသားတွေထဲမှာ လယ်စေးကရော
ပျဉ်းမနားကရော ပါတယ်''

''နွယ်မာကို သိတဲ့ လူတစ်ယောက် တွေ့သွားရင် နွယ်မှာ
အိမ်သွားပြောမှာ စိုးရတယ်''

သူ့ မျှော်လင့်ချက်လေး ပျက်သွားပြီဟု နွယ်မာ နားလည်
လိုက်သည်။

ဤအချက်ကို နွယ်မာ မစဉ်းစားမိခဲ့——

စိတ်ကူးယဉ်ပြီး ပြင်ဆင်ထားမိသည်များအတွက် နွယ်မာ
ရှက်မိသည်။

''အစ်ကိုပြောတာ ဟုတ်ပါတယ်''

ထိုနေ့က မနက်စာ စားကြတော့ နွယ်မာ့ စကားသံ တိတ်
နေသည်။

ထမင်းစားပြီး၍ မြင့်နိုင် သွားခါနီးတော့ နွယ်မာက မြင့်နိုင်
အတွက် လက်ဖက်ရည်ဖိုးနှင့် ထမင်းဖိုး ငွေငါးထောင်ထုတ်ပေးသည်။

လိုက်ချင်ရှာသော နွယ်မာ့ကို ထားခဲ့ပြီး အိမ်မှထွက်လာတော့
မြင့်နိုင် စိတ်မကောင်းဖြစ်မိသည်။

\+ + +

# အခန်း (၈)

မြင့်နိုင် ထွက်သွားပြီးသည်နှင့် နွယ်မာ အိမ်ပေါ်တက်ပြီး အဝတ်များကို လဲပစ်လိုက်သည်။

မျက်ရည်များက အလိုလို စီးဆင်း လာကြသည်။

မြင့်နိုင်၏ အကြောင်းပြချက်ကို လက်ခံပါသည်။

မခေါ်ချင်၍ ထားခဲ့ခြင်း မဟုတ်မှန်းလည်း သိပါသည်။

သို့သော် ဘာကြောင့်မှန်းမသိ ရင်ထဲမှာ ဝမ်းနည်းနေသည်။

အိမ်အောက်သို့လည်း မဆင်းချင်။

ကုတင်ပေါ်မှာ ပစ်လှဲလိုက်သည်။

အိပ်မီသော နေရာက မြင့်နိုင်၏နေရာ အုံးထားသော ခေါင်းအုံးက မြင့်နိုင်၏ ခေါင်းအုံး။

ကုတင် ဘောင်ပေါ်မှ ဝန်းကုံးလေးကို လှမ်းကြည့်မိရင်း မျက်ရည်များက စီးဆင်းလာကြပြန်သည်။

ငါတို့ အဖြစ်ကလည်း----

လွမ်းလွမ်း ဆွေးဆွေး ခံစားရသည်။



ရှေ့ဆက်ပြီး ဘယ်ပုံ ဘယ်နည်း ခရီးဆက်ရမည်ကို နွယ်မာ မတွေးတတ်။

''အစ်ကိုဟာ စိတ်ထားသိပ်ကောင်းတဲ့လူ''

မြင့်နိုင်ကို လေးစားစိတ်ဖြင့် မြင်ယောင်မိသည်။

''အစ်ကိုနဲ့အတူ သင်တန်းတက်တဲ့ အထဲမှာ မိန်းကလေး တွေ ပါလား''

မခင်ဌေးနှင့် ဈေးသွားစဉ်က အနီးကပ် သင်တန်းတက်ရန် သွားကြသော မိန်းကလေးများကို မြင်ယောင်မိသည်။

''ချောချော လေးတွေလည်း ပါမှာပေါ့''

ရင်ထဲမှာ မကျေနပ်သလို ခံစားရသည်။

''ငါသာ ကျောင်းဆက်တက်ရလို့ ဆယ်တန်းအောင်ရင် အစ်ကိုနဲ့ အတူတူ အနီးကပ် အတန်းတက်ခွင့် ရမှာ''

မိထွေးဖြစ်သူ ဒေါ်လှတိုးက ကျောင်းထွက်ခိုင်း၍ စာတော် ပါလျက်နှင့် ကျောင်းထွက်ခဲ့ရသည်။

''ဟင်း---မတရားလိုက်တာ''

ဒေါ်လှတိုးကို မကျေနပ်စိတ် ဖြစ်မိသည်။

''သူ့နဲ့ မွေးတဲ့ ကလေးနှစ်ယောက်ကျတော့ ကျောင်းတင်မက ကျူရှင်ပါ ထားပေးလိုက်သေးတယ်။ ကျူရှင်တောင် အကောင်းဆုံး မှ''

မောင်လေးနှင့်ညီမလေးကို စေတနာမပျက်သော်လည်း ဒေါ်လှတိုး၏ ခွဲခြားမှုကိုတော့ စိတ်နာမိသည်။

''ကောင်းတယ်---ငါ ခုလို ထွက်လာလိုက်တော့ သူတို့ မောင်နှမ ဘယ်လောက်များ ဒေါသူပုန် ထနေလိုက်ကြမလဲ မသိဘူး''

နွယ်မာ တွေးကြည့်ပြီး ကျေနပ်ပစ်လိုက်သည်။

ဒေဒေ့ကိုတော့ သနားသည်။ ဖေဖေက မိန်းမကြိုက်ခဲ့ ပါရသူ---

"ဟင်း---မတရား အနိုင်ကျင့်ချင်ကြတဲ့ ဟာတွေ လူတစ် ယောက်ရဲ့ ဘဝကို သူတို့ထင်သလို ခြယ်လှယ်ချင်ကြတာ"

လူ့လောကမှာ ဒေါ်လှတိုးတို့ မောင်နှမလို မတရားသူတွေ ရှိသလို ကိုလေးဘမွေတို့ လင်မယားလို အစ်ကို့လို စိတ်ရင်းကောင်း တဲ့လူတွေလည်း ရှိသေးတာပဲ---

နွယ်မာ တွေးမိရင်းမှ---

"အင်း---အစ်ကိုက ပိုကျေးဇူးတင်ဖို့ ကောင်းတယ်။ သူ့ခမျာ ဘာမှ မဆီမဆိုင် အနစ်နာခံရတာ၊ ငါ့ကို ကာကွယ်ပိုင်ခွင့် ရဖို့ လက်ထပ်ခဲ့တာ"

မြင့်နိုင် ခေါင်းအုံးပေါ်မှာ ရှက်နှာအပ်၍ ခေါင်းအုံး၏ ထောင့်စွန်းများကို မြတ်နိုးတွယ်တာစွာ ပိုက်ဖက်ထားလိုက်သည်။

မြန်လွန်းနေသော နှလုံးခုန်သံများကို ကိုယ့်ဘာသာ ကျေနပ်စွာ နားထောင်နေလိုက်သည်။

+ + +



## အခန်း (၉)

ညနေ လေးနာရီ ထိုးသည်နှင့် နွယ်မာ ဝင်းတံခါးကို ရောက်နေပြီ။

ဤအချိန် ရောက်အောင် အတော်သည်းခံ၍ စောင့်နေရသည်။

တစ်နေ့လုံး စာဖတ်၍လည်း မရ။

ဘယ်ဝတ္ထုမှ ဆွဲဆောင်မှု မရှိကြ။

ယနေ့ ခါတိုင်းထက် ပို၍ အစ်ကို့ကို တွေ့ချင်၊ မြင်ချင် နေသည်။

မနက်က နွယ်မာ စိတ်မကောင်း ဖြစ်နေသည်ကို သိ၍လား မသိ။ အစ်ကို နှုတ်ဆက်မသွား။

"ဒီနေ့ စောစော ပြန်လာပါစေ"

နွယ်မာ ဆုတောင်းနေသည်။

"အခု လေးနာရီဆိုတော့ ပြန်လာမှာနဲ့ လေးနာရီဆယ့် ငါးမိနစ်လောက်ဆိုရင် အစ်ကိုရောက်လာနိုင်တယ်"

လက်မှ နာရီကို ကြည့်လိုက်သည်။

လေးနာရီ နှစ်မိနစ်သာ ရှိသေးသည်။

ကိစ္စမရှိ မျှော်နေရသည်ကပင် ကျေနပ်စရာ။

ရေနီမြောင်းအထိ ထွက်ကြိုချင်သော်လည်း ကဲလွှမ်းရ မည်စိုး၍ အိမ်ပေါက်ဝမှာပင် ရပ်ပြီး မျှော်ရသည်။

စက်ဘီးသမားတွေ ပြန်လာကြပြီကို လမ်းဆီမှ လှမ်းမြင် ရသည်။

အစ်ကို ပြန်ရောက်ခါနီးပြီ။

မြေကျွင်း သမားများကို လှမ်းမြင်နေပြီ။

နွယ်မာရင်ထဲမှာ ပျော်နေပြီ။

အစ်ကို့ အရိပ်အယောင်ကိုတော့ မမြင်ရသေး။

အိမ်နီးဝန်းကျင်မှာ တည်းကြေပြန် လာသော လူများပင် ရောက် လာပြီ။

လက်မှနာရီကို ကြည့်လိုက်သည်။

လေးနာရီ မိနစ်နှစ်ဆယ်။

မျှော်လိုက် နာရီကြည့်လိုက်နှင့် စိတ်လှုပ်ရှား လွှမ်းလှသည်၊

၄ နာရီခွဲသည်အထိ အရိပ်အယောင်ပင် မမြင်ရသေး၊

"အစ်ကို ဘာလို့ နောက်ကျနေတာပါလိမ့်"

"မနေ့က ဒီအချိန် ရောက်ပြီ"

"ငါ စောင့်နေတာ သိရဲ့သားနဲ့"

ရင်ထဲမှာ ဝမ်းနည်းလာသည်၊

လိမ်းထားသော သနပ်ခါးများ ပျက်သွားမည်စိုး၍ မျက်ရည် မကျအောင် စိတ်ကို ထိန်းထားလိုက်သည်၊



"အစ်ကို မလာမချင်း ငါ ဒီနေရာက စောင့်မယ်"

နွယ်မာ ဆုံးဖြတ် လိုက်သည်။

၄ နာရီ ၄၅ မိနစ်။

မရောက်လာသေး၊

မခင်ဌေး ထမင်းချက်ရာမှ လှမ်းကြည့်ပြီး နွယ်မာ့ကို သနား သည် ထင်ပါ၏။ ဝင်းပေါက် ဆီသို့ လျှောက်လာသည်။

"ဒီနေ့ ကိုမြင့်နိုင် နောက်ကျတယ်နော်"

နှစ်သိမ့် စကားဆိုသည်။

သူပါ ကူမျှော်ပေးသည်။

သို့သော် ခဏကြာတော့ ဟင်းချိုအိုး ခန်းမည်စိုး၍ ပြန်သွား ရသည်။

၅ နာရီထိုးပြီ။

"ဟုတ်မှ ဟုတ်ရဲ့လား"

နွယ်မာ စိုးရိမ်လာသည်။

"မိန်းကလေး တွေနဲ့များ"

တွေးမိရုံနှင့် မျက်ရည် ကျလာသည်။

"အို——မဟုတ်ပါဘူး ဟယ် ဟိုမှာ အစ်ကို"

ခပ်မြန်မြန် လာနေသော အစ်ကို့ကို မြင်ရမှ နွယ်မာ ဝမ်း သာသွားသည်။

"နွယ်မာ လွယ်အိတ်ကို လက်ကမ်း၍ တောင်းလိုက်သည်၊

"စောင့်နေတာ ကြာသွားပြီလား နွယ်"

အစ်ကို၏ ကြင်နာသော အမေး——

"လေးနာရီ ကတည်းက"

"ဟာ——ကြာလှပြီပေါ့၊ အစ်ကို မနက်က မပြော
ဒီနေ့ လေးနာရီ ကျောင်းဆင်းပြီးမှ ဆရာကန်တော့ပွဲ ရှိနေလို့

နောက်ကျရသည့် အကြောင်းကိုသိ၍ နွယ်မာဝမ်းသာ
သည်။

အိမ်ဝင်းထဲသို့ နှစ်ယောက်အတူ လျှောက်လာခဲ့ကြ

"ကိုချစ်မြင့် နောက်ကျလိုက်တာ နွယ်စောင့်နေ
တစ်နာရီကျော်သွားပြီ"

မခင်ငွေက သက်သေခံပေးသည်။

✣ ✣ ✣



## အခန်း (၁၀)

မနက်ဖြန်ခါ စာမေးပွဲဖြေရမည်မို့ ထမင်းစားပြီးသည်နှင့် မြင့်နိုင် စာကြည့်သည်။

နွယ်မာ ခြင်ဆေးထွန်းပေးသည်။

ကုတင်ပေါ်မှာ ထိုင်၍ စာဖတ်ရင်း စောင့်သည်။

ည ၉ နာရီတွင် လမ်းထိပ်မှ လက်ဖက်ရည်ဆိုင်သို့ နှစ်ယောက်အတူ သွားသည်။

သို့သော် ခါတိုင်းလို ကြာကြာထိုင်၍ မဖြစ်။

လက်ဖက်ရည် သောက်ပြီးသည်နှင့် ပြန်လာ၍ စာကြည့်သည်။

၁၁ နာရီတွင် နှစ်ယောက်အတူ အိပ်ရာဝင်သည်။

ထုံးစံအတိုင်း နွယ်မာက ဘုရားကန်တော့သည်။

မြင့်နိုင်ကို ကန်တော့သည်။

ပြီးတော့ ခေါင်းမှ ဆံပယ်ပန်းလေးကို ဖြုတ်၍ နှစ်ယောက်ကြားမှာ စည်းတားသည်။

မြင့်နိုင် မီးလေတက်ကို ပိတ်ပြီး အိပ်ရာပေါ်မှာ လှဲအိပ်လိုက်သည်။

ခေါင်းအုံးပေါ် ထိလိုက်သည်နှင့် ထူးခြားသော ရနံ့တစ်ခုကိုရသည်။

မနက်က နွယ်မာလိမ်းထားသော မိတ်ကပ်နံ့။

နေ့ခင်းက နွယ်မာ ဒီခေါင်းအုံးပေါ်မှာ အိပ်သလား။

စဉ်းစားရုံနှင့် နားလည်နိုင်သော အဖြေရသည်။

အနံ့အာရုံကလည်း စိတ်ကို လှုပ်ရှားစေသည်။

နွယ်မာဘက်မှ တိတ်ဆိတ်ငြိမ်သက်နေ၏။

အမှောင်ထုက တစ်အိမ်လုံးကို လွှမ်းမိုးထားသည်။

"အစ်ကို—မနက် ဘယ်နှစ်နာရီ နိုးရမလဲ"

နွယ်မာဘက်မှ ထွက်ပေါ်လာသော စကားသံ။

"၆ နာရီ နိုးစေပါနွယ်"

"စာမေးပွဲက ဘယ်နှစ်နာရီ ဖြေရမှာလဲ အစ်ကို"

"မနက် ၈ နာရီ"

နွယ်မာ ဘက်မှ စကားသံ တိတ်သွားသည်။

တစ်အိမ်လုံးကို တိတ်ဆိတ်မှုက လွှမ်းမိုးသွားပြန်သည်။

+ + +



## အခန်း (၁၁)

စာမေးပွဲ အဖြေသွားမည့် မြင့်နိုင်အတွက် နွယ်မာအားလုံး ပြင်ဆင်ပေးသည်။

ဘောလ်ပင်၊ ခဲတံ၊ ပေတံ၊ ဖြေဆိုခွင့်ကတ်ပြား၊ ယူသွားရမည့် စာအုပ်အားလုံး၊ ပြည့်စုံအောင် ထည့်ပေးသည်။ ပြီးတော့ ထမင်းဘိုးနှင့် လက်ဖက်ရည်ဖိုး ငွေ ငါးထောင်။

မြင့်နိုင်သွားလျှင် အိမ်ပေါက်ဝထိ လိုက်ပို့သည်။

"ဖြေနိုင်ပါစေ အစ်ကို၊ အောင်ပါစေ"

ဆုတောင်းလေးနှင့် နှုတ်ဆက်သည်။

မြင့်နိုင် သွားပြီးသည်နှင့် မြင့်နိုင် အရင်က ဝတ်ထားသော ပုဆိုး၊ အင်္ကျီ၊ စွပ်ကျယ်တို့ကို လျှော်ဖွတ်သည်။

ခြောက်သည်နှင့် မခင်ရွှေးထံမှ မီးပူတောင်းပြီး မီးပူတိုက်ပေးသည်။

ညနေ လေးနာရီ ထိုးသည်နှင့် ဝင်းပေါက်မှာ ရောက်နေပြီ၊ မြင့်နိုင် ပြန်လာသည်နှင့် လွယ်အိတ်ကို ဆီးကြိုယူပြီး၊

"မြန်နိုင်တယ် မဟုတ်လား အစ်ကို"

အမေးလေးနှင့် ဆီးကြိုသည်။

နှစ်ယောက်အတူ အိမ်ပေါ်တက်ခဲ့ကြသည်။

တကယ် ဇနီးသည် တစ်ယောက်လို အင်္ကျီချွတ်ပေး
အထိ မပြုသော်လည်း ရေချိုးဖို့ အဝတ်လဲဖို့ အထိ အားလုံး ပြင်
ပေးသည်။

လျှော်ဖွပ် မီးပူတိုက်ပြီးသော အဝတ်များကို စားပွဲပေါ်
အခေါက်လိုက် သပ်သပ်ရပ်ရပ် တင်ထားပေးသည်။

"ခြော်——ငါက သူ့ဘဝလေးကို ကူညီလို့ ငါ့ကိုလည်
လိုလေ သေးမရှိအောင် ပြန်ပြီး ကူညီရှာတယ်"

မြင့်နိုင် ကျေးဇူးတင်မိသည်။

"သူရှိနေတာ ငါ့အတွက် အနှောင့်အယှက် မဖြစ်တဲ့အပြ
အထောက်အကူ အများကြီးရတယ်။ စိတ်ချမ်းသာမှုလည်း ဖြစ်
တယ်..."

စာမေးပွဲကလည်း တစ်ချိန်လုံး ကျက်လိုက်၊ မှတ်လိုက်
ပြီး ဖြေလိုက်၊ ဖြေပြီး ပြန်လာသည်နှင့် နောက်တစ်နေ့အတွက်
ထပ်ပြီး ကျက်မှတ်၊ မြင့်နိုင် အမောတကော လှုပ်ရှားနေရ
ထိုရက်များတွင် နွယ်မာနှင့်ပင် အေးအေးဆေးဆေး စကားပြောချိ
မရ။

နွယ်မာ နားလည်ပါသည်။ မြင့်နိုင်အတွက် သူ့ဘက်မှ အစွမ်း
ရှိသမျှ လိုလေသေး မရှိအောင် ကူညီသည်။

မြင့်နိုင် စာကြည့်လျှင် အနှောင့်အယှက် မရှိအောင် ဆင်ဆင်
ခြင်ခြင်နေသည်။

စာမေးပွဲ အဖြေသွားတိုင်း နေ့စဉ် အိမ်ပေါက်ဝ အထိ လိုက်



ပို့သည်။ ဖြေနိုင်ပါစေဟု ဆုတောင်းသည်။

ညနေ ပြန်လာတိုင်း အိမ်ပေါက်မှ ဆီးကြိုသည်။

"ဖြေနိုင်တယ် မဟုတ်လား——အစ်ကို"

ဟုမေးသည်။

မြင့်နိုင်ထံမှ ဖြေနိုင်သည်ဟု ကြားတိုင်း နွယ်မာ ဝမ်းသာ
ရသည်။

မြင့်နိုင် ပင်ပန်းသည်ကိုမြင်၍ စာမေးပွဲ မြန်မြန် ပြီးစေချင်
သည်။

သို့သော် စာမေးပွဲ ပြီးသွားမှာကိုလည်း စိုးရိမ်သည်။

စာမေးပွဲပြီးလျှင်——

နှစ်ယောက် အတူနေသော ဘဝလေးပြီးဆုံးသွားတော့မည်။

ထိုအကြောင်းကို တွေးမိတိုင်း နွယ်မာ မျက်ရည်ကျသည်။

အစ်ကိုနှင့် အတူနေရသော ဘဝလေးမှာ နွယ်မာပျော်သည်။

အစ်ကို့ကို အကူအညီ ပေးနေရသည်ကို ကျေနပ်သည်။

စာမေးပွဲ တစ်ရက်ပြီးတိုင်း တစ်ခါတိုးပြီး ဝမ်းနည်းရသည်။
နွယ်မာ ဘာလုပ်ရမှန်း မသိ။

"နွယ်ရင်ထဲမှာ မောလိုက်တာအစ်ကို"

+ + +

## အခန်း (၁၂)

ယနေ့ နှစ်ဘာသာ ဖြေပြီးလျှင် စာမေးပွဲပြီးတော့မည်။ ညနေ ဆိုလျှင် လွတ်ပြီ ကျွတ်ပြီ။

အသေအချာ ကျက်မှတ်ပြီးမှ ဖြေ၍ ပြီးခဲ့သည့် ဘာသာများ အားလုံး ဖြေနိုင်သည်။ ယနေ့လည်း ဖြေနိုင်မည်ဟု ယုံကြည်သည်။

နောက်ဆုံးနှစ်ဖြစ်၍ ယနေ့ စာမေးပွဲပြီးခြင်းသည် ဘွဲ့ရဖို့ အထိ ပြီးဆုံးခြင်းလည်း ဖြစ်သည်။

မြင့်နိုင် စိတ်ထဲမှာ ပျော်နေသည်။

ထုံးစံ အတိုင်းပင် နှယ်မာက ဘောလ်ပင်၊ ခဲတံ၊ ပေတံ အားလုံး အဆင်သင့် ပြင်ပေးသည်။

မီးပွတိုက်ထားသည့် လက်ကိုင်ပုဝါလေးကိုက် ကလေးနှင့်အတူ ငွေငါးထောင် လှမ်းပေးသည်။

လိမ္မာလွန်းသည့် မိန်းကလေး——

မြင့်နိုင် စာမေးပွဲ အဖြေသွားတော့ အိမ်ပေါက်ဝ အထိ လိုက် ပို့သည်။



"ဖြေနိုင်ပါစေ —— အောင်ပါစေ ——"

မြင့်နိုင်က အပြုံးမြင့် လှမ်းကြည့်လိုက်တော့ နောက်ဆက် တွဲ ဆုတောင်းတစ်ခုတိုးလာသည်။

"အစ်ကိုဘဝ ပျော်ရွှင် ချမ်းမြေ့ပါစေ"

မြင့်နိုင် ကျေနပ်စွာ ခေါင်းညိတ် ပြလိုက်သည်။

"သွားမယ်နော် နှယ်——ညနေလေးနာရီ စောင့်နေနော်"

စောင့်နေကျ စောင့်နေမှန်း သိလျက်နှင့် မြင့်နိုင် အပိုပြော လိုက်မိသည်။

နှယ်မာပြုံးပြီး လက်ကလေးလှုပ်၍ နှုတ်ဆက်သည်။

မြင့်နိုင် ကြည့်နေရင်းမှ ချစ်စရာကောင်းတဲ့ မိန်းကလေးဟု ရင်ထဲမှာ မှတ်ချက်ပြုလိုက်သည်။

ညနေ မြန်မြန် ရောက်ချင်စိတ်ဖြစ်လာ၍ မြင့်နိုင် သွက်လက် ပေါ့ပါးစွာ ထွက်လာခဲ့သည်။

အတော်ကလေး သွားမိပြီးမှ နှယ်မာရပ်ကြည့်နေလိမ့်ဦးမည် ထင်၍ နောက်ပြန်လှည့်ကြည့်လိုက်သည်။

ရပ်ပြီးကြည့်နေသော နှယ်မာကို တွေ့ရသည်။

လှမ်းနေသော ခြေလှမ်းကို မြင့်နိုင် ရပ်လိုက်ပြီး နှယ်မာကို လက်ပြသည်။

နှယ်မာ လက်ပြန်ပြသည်။

ရင်ထဲမှာ အမျိုးအမည် ဖော်ပြရခက်သော ဝေဒနာ တစ်မျိုး ကို မြင့်နိုင် ခံစားနေရသည်။

မောသလိုလို ပျော်သလိုလို။

နှလုံးခုန်သံက ပိုမြည်ပြီး ပိုမြန်လာသည်။

စားမေးပွဲ ရက်အတွင်းမှာ ကိုယ်ဘာသာ သိလာသော အ... တစ်ခုရှိသည်။ ထိုအသိမှာ ပို၍ နိုင်မာသွားသည်။

"ဒါ——အချစ်လား၊ ငါနွယ်မာ့ကို ချစ်နေပြီလား——"

ကိုယ့် ဘာသာ မေးသည်။

"ဟုတ်တယ်——ချစ်တယ်၊ ငါ နွယ်မာ့ကို ချစ်နေပြီ"

"နှလုံးသားက လှုပ်ရှားခံစားမှုမျိုးနဲ့ ချစ်နေတာ"

ကိုယ်ဘာသာ ပြန်ဖြေပြီး ကိုယ့်အဖြေ ကိုယ်လည်း အား... သည်။

မြင့်နိုင် ထပ်ပြီး လက်ကို ဝှေ့ယမ်းပြသည်။

နွယ်မာ ကလည်း ပြန်ပြသည်။

မြင့်နိုင် နွယ်မာဆီကို ပြန်ပြေးချင်စိတ် ဖြစ်မိသည်။

ညနေအထိ မစောင့်တော့ဘဲ ခုပင် ဖွင့်ပြောလိုက်ချင်သည်၊

သို့သော် စာမေးပွဲက အချိန်းနီးနေပြီ၊ အချိန်မီအောင် သွား ရမည်။

မြင့်နိုင် သက်ပြင်း တစ်ချ ချလိုက်သည်။

"အို——ညနေ စာမေးပွဲပြီးတာနဲ့ ငါအမြန်ဆုံး ပြန်မယ်"

မြင့်နိုင် စိတ်ဆုံးဖြတ်ပြီး ထွက်လာခဲ့သည်။

"ငါ နွယ်မာ့ကို သိပ်ချစ်တယ်၊ ညနေကျရင် ဖွင့်ပြောမယ်"

ရင်ခုန်သံက ပို၍ မြန်လာသည်။

အရေးတကြီး လုပ်နေရသော စာမေးပွဲသည်ပင် အရေးမ ကြီးသလို ဖြစ်သွားသည်။

တစ်ခါ လှည့်ကြည့် ချင်သေးသည်။ သို့သော် မကြည့်ဘဲ နေလိုက်သည်။



ချစ်စရာကောင်းတဲ့ မိန်းကလေးရယ်၊ မင်းဟာ——ငါ့ နှလုံး သားကို လှုပ်ရှားလာအောင် လုပ်နိုင်ခဲ့ပြီကွယ်"

+ + +

## အခန်း (၁၁)

နောက်ဆုံး ဘာသာဖြေတော့ မြင့်နိုင် ဆယ်မိနစ်လော

စောပြီးနေသည်။ အကောင်းဆုံး ဖြေနိုင်သည်။

"အောင်ပြီ ဘွဲ့တစ်ခုတော့ ရပြီ" ဟု ကိုယ့်ဘာသာ သ

သည်။

"ဖြေနိုင်ပါစေ——အောင်ပါစေ" ဆိုသော နှယ်မာတ်

တောင်းလေး ပြည့်သွားပြီ။

ဒီနေ့မှ ထူးထူးခြားခြား အဝိုဆုလေး တောင်းလိုက်ေ

သည်။

အစ်ကို ဘဝ ပျော်ရွှင်ပါစေတဲ့——

မြင့်နိုင် ပြုံးလိုက်သည်။

"ဟုတ်တာပေါ့ အခု ပြန်ရင် အပြည့်အဝ ပျော်ရမယ်။ အစ်ကို

တင် မကဘူး နှယ်ပါ ပျော်ရမယ်"

မြင့်နိုင် ပစ္စည်းများကို အမြန်သိမ်းလိုက်ပြီး အပြေး

သွားအပ်သည်။



စာမေးပွဲခန်းထဲက အထွက်မှာ ခြေလှမ်းတွေက သိပ်သွက်

နေသည်။

"ပေား——ကျောဆရာလေး ဖြေနိုင်တယ် မဟုတ်လား"

ကိုဘသိန်းက ကျောဆရာလေးဟု ခေါ်သည်။ စိုးမြင့်က

ကျောဆရာကြီးဟု ခေါ်သည်။

ကိုဘသိန်း လက်ကို ဖမ်းဆွဲထားသည်။

"ဟုတ်ကဲ့—— မဆိုးပါဘူး ဖြေနိုင်ပါတယ်။ ကိုဘသိန်း

ရော"

"အောင်မယ်လို့တော့ ထင်တာပဲ။ လာ——လက်ဖက်ရည်

ဆိုင် သွားရအောင် ဟိုမယ် စိုးမြင့် စောင့်နေတယ်"

ခပ်လှမ်းလှမ်းမှ တမာပင် အောက်တွင် ကိုစိုးမြင့် ရပ်စောင့်

နေသည်။

ကိုဘသိန်း မြင့်နိုင် လက်ကို ဆွဲခေါ်သွားသည်။

မြင့်နိုင် လက်ဖက်ရည် မသောက်ချင်ပါ။ ခုချိန်မှာ နတ်သွေ့

ကျေးစည် ဆိုလျှင်ပင် မစားချင်ပါ။

"ဘယ်လိုလဲ ကိုမြင့်နိုင် ဘွဲ့တစ်ခုရသွားပြီ မဟုတ်လား"

ကိုစိုးမြင့်က ဆီးကြိုသည်။

"ထင်ရတာပဲ"

မြင့်နိုင်က လျှော့လျှော့ ပေါ့ပေါ့ ဖြေလိုက်သည်။

"ကဲ——လာ လက်ဖက်ရည်ဆိုင် သွားမယ်။ ဒီနေ့တော့

အေးအေး ဆေးဆေး အချိန်ရတယ် မဟုတ်လား"

ကိုစိုးမြင့်က မြင့်နိုင် ပခုံးကို ဖက်လိုက်သည်။

ကိုစိုးမြင့်ကို အားနာသော်လည်း ကိုယ့်နှလုံးသားကို လွှန်

ဆန်နိုင်ရန် ခက်နေသည်။

"ကျွန်တော် မလိုက်တော့ဘူး ကိုစိုးမြင့်၊ ဗိုလ်—တစ်လေ
နဲ့ ချိန်းထားတာရှိလို့"

ကိုစိုးမြင့် ပြုံးလိုက်သည်။

"တာလဲ ဟိုတစ်ခါ လက်ဖက်ရည်ဆိုင် ပါလာတဲ့ ရော
လေးလား"

မြင့်နိုင် မညာချင်ပါ။

"ဟုတ်တယ်"

"ဟား—ဟား၊ ဒါဆိုရင် သိပ်အရေးကြီးတယ် သွား သွ

ကိုဘသိန်းနှင့် ကိုစိုးမြင့် ရယ်ကျန်ခဲ့ကြသည်။

ရသည်။ ရယ်ပါစေ၊ မြင့်နိုင် ဝမ်းသာပျော်ရွှင်စွာ ပြ
ခဲ့သည်။

စာမေးပွဲလည်း ပြီးပြီ၊ ခြေလည်းခြေနိုင်သည်၊ ပခုံးပေါ်
ထမ်းထားရသော ဝန်ထုပ် ဝန်ပိုးကြီး ပြုတ်ကျသွားပြီ။

လွတ်လပ်သွားပြီး စာကြည့်စရာလည်းမရှိ။

အိမ်ပြန်ရောက်၍ နွယ်မာနှင့် တွေ့လျှင်——

ရင်တွေ ခုန်လှုပ်နေသည်။

"စုန်လိုက်စမ်း——မနန်မှာတောင် စိုးရသေး"

မြင့်နိုင် သဘောကျနေသည်။

ခုလောက်ဆိုရင် အိမ်ဝင်းတံခါးပေါက်မှာ နွယ်မာ စော
နေရောမည်။

နွယ်မာ၏ ပုံကလေးကို မြင်ယောင်လာသည်။

ခြေလှမ်းများက ပိုသွက်လာသည်။

"သိပ်ချစ်စရာကောင်းတဲ့ မိန်းကလေး ကံကောင်းလိုက်



ငါ၊ ဒီလောက်ချော ဒီလောက်လှပြီး လိမ္မာတဲ့ မိန်းကလေး ငါ့ဆီ
အလိုလို ရောက်လာတယ်"

အစတုန်းက မကျေမနပ် ဖြစ်မိခဲ့သော ကိုဘရွှေကို ဖုမ
ကျေးဇူးတင်မိသည်။

"ခုဆိုရင် ငါ့ရင်တွေကလည်း ခုန်နေကြပြီ၊ ငါ့နှလုံးသားက
လည်း ပြောနေကြပြီ၊ နွယ်မာ့ကို ချစ်တယ်တဲ့၊ ဟုတ်တယ် ငါ သူ့ကို
သိပ်ချစ်တယ်၊ ဟာ——နေဦး"

မြင့်နိုင် ခေါင်းထဲမှာ အတွေးတစ်ခု ဝင်လာသည်။

"ငါ ဘက်ကသာ ငါ့ဘာသာငါ သိပ်ချစ်နေရတာ၊ သူ့ရင်ထဲ
မှာက ဘယ်လိုရှိမလဲ၊ သူ့နှလုံးသားကရော လှုပ်ရှားဦးမှ——"

မြင့်နိုင်၏ မြန်နေသော ခြေလှမ်းများ နည်းနည်းနှေးသွား
သည်။

"သူ ငါ့ကို သိပ် ဂရုစိုက်တာပဲ၊ လိုလေသေး မရှိအောင်
စောင့်ကြည့်ပြီး ကူညီနေတဲ့ မိန်းကလေး၊ ဒါပေမဲ့ အဲဒါတွေက
ငါ့ကျေးဇူးတွေ သူ့မှာရှိနေလို့ ကျေးဇူး တုံ့ပြန်တာလား။ ငါ့ကို ချစ်
လို့မှ ဟုတ်ရဲ့လား"

မြင့်နိုင် သံသယ ဖြစ်မိသည်။

"အို——ဘာပဲဖြစ်ဖြစ်၊ ငါပြောရင်တော့ သူငြင်းမှာ မဟုတ်
ပါဘူး၊ အင်း——ဒါပေမဲ့ သူ့နှလုံးသားက မချစ်ဘဲနဲ့ ကျေးဇူး
တရားကြောင့် လက်ခံတာဆိုရင်တော့ ကောင်းပါ့မလား။ ငါက ကူညီ
ခဲ့တာကို အကြောင်းပြပြီး အခွင့်အရေးယူရာ ကျနေမှာလား"

မြင့်နိုင် စိတ်ထဲ ထိုသို့မဖြစ်စေချင်။

"သူကပါ ငါချစ်သလို ပြန်ချစ်မှ ပျော်စရာကောင်းမှာ"

ဦးရိမ်စိတ်ကလေးနှင့် မျှော်လင့်ရပြန်သည်။

"ဖြစ်နိုင်ပါစေ——အောင်ပါစေ" ဆိုတဲ့ ဆုတောင်းက[illegible] မှာပါ။

"အစ်ကို ၁၁၀ ပျော်ရွှင် ချမ်းမြေ့ပါစေ" ဆိုတဲ့ဆု[illegible] ပြည့်စေချင်ရင်တော့ သူပြန်ချစ်မှဖြစ်မယ်၊ ကောင်းတယ် သူက[illegible] ရင် ဒီအတိုင်းပဲပြောမယ်"

မြင့်နိုင် ခြေလှမ်းများ ပြန်သွက်လာပြန်သည်။

နေ့စဉ်လိုပင် စပယ်ကလုံး လေးပန်ပြီး စောင့်နေမည့် နှယ်[illegible] ကို မြင်ချင်လှပြီ။

မြင့်နိုင် ပြုံးလိုက်သည်။

ဒီနေ့ညတော့ စံပယ်ပန်းကုံးလေး စည်းခြားဖို့ မလို[illegible] ဘူးဟု စဉ်းစားမိ၍ပြုံးမိသည်။

"အို——ဒီနေ့ညကစ ငါတို့နှစ်ယောက်အတွက် တ[illegible] မင်္ဂလာဦးည"

ကိုယ့်အတွေးနဲ့ကိုယ် မြင့်နိုင် ရင်တွေကဗို၍ ခုန်လာသည်

လမ်းထိပ်သို့ ရောက်လာပြီ။

လမ်းထဲဝင်လျှင် အိမ်တံခါး အပြင်ထွက်၍ မျှော်နေတ[illegible] သော နှယ်မာ့ကို မြင်ရတော့မည်။

လမ်းထဲသို့ ဝင်ခဲ့ပြီ။

ထွက်မျှော်နေသော နှယ်မာကို မတွေ့ရ။

"ဝင်းတံခါး အတွင်းမှာများ စောင့်နေလေသလား" ကိုယ[illegible] ခြေလှမ်းကိုပင် အားမရ။ ပို၍ မြန်မြန်လျှောက်သည်။ ဝင်းတံခါးအနီ[illegible] သို့ ရောက်လာပြီ။



ခုထိ နှယ်မာ အရိပ်အယောင်မျှ မမြင်ရသေး။

"ငါပြန်လာတာများ စောနေလို့လား"

၄ နာရီ ၁၀ မိနစ်။

နည်းနည်းတော့ စောနေသည်။

ဝင်းတံခါး အတွင်းဝင်လိုက်ပြီ၊ ခုထိ မမြင်ရသေး။

ရင်ထဲမှာ မကျေနပ်ချင်။

"ပုန်းများ နေသလား"

ဝင်းတံခါး၏ အနီးဝန်းကျင်ကို ကြည့်မိသည်။

ပုန်းနေစရာမရှိ၊ နှယ်မာကလည်း ထိုသို့ လုပ်မည်မဟုတ်။

"ခုထိ အိမ်ပေါ်က မဆင်းသေးဘာလား"

အိမ်ဆီသို့ လျှောက်လာခဲ့သည်။

"ဟော——ကိုမြင့်နိုင်တောင် ပြန်လာပြီ"

မခင်ရွှေ၏ အသံ

"နှယ်ရော မခင်ရွှေ"

သိချင်သည်ကို အရင်မေးလိုက်သည်။

"မြို့ထဲက သူ့အဒေါ်အိမ် သွားတယ်"

"ဗျာ——"

မြင့်နိုင် သိပ်ကို အံ့ဩ သွားရသည်။

"မြို့ထဲမှာ သူ့အဒေါ်ရှိတယ်လို့ ကျွန်တော် မသိပါဘူး။ ဘာ ဖြစ်လို့သွားတာလဲ မခင်ရွှေ၊ သွားစရာ ဘာအကြောင်းမှ မရှိပါဘူး"

မြင့်နိုင် နားမလည်နိုင်အောင် ရှိရသည်။

"ဟုတ်တယ် ကျွန်မတောင် မသွားဖို့ ပြောပါသေးတယ်"

သူက ကိုမြင့်နိုင် မရောက်ခင် ပြန်လာမှာတဲ့"

"ဘယ်အချိန်က သွားတာလဲ မခင်ရွှေ"

"နေ့လယ်လောက်ကတည်းက ထွက်သွားတာပဲ။ ပစ္စည်း
ပိုးစရာရှိလို့တဲ့ သူ့အိတ်ကြီးကို လွယ်ပြီး ထွက်သွားတာ

"ဟာ---ဒါဆိုရင် တစ်မျိုးပဲ"

မြင့်နိုင် အိမ်ပေါ်သို့ ခပ်မြန်မြန် တက်သွားသည်။

အပေါ်ထပ် တစ်ခုလုံး တိတ်ဆိတ်လျက်။

မြင့်နိုင်၏ စားပွဲပေါ်မှာ စာအိတ်သုံးအိတ်နှင့် ထည့်
သော စာသုံးစောင်။

မြင့်နိုင်၏ ရင်ထဲမှာ ထူပူသွားသည်။

"အမှားမှား အယွင်းယွင်း တွေတော့ ဖြစ်ကုန်ပြီ ထင်တယ်"

"အစ်ကို" ဟု ရေးထားသော အလယ်မှ စာအိတ်ကလေး
ယူ၍ ဖွင့်ဖတ်လိုက်သည်။

ငွေစက္ကူများနှင့်အတူ ထွက်လာသော စာတစ်စောင်၊

ငွေများကို ဘေးဖယ်ပြီး စာကို ဖတ်သည်။

အစ်ကို---

နွယ် ဒီသေစာ စာရေးကန်တော့ ခဲ့ပါတယ်။ ကြုံတွေ့ရ
တဲ့ ဒုက္ခတွေက လွတ်အောင် နွယ့်ကို အနစ်နာခံပြီး ကူညီခဲ့တဲ့ အစ်
အစ်ကိုကျေးဇူးတွေကို နွယ် ဘယ်တော့မှ မမေ့ပါဘူး။

အစ်ကိုဟာ ကျောင်းဆရာ တစ်ယောက်ပီပီ လူပတဲ့ စိတ်ထ
ရှိတယ်။ မွန်မြတ်တဲ့ စိတ်ထားလည်းရှိတယ်။ ကိုယ့်ကျင့်တရားလည်း
ကောင်းတယ်။

အစ်ကို့ကို နွယ်သိပ်လေးစားမိပါတယ်။

အိမ်ထောင်ရေးရဲ့ အချစ်ကိစ္စမှာ အစ်ကိုပြောတာကို နွယ်
သဘောကျပါတယ်။ အိမ်ထောင်ပြုတာ အချစ်ကို အခြေခံမှ အဆင်



မှာလည်း နှလုံးသားက လှုပ်ရှားခံစားရမှုဆိုတာ နွယ် လက်ခံပါတယ်။

ကိုလေးဘဝနဲ့ နွယ် လိုက်လာတော့ အစ်ကို့ဆီက အကူအညီ
ကို မငံ့မရဲ ချော်ကန်ခဲ့တာပဲရှိတယ်။ အိမ်ထောင်ရေးတို့ အချစ်တို့
ဆိုတာကို ဘာမှ အလေးအနက် မစဉ်းစားခဲ့ပါဘူး။

ဒါပေမဲ့ နွယ်ဝန်ခံပါရစေ အစ်ကို့နွယ် မရှက်ပါဘူး တောခိုကုန်း
အိမ်ကလေးမှာ အစ်ကိုနဲ့ အတူနေကြရင်း အစ်ကိုရဲ့ စိတ်နေသဘော
ထားနဲ့ မွန်မြတ်တဲ့ အကူအညီကို ကြုံရတော့ နွယ်အစ်ကို့ကို ကြည်ညို
လေးစားလာတယ်။

အစ်ကို စဉ်းစားကြည့်လေ (၇)ရက်အထိ အိပ်ရာကုတင်
တစ်ခုတည်းထဲမှာ အတူအိပ်ခဲ့ကြပေမယ့် အစ်ကိုဟာ နွယ်ကို အခွင့်
အရေးမယူခဲ့ဘူး။ သစ္စာရှိရှိ စောင့်ရှောက်ခဲ့တယ်။

နွယ်အစ်ကိုနဲ့ အတူနေခဲ့ရတာ သိပ်ကို ပျော်ပါတယ်။ အစ်ကို
ကို အကူအညီပေးနေရတာလည်း နွယ်ရင်ထဲမှာ သိပ်ကို ကြည်နူးပါ
တယ်။

အစ်ကိုနဲ့အတူ နေခဲ့ရတဲ့ရက်တွေဟာ နွယ့် ဘဝမှာ အဓိပ္ပာယ်
အရှိဆုံးရက်တွေပါ။ အဲဒီရက်တွေကို နွယ်ဘယ်တော့မှ မေ့နိုင်မှာ
မဟုတ်ပါဘူး။

နွယ့် ဆန္ဒအရဆိုရင် နွယ်အစ်ကိုနဲ့ လုံးဝခွဲ မသွားချင်ပါဘူး။

ဒါပေမဲ့ ဒီနေတော့ နွယ် ဆုံးဖြတ်ရပြီ အစ်ကို၊

ဒီနေ့ စာမေးပွဲပြီးရင် မနက်ဖြန်ကာ အစ်ကို သာဝတ္ထိကို
ပြန်ရတော့မယ်။

ဒီမှာ အစ်ကိုနဲ့ နွယ်အတူနေတာ ဘာမှ ပြဿနာမရှိပေမယ့်
အစ်ကို သာဝတ္ထိကို ပြန်တဲ့အထိ နွယ်လိုက်လာရင်တော့ အစ်ကို
သိက္ခာကို ထိခိုက်တော့မယ်---

အစ်ကိုရဲ့ မွန်မြတ်တဲ့ စိတ်ထားနဲ့ ကူညီတာကို နွယ် နို...
ပို့ပြီး အခွင့်အရေး မယူသင့်တော့ဘူး။

အစ်ကို့ ဘဝ လွတ်လွတ်လပ်လပ်နဲ့ ပျော်ရွှင်ချမ်းမြေ့...
ချင်တယ်——

နွယ်အမှန်အတိုင်းပဲ ပြောပါရစေ အစ်ကို၊ နွယ်အစ်ကို့ကို သိပ်ချစ်ပါတယ်။ အစ်ကို ပြောသလို နှလုံးသားထဲကလိုက်ခဲ့ချင်... ချစ်တာပါ။

ဒါပေမဲ့ အစ်ကို့ နှလုံးသားကတော့ အစ်ကိုသာ ပိုင်တယ်လေ၊ အစ်ကို့ လွတ်လပ်မှုအတွက် နွယ်က အနှောင့်အယှက် ဖြစ်မနေစေချင်တော့ဘူးလေ။

အစ်ကို့ နှလုံးသားမှာ ခံစားရတဲ့ ချစ်သူနဲ့တွေ့ပြီး အစ်ကို ဂုဏ်ယူတဲ့ အိမ်ထောင်ရေးမျိုးကို တည်ဆောက်နိုင်ပါစေလို့ နွယ် ဆုတောင်းခဲ့ပါတယ်။

အစ်ကိုနဲ့ နွယ် နှစ်ယောက်ပိုင်တဲ့ငွေ အားလုံးသုံးပြီးသမျှ ကျန်တာ ထားခဲ့ပါတယ်၊

ခရီးစရိတ် ငွေသုံးထောင် ယူသွားပါတယ်။ နွယ်တို့က တကယ် လက်ထပ်ခဲ့ကြတာ မဟုတ်တဲ့အတွက် ကိုလေးဘငွေတို့ လက်ဖွဲ့တဲ့ ငွေနဲ့ ကိုသန်းညွန့်တို့ လက်ဖွဲ့တဲ့ ငွေကိုလည်းသူတို့ပေးတဲ့ စာနဲ့ အတူပြန်ပေးလိုက်ပါတယ် အစ်ကို။

နွယ် တစ်ခုပဲ သိပ်ကို စိတ်မကောင်း ဖြစ်မိပါတယ်၊ အစ်ကို စာမေးပွဲဖြေပြီး ပြန်လာတဲ့ အစ်ကို့ကို "ဖြေနိုင်တယ်မဟုတ်လား အစ်ကို" လို့ အိမ်ဝင်းပေါက်က စောင့်ပြီး ဒီနေ့ မမေးရတော့ဘူးလေ-
—။



သိပ်ကို မေးချင်တာပဲ အစ်ကို——
အစ်ကိုဖြေနိုင်မှာပါ—— အောင်မှာပါ——
သွားတော့မယ်——အစ်ကို——

နွယ်

မြင့်နိုင်၏ မျက်လုံးများ မျက်ရည်နှင့် ဝေဝါးနေကြပါပြီ။ နွယ်မှာ ပစ္စည်းများထားသော နေရာကို လှမ်းကြည့်လိုက်တော့ ဘာပစ္စည်းမျှ မရှိ။

စာအိတ်ထဲကို အသေအချာ ပြန်ကြည့်တော့ စာအိတ်အောက်မှာ ထည့်ထားသော ငွေငါးသောင်း၊ ကုတင်ကို လှမ်းကြည့်လိုက်တော့ ကုတင်ခေါင်းရင်းဘောင်ပေါ်မှာ တင်ထားသည့် စပယ်ပန်းကုံး အခြောက်ကလေးတွေ။

ညစဉ် စည်းတားခဲ့သည့် စံပယ်ပန်းကုံးလေးများ၊

မြင့်နိုင် ကုတင်ခေါင်းရင်း ဘောင်ပေါ်မှ စံပယ်ပန်းကုံး အခြောက်ကလေးများ တယုတယ လှမ်းယူလိုက်သည်။

သူ သွားပြီ——

မြင့်နိုင် ရင်ထဲမှာ ဟာင်းလောင်းဖြင့် ဖြစ်သွားသလို ခံစားရသည်။

"သူ ဘယ်လိုထွက်သွားတာလဲ"

စာထဲမှာ ဘာမျှ ရေးမထား၍ ဘာမျှ မသိနိုင်။

စားပွဲပေါ်မှာ ကျန်သည့် စာကလေးနှစ်စောင်ကို မြင့်နိုင် ကောက်ယူလိုက်သည်။

တစ်စောင်က ကိုသန်းညွန့်နှင့် မခင်ငွေးတို့ အတွက်။

ကျန်တစ်စောင်က ကိုဘငွေနှင့် မထားရီအတွက်။

"ဖြစ်မှဖြစ်ရလေ——နွယ်ရယ်၊ အစ်ကို့ နှလုံးသားက လှုပ်ရှား နေအောင် ချစ်နေပြီဆိုတာ မသိခဲ့ဘူးလား၊ နွယ်ရယ်"

ဒီနေ့ဖွင့်ပြောမယ့်နေ့ ပျော်စရာကောင်းမယ့်နေ့ကြမှ ဝမ်း နည်းစရာ ဖြစ်ကုန်ကြပြီ——

မြင့်နိုင် ရင်ထဲမှာမှ ခံစားရလွန်းသည်။

÷ ÷ ÷



## အခန်း (၁၄)

မန္တလေး ဘူတာကြီး အတွင်းမှ တရွေ့ရွေ့ ထွက်ခွာသွားသော မြစ်ကြီးနား ရထား၏ နောက်ပိုင်းကို လှမ်းမျှော်ကြည့်ရင်း နွယ်မာ၏ ပါးပေါ်မှာ မျက်ရည်များ ကျလာသည်။

"သွားပြီ"

မြစ်ကြီးနား ရထားဖြင့် ကသာသို့ လိုက်သွားရေး အစီအစဉ် တစ်ခု ပျက်သွားရပြန်သည်။

ကသာတွင် အမေ ညီမ အငယ်ဆုံး ဒေါ်လေးရှိသည်။ သူ့ယောကျ်ားက ရဲစခန်းမှူး။

အကျိုးအကြောင်း ပြောပြလျှင် သူ့ဒုက္ခကို ကူညီမည်ထင်၍ ကသာသွားရန် မန္တလေးဘူတာကြီးသို့ လာခဲ့ခြင်းဖြစ်သည်။

သို့သော် လက်မှတ်ရအောင် အလုအယက် ကြိုးစားရင်း ပိုက်ဆံအိတ်ကို ခါးပိုက်နှိုက် ခံလိုက်ရသည်။

လက်မှတ် ရခါနီး၍ ပိုက်ဆံအိတ်ကို ထုတ်လိုက်မှ ဓားမှင့်ရှ သော အိတ်ထဲတွင် အပေါ်ဆုံးမှ တင်ထားသော ပိုက်ဆံအိတ်ပျောက်

နေမှန်းသိရသည်။

ဘူတာကြီးထဲမှာ ထိုင်ခုံတစ်ခုမှာ စိတ်ပျက် အားငယ်

ထိုင်ပြီး ငိုပစ်လိုက်မိသည်။

"ညီမလေး——ဘာဒုက္ခဖြစ်လို့လဲ၊ အစ်ကိုတို့ ဘာကူ

မလဲ——"

ဟု လူငယ် တစ်ယောက်နှင့် လူလတ် တစ်ယောက် လာ

ကြသည်။

သူတို့ မျက်လုံးများကို ကြည့်၍ နွယ်မာ မယုံ။

ဘာမှ အကူအညီ မလိုကြောင်းနွယ်မာ ပြန်ပြောလိုက်

သည်။

ဒါတောင် သူတို့က ထွက်မသွားသေး——

"ညီမလေး တစ်ယောက်တည်း ငိုနေတာ တွေ့လို့ပါ။ အကူ

အညီလိုရင် ပြောပါ အစ်ကိုတို့က လူကောင်းတွေပါ" ဟု ဘောင်း

ရှည်နှင့် စပို့ရှပ်နှင့် အသားမည်းမည်းလူက ဆက်ပြောသည်။

"ဟုတ်ပါတယ်—— အစ်ကိုတို့ လူကောင်းတွေပါ"

ထောက်ခံချက်ပေးနေသော အသားဖြူဖြူနှင့် လူငယ်ကို

လှမ်းကြည့်လိုက်တော့ ညာဘက်နားမှာ နားကွင်းနှစ်ထပ်နှင့်——

သူတို့ လူကောင်းဖြစ်ချင်ဖြစ်ပါမည်။ သို့သော် နွယ်မာမယုံ

ဝံ့။

သူတို့က ယောကျ်ားသားနှစ်ယောက်၊ ကိုယ်က မိန်းမလေး

တစ်ယောက်တည်း။

"မလိုပါဘူး——ကျွန်မအမေ ဆုံးသွားလို့ ငိုနေတာပါ၊

ရန်ကုန်က ပြန်လာမယ့် ကျွန်မယောကျ်ားကို စောင့်နေတာပါ၊ အခု

ရထားနဲ့ပါလာမှာပါ"



ဝတ္ထုတွေ အများကြီးဖတ်ထားသော နွယ်မာ ဇာတ်လမ်း

ကလေးတစ်ပုဒ် လုပ်လိုက်ရသည်။

"ဪ——အဲဒါဆိုလည်း ပြီးတာပါပဲ"

ကူညီချင်သူ နှစ်ယောက် ထွက်သွားကြသည်။

သို့သော် ဝေးဝေး မသွားဘဲ ခပ်လှမ်းလှမ်းမှ ကွမ်းယာဆိုင်

မှာ ကွမ်းယာဝယ်ရင်း စောင့်ကြည့် နေကြသည်ကို နွယ်မာ သတိထား

မိသည်။

မိမိ ထိုင်နေသည်က သီးခြားတစ်ယောက်တည်းဖြစ်၍ လူ

များများရှိသော နေရာသို့ ပြောင်းထိုင်ရသည်။

ငိုလည်း မငိုဝံ့တော့ပါ။

ဪ——လွတ်လွတ်လပ်လပ် ငိုခွင့်မရသော ဘဝ။ ပိုဝမ်း

နည်းလာ၍ ပိုပြီး ငိုချင်လာသည်။

မြစ်ကြီးနား ရထားတွဲ ထိုးလာ၍ လူများ လှုပ်လှုပ်ရှားရှား

ဖြစ်သွားကြသည်။

ရထားတွဲများပေါ်သို့ အလုအယက် တက်ကြသည်။

နွယ်မာ ရထားပေါ်သို့ ရောယောင်တက်ရန် အိတ်ကြီးကို

လွယ်ပြီး နေရာမှ ထလိုက်သည်။

လက်မှတ် မပါဘဲ ခိုးစီးရထား ခိုးစီးရမည်။

သို့သော် တကယ်တမ်း ကျတော့ နွယ်မာ ရထားပေါ်သို့

မတက်ဝံ့။ လက်မှတ်စစ် မေးလျှင်လည်း ဘာပြောရမှန်းမသိ။ ဒဏ်

ကြေးငွေ ဆောင်းလျှင်လည်း တစ်ပြားမှ မရှိ။

ကသာရောက်လျှင်လည်း ဒေါ်လေးတို့ ရှိ မရှိ သေသေချာချာ

မသိ။

ကသာပြောင်းသွားတာ သုံးနှစ်လောက်ရှိပြီး ဘာမျှ
အသွယ်မရှိ။

ခုလောက်ဆိုလျှင် တစ်ခြားတစ်နေရာ ပြောင်းချင်ပြေ
ရမည်။

နွယ်မာ ပြန်ထိုင် နေလိုက်သည်။

အခုတော့ မြစ်ကြီးနား ရထားကြီးထွက်သွားလေပြီ၊

ဘယ်သွားရမှန်း မသိ၊ ဘာလုပ်ရမှန်း မသိ။

ရထားထွက်သွား၍ ပလက်ဖောင်းပေါ်မှာ လူရှင်းသွားပြီ

တစ်ယောက်တည်း ဆက်ထိုင်နေလျှင် စောစောက လူ
ယောက် ပြန်ရောက် လာမည်ကို စိုးရွံ့မိသည်။

ကြောက်စိတ် လူများရာ နေရာသို့ ပြောင်းထိုင်လိုက်သည်

တစ်နေ့လုံး အချိန်တိုင်းမှာ အစ်ကို့ကို သတိရနေသည်

"ဒီအချိန် ဆိုရင် အစ်ကို ထမင်းစား ပြီးနေလိမ့်မယ်။ ဒီအချိ
ဆိုရင် ထမင်းစား ပြီးပါနီးလာပြီ"

လက်မှ နာရီကို ကြည့်ပြီး တွက်မိ တွေးမိသည်။

ညနေ လေးနာရီ ထိုးတော့ ရင်ထဲမှာ တလှပ်လှပ် ဖြစ်လာ
အောင် ခံစားရသည်။

"အစ်ကို ထမင်းစား ပြီးပြီပြီ"

အိမ်ကို ပြန်လာ နေရော့မည်။

ဒီနေ့မှ ထူးထူးခြားခြား ညနေ လေးနာရီစောင့်နေနေ
ထူးထူးခြားခြား ပြောသွားသည်။

လေးနာရီထိုးတော့ နေခရ ထိုင်မရအောင် ခံစားရသည်။

ဦးသန်းညွန့် အိမ်ဝင်းတံခါးသို့ အမြန်ဆုံး ရောက်အောင်
ပြေးသွားပြီး အစ်ကို့ကို စောင့်ကြိုလိုက်ချင်သည်။



"လူမရောက်နိုင်ပေမယ့် စိတ်နဲ့ စောင့်ကြိုနေပါတယ်၊
အစ်ကိုရယ်"

မျက်ရည်များက အလိုလို စီးကျလာပြန်သည်။

လေးနာရီ ဆယ့်ငါးမိနစ်။

အစ်ကို ပြန်ရောက်သည့် အချိန်၊

ငါ့ကို မတွေ့ရင် အစ်ကို ဘယ်လိုနေမလဲ၊

ကြည့်ချင် မြင်ချင်သည်၊

"ငါ့စာကို ဖတ်ပြီး အစ်ကို ဘယ်လို ခံစားရမလဲ"

ရင်ထဲမှာ ဆို့နင့်လာအောင် ဝမ်းနည်းမိသည်။

"အစ်ကို နှလုံးသားက လှုပ်ရှားခဲ့ရင် သိပ်ကောင်းမှာ"

နွယ်မာ တမ်းတမိသည်၊

"အစ်ကို ကသာ ငါ ချစ်သလို ပြန်ချစ်ရင် သိပ်ပျော်စရာ
ကောင်းမှာ"

ပျော်စရာ တွေးမိတာမှ ဝမ်းနည်းကြေကွဲစွာ ခံစားရသည်
မျက်ရည် မဆည်နိုင်အောင် ဖြစ်ရသည်၊

ရှိုက်သံ တစ်ချက်ကြောင့် ဘေးမှ ထိုင်နေသော အမျိုးသမီး
က လှည့်ကြည့်သည်။

ချက်ချင်း သတိထားပြီး မျက်ရည်များကို သုတ်ပစ်လိုက်
သည်၊

အခုထိ ဘာလုပ်သင့်သည်ကို နွယ်မာ မဆုံးဖြတ်နိုင်သေး။

ရေနီကို ပြန်သွားဖို့ကတော့ လုံးဝ မစဉ်းစား။

မိထွေး၊ မောင်နှမကို ဘီလူး သရဲလို ကြောက်သည်။

သူတို့ထံ ပြန်ရောက်မည့်အစား ငရဲကိုပင် သွားတော့မည်၊

ဆန္ဒအတိုင်းသာ ပြောရလျှင်တော့ ကိုသန့်းညွန့်ဆီ
သွားပြီး အစ်ကိုနှင့်တွေ့ချင်သည်။

သို့သော် အစ်ကို့ကို သိပ်သနားသည်။ ကိုယ့်အတွက်
အတွက် အစ်ကို့ကို ဒီထက်ပိုပြီး ဒုက္ခမပေးသင့်။ ဖြတ်လိုက်
သံယောဇဉ်ကို ဓွတ်အတင်းဖြတ်ရန် ဆုံးဖြတ်လိုက်သည်။

✣ ✣ ✣



## အခန်း (၁၅)

နွယ်မာနှင့် နှစ်ယောက်အတူ အိပ်ခဲ့ကြသောကုတင်ကြီးပေါ်မှာ မြင့်နိုင်တစ်ယောက်တည်း ထိုင်၍ ရှေ့မှာရှိသော စံပယ်ကုံး အခြောက်ကလေးများကို ဝမ်းနည်းစွာ ကြည့်နေမိသည်။

"ငါကိုက အကျယ်ချဲ့ပြီး ဟန်ကြီးပန်ကြီးတွေလုပ်မိလို့"

ကိုယ့်ကိုယ်ကိုယ် မကျေနပ်။

"အိပ်ချစ်စရာကောင်းတဲ့ ချစ်သူတစ်ယောက် တစ်အိပ်ရာတည်းရောက်ပြီးမှ စွန့်လွှတ်လိုက်ရတာ——"

နှမြော တသ နေမိသည်။

မချစ်ဘဲ ယူလိုက်ရတာမျိုးထက် အိပ်ချစ်ပြီးမှ မရတဲ့သူအတွက် ခံစားရတာမျိုးကို ပိုတန်ဖိုးထားတယ်။ ငါတွေးခဲ့တာတွေ၊ အခုတော့ ခံလိုက်——တန်တယ်။

ကိုယ့်ဘာသာ ဒဏ်ခတ်နေလိုက်သည်။

"အေးလေ——အဲဒီတုန်းက ခုလို မတွေးဘဲ လွယ်လွယ်ကူကူ ယူခဲ့ရင်လည်း ငါချစ်သလို အချစ်မျိုးက ဖြစ်ချင်မှ ဖြစ်တော့မှာ"

အနုတော့---ချစ်တယ်---သိပ်ချစ်တယ်။ ငါ့နှလုံး[illegible]
တွေ ကွဲကြေမတတ် ခံစားရတယ်။

နွယ်ကို မတွေ့တွေ့အောင်လို့ လိုက်ရှာမယ်၊ ဘယ်လော[illegible]
ခက်ခက်၊ မရရအောင် ပြန်ယူမယ်။

မြင့်နိုင် ဆုံးဖြတ်ပြီး ကုတင်ပေါ်မှ ဆင်းလိုက်သည်၊

စားပွဲပေါ်မှ စာအိတ်လေး တစ်အိတ်ကို ကောက်ယူပြီး [illegible]
အောက်သို့ ဆင်းခဲ့သည်၊

ကိုသန်းညွှန့် ပြန်ရောက်နေပြီ။

ချက်ပြုတ်နေသော မခင်ဆွေးကို ကူညီနေသည်၊

သူတို့ လင်မယား ခုထိ ဘာမျှ မသိသေး။

ကိုသန်းညွှန့်ရော့ရော့ ဒီစာဖတ်ကြည့်။

မြင့်နိုင်က ကိုသန်းညွှန့် ဘက်သို့ စာအိတ်ကလေး ပေးလိုက်
သည်။

မြင့်နိုင်၏ မျက်နှာကို လှမ်းကြည့်ပြီး ကိုသန်းညွှန့်[illegible]
မခင်ဆွေးပါ တစ်ခုခုတော့ ဖြစ်ပြီဟု နားလည်လိုက်သည်။

ကိုသန်းညွှန့်က ပိတ်ထားသော စာအိတ်ကိုဖွင့်လိုက်သည်၊

ငွေတစ်သောင်းနှင့် စာတစ်စောင် ထွက်လာသည်။

ကိုသန်းညွှန့်နှင့် မခင်ဆွေးတို့ စာကိုအတူပင် ဖတ်ကြသည်၊

"ဟယ်---စိတ်မကောင်းလိုက်တာ နွယ်ရယ်"

မခင်ဆွေး စာဖတ်ပြီးသည်နှင့် ငိုသံပါနှင့်ပြောရင်း စီးကျလာ
သော မျက်ရည်များကို လက်ဖြင့် သုတ်ပစ်လိုက်သည်။

"အို---ဆွေးကလည်း ဒါစိတ်မကောင်းစရာ မဟုတ်ပါဘူး။
ကို မြင့်နိုင် အတွက်လွတ်လွတ်လပ်လပ် ဖြစ်သွားတာကောင်းတာ
ပေါ့"



"ဗျာ---ဘယ်လို"

ကိုသန်းညွှန့် ပြောပုံကို မြင့်နိုင် မကျေနပ်။

"ဒါဟာ မိန်းကလေး တစ်ယောက်အတွက် သိပ်အရှုံးရာယ်
များတယ်ဗျ"

မြင့်နိုင် ပြောပုံက ဒေါသပါသည်။

"ဟုတ်တော့ ဟုတ်တာပေါ့ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ
ခင်ဗျားက သူ့ကို မချစ်ဘဲဗျာ၊ အခြေအနေကြောင့်သာ လက်ထပ်
ထားရပေမယ့် သူ့ကို တကယ်ယူနိုင်တာမှ မဟုတ်ဘဲ၊ ရေရှည်ဒီအတိုင်း
ဆက်နေသွားရင် ခင်ဗျားအတွက် သိပ်နစ်နာတာပေါ့ နွယ်မာက
လည်း ဒါကိုတွေးမိလို့ ထွက်သွားတာပေါ့"

ကိုသန်းညွှန့် ပြောပုံက သူ့ကို အရွဲ့တိုက်ပြောနေသည်၊
ဟု မြင့်နိုင် ခံစားရသည်။

"မဟုတ်ဘူးဗျ။ ကိုသန်းညွှန့် ခင်ဗျားပြောတာ တစ်ခု
မဟုတ်ဘူး။ ကျွန်တော်အခု သူ့ကို ချစ်နေပြီဗျ၊ ကျွန်တော်ဒီနေ့ ညနေ
သူ့ကို ချစ်တဲ့အကြောင်း ဖွင့်ပြောတော့မလို့၊ အခုသူက မရှိ
တော့ဘူးဗျ"

မြင့်နိုင် ရင်ထဲမှပေါက်ကွဲထွက်လာသော စကားများဖြစ်
သည်။ မြင့်နိုင် ပြောခဲ့သလိုပင် တကယ်ချစ်ပြီဆိုတော့ မရှက်နိုင်၊
မကြောက်နိုင် ဘာကိုမျှ ဂရုမစိုက် နိုင်တော့ပါ။

"ဒါဖြင့်လည်းဗျာ ခင်ဗျားဖွင့်ပြောမှာက နောက်ကျလိုက်တာ
မနက်ကလောက် ပြောခဲ့ရင် ဘယ်လောက်ကောင်းလိုက်မလဲဗျာ"

ကိုသန်းညွှန့် စိတ်မကောင်း ဖြစ်ရသည်၊

"ဟုတ်ပါရဲ့ရှင်၊ သူ့ခမျာ ကိုမြင့်နိုင်ကို ချစ်လျက်နဲ့ ထွက်သွား
ရတာ၊ သနားစရာ ကောင်းလိုက်တာ"

"အဲဒါ ကျွန်တော် အခုဘယ်လိုလုပ်ရမလဲဗျား၊ ကိုသန်းညွန့် ပြောပါဦး၊ ဘယ်လိုက် ရှာရမှန်းလည်း မသိဘူး"

ကိုသန်းညွန့် ဘယ်လိုအကြံပေးရမှန်း မသိ၊

"သူ့ အဒေါ်အိမ်ဆိုတာရော ကိုမြင့်နိုင် သိလား"

"မဟုတ်ပါဘူး၊ ဒီမြို့လေးမှာ သူ့အဒေါ် မရှိပါဘူး၊ အဲ့ မခင်ဌေးကို ညာပြီး ထွက်သွားတာပါ"

"အို—— အဲဒီလိုဆိုရင် သူဘယ်တွေကိုများထွက်သွား လိမ့်မနော်——"

နှယ်မာ အတွက် မခင်ဌေး စိတ်ပူရပြီ။

"ကျွန်တော် အခု ညတွင်းချင်းပဲ ရေနီကို သွားမယ်ဗျာ"

"ဘာဖြစ်လို့လဲ ကိုမြင့်နိုင်"

"သူ——ရေနီအိမ်ကိုများ ပြန်သွားသလားလို့"

မိထွေးဖြစ်သူက သူမောင် ကိုအောင်မြတ်ဆိုသူနှင့် ပေးစားမှာကို စိုးရိမ်သည်၊

"ဟင်——အဲဒီလို လုပ်လို့ရတော့ကွာ——ဝါ တရားဝင် လက်ထပ်ထားတာ"

မြင့်နိုင် စိတ်မြန် ကိုယ်မြန်နှင့် ထိုင်ရာမှ ထလိုက်သည်
"စဉ်းစားပါဦး ကိုမြင့်နိုင်၊ ကျွန်တော်ကတော့ သူရေနီပြန်လိမ့်မယ် မထင်ဘူး"

ကိုသန်းညွန့်က တွေးတွေးဆဆ ပြောသည်။

"ဘာဖြစ်လို့လဲ"

"အစကတည်းက သူမိထွေး စီစဉ်တာကို မကျေနပ်လို့ ထွက်လာခဲ့တာပဲဗျ၊ ခင်ဗျားကို သူချစ်ပြီးမှတော့ ဟိုလူကိုပြန်ယူရမယ်



နေရာ သူဘယ်ပြန်ပါမလဲ"

ကိုသန်းညွန့် စဉ်းစားပုံကို မြင့်နိုင် သဘောကျသည်။

"ဒါဖြင့် သူဘယ်သွားမယ်ထင်လဲ ကိုသန်းညွန့်လုပ်ပါဦး"

မြင့်နိုင် အမောတကော ဖြစ်နေပြီ။

"စိတ်အေးအေးထားပြီး စဉ်းစားကြတာပေါ့ ကိုမြင့်နိုင် ကျွန်တော်ကတော့ ဒီနေ့တစ်ည ခင်ဗျား ဒီမှာပဲ ဆက်နေစေချင်တယ်။ သူ့ ခင်ဗျားအပေါ်မှာ တော်တော်ကို သံယောဇဉ်ကြီးတာဗျ။ ကျွန်တော် တို့ လင်မယားသိတယ်

ကျွန်တော်တို့က ခင်ဗျားတို့ နှစ်ယောက်ကို တကယ့်ကို ပြေလည်နေကြတယ် ထင်တာ"

"ပြေလည် တာပဲဗျ"

"မဟုတ်ဘူးဗျာ တကယ် ညားနေကြတယ် ထင်တာ၊ ခင်ဗျား တို့ကလည်း နှစ်ယောက်စလုံးဗျာ ဒီအကြောင်း ကျွန်တော်တို့ကို ဘယ်သူမှ မပြောပြကြဘူး။ ကျွန်တော်တို့သာ ကြိုသိရင် ဒီလိုဘယ် ဖြစ်မလဲဗျာ"

"ဟုတ်တာပေါ့ ဌေးက သူ့ကို ဘယ်လွှတ်မလဲ"

မခင်ဌေးက သူလွှတ်လိုက် မိသည်ကို စိတ်မကောင်း။

"ကျွန်တော်ကလည်း ဒီလိုလုပ်သွားလိမ့်မယ် မထင်လို့ပေါ့ ဗျာ။ ထင်ရင် မနက်ကတည်းက ပြောခဲ့မှာပေါ့။ ကျွန်တော့် စိတ်ကူး က ညနေစာစားပွဲပြီးမှ လွတ်လွတ်လပ်လပ်နဲ့ ဝမ်းသာအားရ ပြောမလို့"

ကိုသန်းညွန့်ရော မခင်ဌေးပါ မြင့်နိုင်ကို ကြည့်၍ စိတ်မ ကောင်းဖြစ်ကြရသည်။

“နေပါဦးဗျာ၊ ခင်ဗျားကို သူလွယ်လွယ်နဲ့ ခွဲမထွက်သွား
ပါဘူး။ ပြန်များ လာဦးမလား။ ကျွန်တော့် စိတ်ထဲထင်နေလို့”

ကိုသန်းညွန့် စကားကြောင့် မြင့်နိုင် အားတက်မိသည်။

သို့သော် ထွက်သွားပြီးမှတော့ ပြန်လာပါ့မလားဟု မြ
သံသယ ဖြစ်မိသည်။

“သူ့အသားတော့ ပြန်လာမှာ မဟုတ်ဘူးဗျာ”

“သူထွက်သွားတုန်းက ဘာနဲ့သွားလဲ၊ ဘယ်ကိုသွားလဲ
တာ လမ်းထိပ်ကဆိုင်နဲ့ ဆိုက်ကားသမားတွေကို မေးကြည့်
နည်းနည်းပါးပါးများ သိနိုင်မလား ကိုသန်းညွန့်မေးကြည့်ပါလား
သူ့ရုပ်ကလေးက မြင်တဲ့လူတိုင်း စိတ်ဝင်စားတယ်။ သတိထားမိ
ထားမိကြမှာပေါ့”

မခင်ရွှေက မိန်းမတွေး တွေး၍ အကြံပေးသည်။

“ဒါလည်း ဟုတ်တာပဲဗျ၊ လုပ်ကြည့်သင့်တယ်၊ လာ
ကိုမြင့်နိုင် မျှော်လင့်မထားမယ့် သတင်းရချင်လဲ ရနိုင်တယ်ဗျ”

ကိုသန်းညွန့်နှင့်မြင့်နိုင်တို့ လမ်းထိပ်ကို ထွက်ခဲ့ကြသည်။

သောက်နေကျ လက်ဖက်ရည်ဆိုင်မှ မေးကြည့်သည်။

မသိ၊ သတိမထားမိ။

ဆိုက်ကားသမားများကို မေးကြည့်သည်။ ဘာမျှမသိ၊

“ဘယ်သူလဲ၊ ဘာဖြစ်လို့လဲ” ကိုယ့်ပြန်မေးနေကြသည်ကို
ဖြေရှင်းရသည်များသာ စိတ်ပျက်စရာ ပိုလာသည်။

“ကဲ—လာဗျာ ကိုမြင့်နိုင်၊ ထွက်လာ လက်စနဲ့တော့
ထူးဘူး။ ဘူတာကြီးတို့ ကားဂိတ်တို့ လိုက်ရှာကြည့်ရအောင် တွေ့
လိုတွေ့ငြားပေါ့ဗျာ”



ကိုသန်းညွန့် ပြောသည်ကို မြင့်နိုင် သဘောကျသည်။
ထိုင်နေရသည်ထက်စာလျှင် ရှာနေရသည်က အားတက်
သည်။

“လာဗျာ သွားကြစို့”

✣ ✣ ✣

## အခန်း (၁၆)

တဖြည်းဖြည်းနှင့် ဘူတာထဲမှာ လူတွေများလာတယ်၊

ရထားတွေက တစ်စီးပြီး တစ်စီး ထွက်လိုက်၊ ဝင်လိုက်[illegible]

နွယ်မာ့ဘေးမှာ ထိုင်သူတွေက အပြောင်းအလဲရှိသော်လည်[illegible]

နွယ်မာကတော့ မတုန်မလှုပ် ငုတ်တုတ်။

ရန်ကုန်ဘက်မှ ရထားတစ်စင်း ဝင်လာသည်။

ရထားပေါ်မှ လက်ပြသူ၊ အောက်မှ ကြိုဆိုနှုတ်ဆက်[illegible]

အပြေးအလွှား သွားလာလှုပ်ရှားသူတွေ ရှုပ်သွားသည်။

ရထားရပ်သည်နှင့် ဆင်းလာသူတွေ ခေါ်သံ၊ အော်သံ[illegible]

လူများစွာ သံစကာ တံခါးမှ အတင်း တိုးထွက်လာကြသည်၊

"အစ်ကိုရေ---အစ်ကို---စိုး---ဒီမှာ"

မိန်းမချောလေး တစ်ယောက် သံစကာနားမှာ ကပ်[illegible]

အော်နေသည်။

"ဟော စိုး---ဟဲဒီမှာ စောင့်နေ အစ်ကိုလာခဲ့မယ်"

အိတ်အဝါကြီး တစ်လုံးကို လွယ်ထားသော လူငယ်တ[illegible]



ယောက်က လှမ်းအော်ပြောရင်း အမြန်လျှောက်လာသည်၊

ရထားပေါ်မှ ဆင်းလာဟန် တူသည်။

"သူ့အစ်ကိုက ငါ့အစ်ကိုလောက် ကြည့်မကောင်းပါဘူး"

နွယ်မာ အစ်ကိုချင်းပြိုင်ပြီးမှ ဝမ်းနည်းစိတ် ဖြစ်မိသည်။

"သူ့အစ်ကိုက သူ့ဆီကို လာနေပြီ၊ ငါက ငါ့အစ်ကိုနဲ့ ဝေး

အောင် ပြေးနေရတယ်"

အိတ်အဝါနှင့် လူငယ် သံစကာတံခါးမှ အတင်းတိုးဝှေ့ထွက်

လာသည်။

"ရထားက နောက်ကျလိုက်တာ"

"မျှော်လိုက်ရတာ အစ်ကိုရယ်---"

ဆိုတာမျိုးတွေ ပြောရင်း လာသူနှင့် ကြိုသူဝမ်းသာအားရ

တွေ့ဆုံကြသည်။

"ပေးလေ---အိတ်"

မိန်းကလေးက လူငယ်၏ လွယ်ထားသော အိတ်ကိုတောင်း

သည်၊

"ရတယ်---နေပစေ"

လူငယ်က မပေး။

"ပေးစမ်းပါ"

မိန်းကလေးက လူငယ်၏ ပခုံးမှ အိတ်ကြီးကို အတင်းဆွဲ

ဖြုတ်ပြီး သူ့ပခုံးမှာ လွယ်လိုက်သည်။

နှစ်ဦးသား ပြုံးပြီး လူငယ်က မိန်းကလေး၏ ပခုံးကို

ကြင်နာစွာ ဖက်၍ နွယ်မာ့ရှေ့မှ ဖြတ်သွားကြသည်။

နွယ်မာ့ ပါးပေါ်မှာ မျက်ရည်များ စီးဆင်းလာကြသည်။

အခ်ကိုပြန်လာတိုင်း ဝင်းပေါက်မှ ကြို၍ လွယ်အိတ်ဆော... ယူသည်ကို သတိရ သောကြောင့် ဖြစ်သည်။

အစုလိုက် လှုပ်ထွက်လာသော လူတစ်အုပ် နှယ်မာ... တိုးဝှေ့ သွားကြပြန်သည်။

မိမိကို နင်းမိ တိုက်မိမည်စိုး၍ ခုံပေါ် ထိုင်နေရာမှ ထော... ထားသော ခြေထောက်က နောက်ဆုတ်ပေးလိုက်ရသည်။

"ဘေးကို --- ဘေးကို"

ပစ္စည်းများ တင်ထားသည့် တွန်းလှည်း တစ်စီးနောက်... နောက်နေ၍ လူများ ပိုရှုပ်သွားသည်။

"အို---ဟဲ့---ဟဲ့--- ငြော်---ခုကွပါပဲ"

အသားဖြူဖြူ မွန်မွန်ရည်ရည် အဒေါ်ကြီး တစ်ယော... တိုးဝှေ့ သူများကြောင့် နှယ်မာတက်ကာပြီး လူအုပ်ထဲမှ လှုတ်အေ... အတင်းတိုးဝှေ့ ထွက်သွားရသည်။

"အို"

အဒေါ်ကြီး၏ ပခုံးပေါ်မှ ပုံးမွှေးဆွယ်တာ လျှော... နှယ်မာ ဒူးပေါ်မှာ တင်ကျန်ရစ်သည်။

"အဒေါ်ကြီး---အဒေါ်ကြီး"

"ဘေးကို---ဘေးကို---"

"ဘေးကို---"

နှယ်မာ အဒေါ်ကြီးကို လှမ်းခေါ်သော်လည်း တွန်းလှည်း... သမားတို့၏ အော်သံ ဆူညံသွားသည်။

တွန်းလှည်း သုံးစီးက နှယ်မာရှေ့မှ ဖြတ်ပြီး တွန်းသွား... နှယ်မာ ရုတ်တရက် ထမရ။



အဒေါ်ကြီးကို မျက်ချည် မပြတ်အောင် လှမ်းကြည့်နေခဲ့မှာပင် လူအုပ်ကြားထဲတွင် ပျောက်သွားသည်။

ဆွယ်တာ အင်္ကျီ၏ ဘေးအိတ်ထဲမှာ ဘူးပိုင်းလေး တစ်ခုကို စမ်းမိသည်။

တွန်းလှည်းများ လွန်သွားသည်နှင့် သူ့အိတ်ကြီးကို လွယ်ပြီး နှယ်မာ အမြန်ထသည်။ အဒေါ်ကြီး ထွက်သွားရာ ဘက်သို့အမြန် လိုက်သည်။

အဒေါ်ကြီးမှာ သူ့ပခုံးပေါ်မှ အင်္ကျီ ကျန်ရစ်သည်ကိုပင် သိဟန်မတူ။

ဘူတာထဲတွင် အဒေါ်ကြီးကို လုံးဝ မတွေ့။

ဘူတာ အပြင်မှ မော်တော်ကားများ ရပ်ထားရာ နေရာတွင် လိုက်ရှာသည်။

"ဟယ်---တော်ပါသေးရဲ့ ဟိုမှာ---"

ဂျစ်ကား တစ်စင်းဘေးမှာ ရပ်နေသော အဒေါ်ကြီးကို တွေ့ရသည်။

အဒေါ်ကြီးက ဘူတာဘက်သို့ ပြန်ကြည့်နေသည်။

သူ့မျက်နှာတွင် စိုးရိမ် သောကများ ဖုံးလွှမ်းလျက်။

"ဒေါ်ဒေါ်---ဒေါ်ဒေါ် အင်္ကျီ မဟုတ်လား"

"ဟယ်---ကလေးမရယ်၊ ဟုတ်တယ်---ဟုတ်တယ်"

"ဒါ ဒေါ်ကြီးအင်္ကျီ မင်း ဘယ်မှာ တွေ့တာလဲ"

"ဒေါ်ကြီး လူတွေကြားထဲ တိုးသွားရင်း ကျွန်မထိုင်နေတဲ့ အပေါ်မှာ ပြုတ်ကျကျန်ခဲ့တာ ဒေါ်ကြီးကို ကျွန်မ အော်ခေါ်ပါသေးတယ်။ ဒေါ်ကြီးက မကြားဘူး"

"အို—ဟုတ်လား"

အဒေါ်ကြီးက အကျီကို လှမ်းယူရင်း ဘောအိတ်ဆီသို့ လ… လျှောက် သွားသည်။

"အိတ်ထဲမှာ ဘူးတစ်ခုကိုတော့ စမ်းမိတယ်၊ ကျွန်မလည်း မကြည့်ဘူး၊ ဒေါ်ကြီး ကြည့်လိုက်ပါဦး"

"ဪ—အေး—အေး"

အဒေါ်ကြီးက ဘောအိတ်ထဲမှ ဘူးလေးကို ထုတ်ယူပြီး မှ… များသလဲ ဖွင့်ကြည့်လိုက်သည်။

ပြိုးပြိုးပြက်ပြက် ရောင်စဉ် တန်းလေးများ ပြေးထွက် လာသော စိန်လက်ကောက်ကြီး တစ်ကွင်း။

"ဪ—ကျော့ခွေးတင်လိုက်တာ ကလေးမရယ်၊ ဒေါ်ကြီး က ခုပဲသိလို့ ပြန်ရှာဦးမယ် လုပ်ပြီးမှရှာ မဟုတ်တော့ပါဘူး၊ စိတ်ပျက်နေတာ၊ နေဦးကလေးမကို ဆုပေးရဦးမယ်။ ရိုးသားလိုက် တဲ့ မိန်းကလေး"

"ဟင့်အင်း နွယ် ဘာမှ မလိုချင်ပါဘူး ဒေါ်ကြီး"

နွယ်မာက ငြင်းပြီး ပြန်ထွက်လာရန် လှည့်လိုက်သည်၊

"ဒီကိစ္စကို အစ်ကိုသာသိရင် ငါ့ကို ဆူးကျူးမှာ"

အရေးထဲမှာပင် အစ်ကို့ကို သတိရလိုက်သေးသည်။

အစ်ကို့ကို သတိရသည်နှင့် မျက်ရည်များက အလိုလိုစီးကျ လာကြသည်။

"ကလေးမ ကလေးမ နေပါဦးကွယ်—နေပါဦး"

အဒေါ်ကြီး နွယ်မာလက်ကို နောက်မှ လှမ်းဆွဲထားသည်၊

"အို—ကလေးမ ငိုနေတာလား ဘာဖြစ်လို့လဲ"



"ဘာမှ မဖြစ်ပါဘူး ဒေါ်ကြီး"

ပြောရင်းမှ မျက်ရည်များ စီးကျလာသည်။

"ဪ---ကလေးမရယ်၊ မင်းဘယ်သွားမလို့လဲ"

"နွယ် ကသာကို သွားမလို့ပါ"

"ဒီအချိန်ဆိုရင် မြစ်ကြီးနားရထားက ထွက်သွားပြီပေါ့"

ဂျစ်ကား နောက်ပိုင်းမှ ပစ္စည်းများ တင်နေသော ကားသမား က လှမ်းပြောသည်။

"မင်း တစ်ယောက် တည်းလား"

အိတ်ကြီး လွယ်ထားသော နွယ်မာ့ကို ကြည့်ပြီး အဒေါ်ကြီး ကမေးသည်။

နွယ်မာ ခေါင်းညိတ်ပြသည်။

"ရထား မမီလိုက်လို့လား"

"ရထားမီပါတယ် ဒေါ်ကြီး လက်မှတ် တန်းစီနေတုန်း နွယ် ပိုက်ဆံအိတ်ကို ခါးပိုက်နှိုက် ခံရလို့ လက်မှတ်ဝယ်စရာ မရှိတော့ လို့ပါ"

"အို——ဖြစ်မှ ဖြစ်ရလေ ကလေးမရယ်၊ ခု ဘယ်ပြန်သွား မှာလဲ"

နွယ်မာ့ ပါးပြင်ပေါ်မှာ မျက်ရည်များ စီးဆင်းလာကြပြန် သည်။

အဒေါ်ကြီးက နွယ်မာကို အကဲခတ်သည်။

"မင်း အိမ်က ထွက်ပြေး လာတာလား ကလေးမ"

နွယ်မာက ခေါင်းညိတ်ပြသည်။

"ဘယ်ကလဲ"

"ရေနံကပါ"

ဘာဖြစ်လို့ အိမ်က ထွက်ပြေးရတာလဲ မိန်းကလေးရဲ့

အဒေါ်ကြီး မေးပုံက အပြစ်တင်သော လေသံ။

"နွယ် မိထွေးက နွယ်ကို ကလေးသုံးယောက် အဖေရှိ

သူဌေးနဲ့ အတင်းပေးစားလို့ပါ"

"အို ဟုတ်ရဲ့လားကွယ်"

"ဟုတ်ပါတယ်——အဒေါ်ကြီး"

"ဒါဖြင့် မင်း ခု ဘယ်သွားမယ့် စိတ်ကူးလဲ"

"နွယ်မှာ ဘာမှ စိတ်ကူး မရှိသေးပါဘူး နွယ် သွားပါရ

ဒေါ်ကြီး"

မျက်ရည်များကို သုတ်ပစ်လိုက်ရင်း နွယ်မာ ထွက်လာ

သည်။

"ဟဲ——ကလေးမ နေဦး၊ အဲ——ဒီ ဟဲ့ အာလူးလိုက်ပေ

ပေးစမ်း"

နွယ်မာက သူ့ ကျေးဇူးရှိသူထံမှ အခွင့်အရေး မယူရက်

ခေါ်နေသည့်ကြားမှ ခပ်မြန်မြန် ထွက်လာခဲ့သည်။

"ဟေ့——ဟေ့ နေဦးလေ ကလေးမ နေဦးကွ"

ကားသမားက နွယ်မာ့ရှေ့မှ ဆီးကာလိုက်ပြီး နွယ်မာ့လက်

ကို မကိုင်ရဲ၍ လွယ်ထားသော အိတ်ကြီး၏ ကြိုးကို ကိုင်ထားလိုက်

သည်။

"ဟင့်အင်း—— ကျွန်မ သွားတော့မယ် လွှတ်ပါ"

ကားသမားက လွှတ်မပေး။

အဒေါ်ကြီး ရောက်လာသည်။



နွယ်မာ လက်ကို ဆုပ်ကိုင် ထားလိုက်သည်။

"ဟဲ——အာလူး ကားဆီသွားတော့"

"ဟုတ်ကဲ့——"

အာလူး ကားဆီသို့ ပြန်သွားသည်။

"လာ——လာ သမီးလာ ဒီလို စိတ်ထင်ရာ လျှောက်သွားရင်

မင်းဒုက္ခရောက်မှာပေါ့ကွယ်၊ မင်းကျေးဇူးတွေ အဒေါ်ကြီးမှာ"

"အဲဒီ ကျေးဇူးကြောင့် ဒေါ်ကြီးက ပြန်ကူညီမှာကို နွယ်မရ

ချင်လို့ပါ။"

"သော်——မဟုတ်တာကွယ်၊ ကျေးဇူးမရှိလည်း ဒုက္ခရောက်

နေသူကို မိန်းမချင်းကူညီရမှာပေါ့ကွယ် လာပါသမီးရယ်"

အဒေါ်ကြီး ကားဆီကို ခေါ်သွားသည်။

ကားနားသို့ ရောက်မှ အိမ်ခေါ်သွားရန် သင့် မသင့် ပြန်

စဉ်းစား နေသည်။

"သမီးမှာ မှတ်ပုံတင် ပါလား" အဒေါ်ကြီးက ညင်သာစွာ

မေးသည်။ နွယ်မာ ခေါင်းညိတ်ပြသည်။

မှတ်ပုံတင် ကတ်ပြားက အိတ်ကြီး၏ ဘေးခပ်အိတ်ထဲမှာ

ထည့်ထားသောကြောင့် ပိုက်ဆံအိတ် ခါးပိုက်နှိုက်ရာမှ ပါမသွားဘဲ

ကျန်ရစ်ခဲ့သည်။

"ဘယ်လိုမှ မအောက်မေ့နဲ့နော် ဒေါ်ကြီးကို စထပြပါ။"

နွယ်မာကလည်း သူ့ကို အလိမ်အညာ မထင်စေချင်၍ ထုတ်

ပြလိုက်သည်။

အဒေါ်ကြီးက အသေအချာ ကြည့်သည်။

"ကဲ့——ကားပေါ်တက် သမီး။ ဟဲ့——အာလူး အိတ်ကိုယူ

ပြီး ကားပေါ်တင်လိုက်"

အဒေါ်ကြီး စိတ်ရှုလက်ရှု ဆုံးဖြတ်လိုက်ဟန် တူပါသည်။

"စိတ်မရှိနဲ့နော် သမီး၊ လူလိမ် လူညာတွေက ပေါလွန်းလို့ ကူညီချင်ပေမယ့် သတိထားရတယ်၊ သမီးက တကယ်ဒုက္ခဖြစ်နေတဲ့ မိန်းမကောင်းလေးပါ ဒေါ်ကြီးကူညီမယ် ဒေါ်ကြီး အိမ်လိုက်ခဲ့"

နွယ်မာ မငြင်းတော့ပါ ငြင်းလျှင်လည်း သူ့မှာ သွားစရာမဲ့ နေစရာမရှိ။

✣ ✣ ✣



## အခန်း (၁၃)

ကိုသန်းညွန့်နှင့်မြင့်နိုင်တို့ မြို့ထဲသို့ ဘတ်စ်ကားဖြင့် လိုက်ပြီး ကားဂိတ်များမှာ တစ်နေရာပြီး တစ်နေရာ လိုက်ရှာကြသည်။

ဘယ်မှ ရှာမတွေ့။

နေ့ခင်း ကတည်းက ထွက်သွားခြင်း ဖြစ်သောကြောင့် ရှာသာရှာရသည် သိပ်တော့ မျှော်လင့်ချက် မရှိ။

အပြန်မှာ ဘုတာကြီးသို့ ဝင်ကြည့်ကြသည်။

နွယ်မာ အရွယ် မိန်းကလေး မြင်သမျှ နွယ်မာ လေလားဟု လိုက်ကြည့်ရသည်။

ထိုအချိန်မှာပင် ရန်ကုန်မှ ရထားတစ်စီး ဝင်လာ၍ ဆင်းသူကြိုသူတို့နှင့် ဘူတာထဲမှာ လှုပ်ရှပ်သွားသည်။

ရှုပ်သည့်ကြားမှာပင် ကိုသန်းညွန့်ရော မြင့်နိုင်ပါ အလေအချော လိုက်ရှာကြသည်။

ဘူတာထဲမှာ လူရှင်းသွားမှ စိတ်ပျက်လက်လျှော့ပြီး ပြန်ထွက်ခဲ့ကြသည်။

"ဘယ်ကိုများ ရောက်နေရှာသလဲ——မိန်းကလေးရယ်" မြင့်နိုင် နှယ်မာကို သနားမိသည်။

ရောက်ရမည့်ရက်မှာမှ သူ့ချော သနားစရာ ဖြစ်ရသည်။ အန္တရာယ်များနှင့် ကြုံတွေ့မည်ကိုလည်း စိုးရိမ်မိသည်။

"ကဲ——လာပါဗျာ ကိုမြင့်နိုင်၊ သူ့အိမ် ပြန်ရောက်မှ ရောက်နေမှာပါ"

မျှော်လင့်ချက် ထားပြီး ထွက်ရှာရာမှ မျှော်လင့်ချက်ထားလို့ ပြန်လာရ ပြန်သည်။

အိမ်ကိုရောက်တော့ မခင်ငွေး တစ်ယောက်တည်း။

ကိုသန်းညွန့်ရော မြင့်နိုင်ပါ စိတ်ပန်းလူပန်း ဖြစ်ကြရသည်။

မခင်ငွေးက ညစာ ပြင်ကျွေးသော်လည်း မြင့်နိုင် စားချင် စိတ်မရှိ။

ကိုသန်းညွန့်က အတင်းကျွေး၍ သူတို့လင်မယားကျေနပ် အောင် စားလိုက်ရသည်၊

ထမင်းစားရင်း နှယ်မာနှင့်အတူ စားခဲ့သော ယခင်ရက်များ ကို သတိရနေသည်၊

ရေချိုးခန်းကို မြင်တော့လည်း နှယ်မာကို သတိရသည်၊

တစ်အိမ်လုံးမှာ နှယ်မာကို သတိရစရာချည်း ဖြစ်နေသည်၊

အိမ်ပေါ်တက်လာတော့ ကျောက်ပြင်လေးကို မြင်ရသည် က လွမ်းစရာ——

မနက်တိုင်း နှယ်မာ၏ သနပ်ခါး သွေးသံလေးနှင့် အိပ်ရာမှ နိုးရသည်။

အိပ်ရာကုတင်ကို မြင်ရတော့ ထိုကုတင်ပေါ်မှာ နှယ်မာထိုင်



မတ်နေပုံ၊ ဘုရားရှိခိုးပုံ၊ မိမိကို ကန်တော့ပုံ စံပယ်ပန်းကုံးနှင့် စည်းတား နေပုံလေးများကို မြင်ယောင်ပြီး မြင့်နိုင်ရင်ထဲမှာ ခံစားရလွန်းသည်။

လွတ်တဲ့ငါးကြီးဆိုတာလို မရှိတော့ဘူး ဆိုကာမှ တွေမြင် ချင်လွန်းလှသည်။

ခါတိုင်း ဒီအချိန်ဆို စာကြည့်နေပြီ။

နှယ်မာကို အလွမ်းပြေ စာကြည့်စားပွဲမှာ ထိုင်လိုက်သည်။

ခြင်ဆေးခွေ တင်ထွန်းသော သံပြား ဆောက်စွန်လေး၊

မြင့်နိုင် အမြတ်တနိုး ကောက်ယူပြီး စားပွဲပေါ်မှ စံပယ်ပန်း ကုံး အခြောက်လေးများနှင့်အတူ တင်ထားလိုက်သည်။

စားပွဲပေါ်တွင် မထွန်းရသေးသော ခြင်ဆေးခွေများ ကျန် သေးသည်။

ခြင်များ၏ တဝီဝီ မြည်သံကို ကြားနေရသော်လည်း နှယ်မာ တင်ထားသော ခြင်ဆေးခွေများကို ခြေရာလက်ရာမပျက်စေချင်၍ ခြင်ဆေး မထွန်းတော့ဘဲ နေလိုက်သည်။

မြင့်နိုင် အိမ်အောက်သို့ ဆင်းခဲ့သည်။

"ဘယ်သွားမလို့လဲ ကိုမြင့်နိုင်"

"လက်ဖက်ရည်ဆိုင် သွားဦးမယ်ဗျာ"

"ကျွန်တော်လည်း လိုက်မယ် ကိုမြင့်နိုင်"

ကိုသန်းညွန့်က အဖော်အဖက် လိုသောအချိန်ဖြစ်သည် ဟု ယူဆဟန် တူပါ၏။

လက်ဖက်ရည်ဆိုင်ရောက်တော့ နှယ်မာနှင့်နှစ်ယောက် အတူထိုင်ခဲ့သည့် တံခါးပင်အောက်က စားပွဲလေးမှာထိုင်ပြီး လက် ဖက်ရည် နှစ်ခွက် မှာလိုက်သည်။

ဤဆိုင်မှာပင် နွယ်မာအကြောင်းကို ကိုဘရွှေ လာ
စာတ်လမ်းစခဲ့သည်။

ခုတော့ ဤဆိုင်မှာ ထိုင်ပြီး နွယ်မာကို လွမ်းနေရပြီ

ဆိုင်ထဲမှာ ကက်ဆက်က အမျိုးသားတစ်ယောက် 
တကြီးနှင့် ဆောင့်ကြီး အောင့်ကြီး သီဆိုနေသော သီချင်းကို 
သည်။ တစ်ယောက်တည်း ရန်ဖြစ်နေသလို အော်လိုက်၊ ငေါက်
ကြိမ်းလိုက်၊ မောင်းလိုက်နှင့် မကျေမနပ် ဖြစ်နေဟန်တူသော သီ
ကြောင့် မြင့်နိုင် စိတ်ရှုပ်မိသည်။

ကိုယ်က စိတ်ညစ်နေသည့်အထဲ သူ့ ဆိုသံကိုကြားရသည်
ပိုပြီး စိတ်ဆင်းရဲရသည်။

ဆိုင်မှ ကောင်လေးကို ခေါ်ပြီး ငပလီ ဟန်းနီးမွန်းသီချ
ဖွင့်ခိုင်းရန် စိတ်ကူးမိသေးသည်။ သို့သော် မခိုင်းချင်တော့ပါ။

"နွယ်မာ မှားတယ်ဗျာ၊ သူ့ ကျွန်တော်ကို ပြောပြီးမှ
ရင် သိပ်ကောင်းမှာ——"

"အဲဒါ ကျုပ်တော့လည်း ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားက ဘ
သွားခွင့်ပေးပါ့မလဲဗျ။ သူကလည်း ဒါကို တွက်ဦးမှာပေါ့"

ကိုသန်းညွန့် ပြောသည်ကို မြင့်နိုင် မငြင်းနိုင်။

"ခုတော့ သူ ခုဘယ်ဖြစ်နိုင်တယ်ဗျာ၊ ဘယ်မှာ ရောက်နေ
မသိဘူး"

ဆိုင်အပြင်မှ အမှောင်ထု ဖုံးလွှမ်းသော နေရာများကို လှ
ကြည့်ပြီး ပို၍ စိုးရိမ်မိသည်။

မြင့်နိုင် ကြာကြာထိုင်ချင်စိတ်မရှိတော့၍ လက်ဖက်ရည်
ဖိုး ပိုက်ဆံပေးပြီး ကိုသန်းညွန့်နှင့်အတူ ပြန်လာခဲ့ကြသည်။



အိမ်ပေါ် ရောက်သည်နှင့် စားပွဲပေါ်မှ စံပယ်ပန်းကုံး အခြောက်
ကလေးများကို ယူပြီး အိပ်ရာကုတင်ပေါ်မှာ လှဲအိပ်လိုက်သည်။

ပန်းကုံး အခြောက်ကလေးများကို အဖော်အဖြစ် သေးမှာ
တယုတယ ချထားလိုက်သည်။

နွယ်မာနှင့် သူ့ကို စည်းခြားခဲ့သော စံပယ်ပန်းကုံးလေးတွေ။

သို့သော် သူတို့ကို စိတ်မနာနိုင်။ ဤ စံပယ်ပန်းကုံးလေး
များသည် ကိုယ်ကျင့်သိက္ခာ၏ သစ္စာသက်သေများဖြစ်သည်။

နွယ်မာ အိပ်ခဲ့သော တစ်ဖက်ခြမ်း နေရာလေးကို လှမ်း
ကြည့်ရင် အထီးကျန်ဖြစ်နေသော ခေါင်းအုံးလေးကို ကြင်နာစိတ်
နှင့် လှမ်းယူလိုက်သည်။

"အို——"

ရနေကျ ချစ်စရာ အနံ့လေး ခေါင်းအုံးတွင် မျက်နှာအပ်၍
မြင့်နိုင် အားရပါးရ နမ်းပစ်လိုက်သည်။

"သြော်——နွယ်ရယ် အစ်ကိုတော့ ရူးပြီကွယ်"

+ + +

# အခန်း (၁၈)

ခြံကျယ်ကြီး တစ်ခုအတွင်းမှ နှစ်ထပ်အိမ်ကြီး ရှေ့မှာ ခ
တော်ကားရပ်လိုက်သည်။

"ကဲ——ရောက်ပြီ မိန်းကလေး ဆင်း"

ဒေါ်ကြီးနှင့်အတူ နွယ်မာကားပေါ်မှ ဆင်းသည်။

အသက်လေးဆယ့်ငါးနှစ်ခန့်အရွယ် သမီးကြီး တစ်ယော
ကားဘေးမှာ ရှိရှိသေသေ လာရပ်သည်။

"ကဲ မကောင်းပုံရေ——ငါတော့ ယောဒီမှာ သမီးတစ်ယောက်
ကောက်ရ လာခဲ့တယ်။ ပြီးတော့ အောက်ထပ်ထမင်းစားခန်း
မျက်နှာချင်းဆိုင် အခန်းမှာ နေရာလုပ်ပေးလိုက်ပါ။ လိုတာ ပေးဆ
လည်း စီစဉ်ပေးလိုက်ပါ။ လာ—— မိန်းကလေး ဟိုစည်ခန်းထဲ
စကားစောင့်ပြီးတော့ မကောင်းပုံ လုပ်ပေးလိမ့်မယ်"

ဒေါ်ကြီးက ဒေါ်ကောင်းပုံကို အမိန့်ကြေးချက် ပေးရင်း တ
ဆက်တည်း နွယ်မာ့ကိုပါ ပြောလိုက်သည်။ ပြီးတော့ ပြောင်လက်
သော လက်ရန်းပါသည့် လှေကားကြီး အတိုင်း တက်သွားသည်။



ကိုအာလူးနှင့် ဒေါ်ကောင်းပုံတို့က ကားပေါ်မှ ပစ္စည်းများကို ချ၍ အိမ်ပေါ်သို့ သယ်ပို့နေကြသည်။ နွယ်မာ စည်ခန်းမှ ကြိမ်နံ့ရိုင်း တစ်ခုမှာ ထိုင်ပြီး စောင့်နေရသည်။

အိမ်ကြီးမှာ ကြီးကျယ်ခမ်းနားလှသည် မဟုတ်သော်လည်း ရှင်ထောင့် နှစ်ထပ်အိမ်ဖြစ်၍ တော်တော်ကျယ်ကျယ် ဆောက်ထားသည်။

နံရံပေါ်မှာ ယောင်းနွမ်းနေသော ပန်းချီကား တစ်ချပ်နှင့် ပြက္ခဒိန် တစ်ခုသာရှိသည်။

မိသားစု ဓာတ်ပုံမရှိ။

အိမ်သားများ၏ ဓာတ်ပုံများ မရှိ။

လမ်းမှာ ဒေါ်ကြီးနှင့် ကိုအာလူးတို့ ပြောနေကြသော စကားများကို ဆက်စပ်၍ ဒေါ်ကြီးမှာ သားတစ်ယောက် ရှိသည်။ ကုန်ရောင်းကုန်ဝယ်ကိစ္စနှင့် မူဆယ်–နမ့်ခမ်းဘက်သို့ သွားနေကြောင်း သိရသည်။

ခြံကိစ္စကိုလည်း ဒေါ်ကြီးမေးသံ ကြားရသည်။

ဤအိမ်အပြင် စိုက်ပျိုးခြံလည်း ရှိဟန်တူသည်။

ဒေါ်ကြီး ရန်ကုန်ရှိ သမီးထံမှ ပြန်လာကြောင်းလည်း စကားထဲမှာပါသည်။

"ဒေါ်ကြီးမှာ ဒီသားသမီးနှစ်ယောက်ပဲ ရှိသလား"

မူဆယ်–နမ့်ခမ်း သွားနေတဲ့ သားက လူပျိုလူလွတ်လား၊ သူ့ မိသားစု ရှိသလား။ အိမ်မှာတော့ ဒေါ်ကောင်းပုံအပြင် လူမှ မတွေ့ရ၊ တခြားအိမ်မှာ ထားသလား။

"ကလေးမ နာမည်က ဘယ်သူလဲကွဲ့"

ဒေါ်ကောင်းပုံ စည့်ခန်းထဲသို့ ရောက်လာသည်၊

"နှယ်မာပါ——"

"ထဲ လာ နေရမယ့် အခန်း လိုက်ပို့မယ်"

နှယ်မာ နေရသော အခန်းမှာ ဒေါ်ကောင်းပုံ အခန်း ကပ်လျက်ဖြစ်သည်။

ဒေါ်ကောင်းပုံ အခန်းက မီးဖိုနှင့်ကပ်လျက်ဖြစ်သည်၊

"ဒီကို အရင်က ရောက်ဖူးလား"

နှယ်က ခေါင်းယမ်း ပြသည်။

"ဒီနေရာကို အနီးခန်းလို့ ခေါ်တယ်။ မန္တလေး ပြင်ဦးလွင်မြို့ သွားတဲ့ လမ်းပေါ့"

နှယ်မာ ခေါင်းညိတ် ပြသည်။

"အေးတယ်နော် အဒေါ်ကြီး"

"ဟုတ်တယ်——အေးတယ်"

ဒေါ်ကောင်းပုံက နှယ်မာ့ အိပ်ရာမှာ ခင်းရန် မွေ့ရာထု ပေးသည်။ ခြုံစရာ စောင်ထုတ်ပေးသည်။

"ဒေါ်ကြီးနာမည်က ဘယ်လိုခေါ်လဲ"

"ငါ့ နာမည်မပြောတာလား"

"မဟုတ်ဘူး"

နှယ်မာက အိမ်ပေါ်သို့ လက်ညှိုးထိုးပြသည်။

"မမကြီး နာမည်က ဒေါ်ကြေးမုံတဲ့၊ ဒါပေမဲ့ မေမေကြီး လို့ပဲခေါ်ပေါ့"

နှယ်မာ စိတ်ထဲမှာ ခေါ်ကြည့်သည်၊

"မေမေကြီး"



"မေမေကြီးမှာ သားသမီး ဘယ်နှစ်ယောက်ရှိလဲ ဒေါ်ကြီး"

"သားတစ်ယောက်နဲ့ သမီးတစ်ယောက်ရှိတယ်"

"သားနာမည် ကရော"

"ကိုထွန်းမင်းတဲ့ သူ ဘွဲ့ရပြီးသား၊ အခု မှုဆယ်သွားတယ်၊ တရုတ် ကုန်ကူးကြည့်မယ်လို့ ပြောတာပဲ၊ မမကြီးက သိပ်သဘော မကျဘူး၊ အိမ်မှာပဲနေပြီး ခြံအလုပ်လုပ်စေချင်တာ"

"သူက အိမ်ထောင်နဲ့လား"

ဒေါ်ကောင်းပုံက နှယ်မာ့ကို လှမ်းကြည့်သည်။

"မရှိဘူး"

နှယ်မာ့ ရင်ထဲမှာ စိုးရိမ်စိတ် ဝင်မိသည်။

အစ်ကိုနှင့် လွဲလျှင် ဘယ်ယောကျ်ားနှင့်မှ ရင်းရင်းနှီးနှီး မနေချင်ပါ။

ကိုထွန်းမင်း ဆိုသူပြန်လာလျှင် တွေ့ရဆုံရမည်ကို စိုးရွံ့မိသည်။

"သမီး ကရော"

"သမီးကတော့ အိမ်ထောင်ကျပြီး ရန်ကုန်မှာ နေတယ်။ နွေရာသီ ကျောင်းပိတ်ရင်တော့ ကလေးတွေရော ဒီမှာ လာနေတတ်တယ်"

"သူ့ နာမည်ကရော"

"နှင်းမွန်ဦးတဲ့၊ သူက မောင်ထွန်းမင်းထက် အကြီး"

ရောက်နေသော အိမ်ကြီး၏ အကြောင်းကို အတော်အသင့် သိသွားပြီ။

"ကဲ——နားနေလိုက်ဦး၊ ဒေါ်ကြီး ညစာစားဖို့ သွားလုပ်

လိုက်ဦးမယ်"

ဒေါ်ကောင်းပုံ နွယ်မှာအခန်းထဲမှာ ထွက်သွားသည်။

နွယ်မှာ အိတ်ကို အိပ်ရာဘေးမှာ ချထားပြီး ငေးငိုင်လျ
ဖြစ်နေသည်။

မမျှော်လင့်သော နေရာမှာ မမျှော်လင့်သော အိမ်ကြီး
ရောက်လာ၍ ယခင်က မသိခဲ့ဘူးသော လူများနှင့်အတူ နေရ
မည်။

စိတ်ထဲမှာ အားငယ်သလို ဖြစ်သည်။

အစ်ကိုကို သတိရလာသည်။

တစ်လောကလုံးမှာ နွဲလမ်းစွာ ချစ်ခင်မိသူနှင့် ယုံကြ
စိတ်ချစွာ အားကိုးမိသူမှာ အစ်ကိုသာ ဖြစ်ကြောင်း ပိုသိလာရသည်

"ငါ---ထွက်လာမိတာ မှားသလား"

ယခုထိ သံသယ ဖြစ်နေဆဲ။

+ + +



## အခန်း (၁၉)

မြင့်နိုင် ဝမ်းနည်းကြေကွဲစွာနှင့်ပင် သာဝတ္ထိသို့ ပြန်ရန်
ဆုံးဖြတ်လိုက်ရသည်။

ကိုသန်းညွှန့်တို့ လင်မယား စိတ်မကောင်းဖြစ်ရပြန်သည်။
မခင်ဌေး ပါးပေါ်မှာ မျက်ရည်များ စီးကျနေပြီ။

မြင့်နိုင် ထမင်းဖိုးပေးသည်ကို လက်ခါ ခေါင်းယမ်း၍သာ
ပြနိုင်သည်။

ကျေးဇူးတင်ကြောင်းပင် မပြောတော့ဘဲ မြင့်နိုင် အိမ်ဝင်းထဲ
မှ ထွက်လာခဲ့သည်။

ညနေတွင် သာဝတ္ထိကို ပြန်ရောက်သည်။

သားပြန်လာ၍ ဝမ်းသာ ပျော်ရွှင်နေရှာသော အမေ။

သို့သော် မြင့်နိုင်၏ မျက်နှာက ညှိုးနွမ်းနေသည်။

"ဟော့---ငါ့သားလေး နေကောင်းရဲ့လား၊ စာမေးပွဲဖြေရ
တာ တော်တော် ပင်ပန်းလို့လား သား---"

အမေက စိုးရိမ်စိတ်နှင့် မေးသည်။

လောကအလယ်မှာ တစ်ဦးတည်းသော အားကိုးတွယ်တာ ရာအမေ့ကို ဖြစ်ကြောင်းကုန်စင် မြင့်နိုင် ပြောပြလိုက်သည်။

"ဪ--ဖြစ်မှ ဖြစ်ရလေ သားလေးရယ်"

အမေပါ စိတ်မကောင်း ဖြစ်ရပြီ။

"ကျွန်တော် သူ့ကို မတွေ့တွေ့အောင် ရှာမယ် အမေ"

"အင်း---တစ်ခါတည်း ပါလာရင် ဘယ်လောက်ကောင်းမလဲ သားရယ်၊ အမေလည်း သူ့ကို ချစ်မှာပါ။ သမီး တစ်ယောက်တိုးရတာပေါ့"

အမေပြောမှ မြင့်နိုင် ခံစားရသည်။ မှန်သည်။

နွယ်မာ့ကို တွေ့လျှင် အမေ ပိုချစ်လိမ့်မည်။

သားတစ်ယောက် တည်းသာရှိသော အမေ့အတွက် တိုးတိုးဖော်လေး တစ်ယောက်ရလျှင် သိပ်ပျော်ရှာလိမ့်မည်။

နွယ်မာက ချေးချောင်းရာတွင် ပေါင်းသင်းဆက်ဆံရေကောင်းသည်ဟု ကိုဘငွေ ပြောဖူးသည်။

အမေ့ အိမ်ဆိုင်ကလေးမှာ နွယ်မာ ကူရောင်းလျှင် ဆိုင်ကအရောင်းအဝယ် ကောင်း၍ တိုးတက်လာနိုင်သည်။ ပစ္စည်းတွေ ပိုနံအောင် တင်ရမည်။ အမေရော နွယ်မာပါ ဝမ်းသာနေလိမ့်မည်။

"ငါတို့ အိမ်လေးဟာ ပျော်စရာ အချစ်အိမ်လေး ဖြစ်လာမှာမုချ"

မြင့်နိုင် တမ်းတ လွမ်းဆွတ်မိသည်။ ခုတော့ အားလုံး လွဲကုန်ကြပြီ။

"ငါ့သား ထမင်းစားရအောင် လာ---အမေ ခူးပြီးပြီ"

အမေ စိတ်ချမ်းသာအောင်သာ ထမင်းဝိုင်းမှာ ထိုင်ရသည်။



စားချင်စိတ်က အလျဉ်းမရှိ။

"စားလေ ဆားရဲ့"

အမေက ဟင်းတွေ ထည့်ပေးသည်။

"တော်ပြီ အမေ၊ အမေ စား"

မြင့်နိုင်က အမေ့ ပန်းကန်ထဲ ပြန်ထည့်သည်။

"ဪ---ဒီထမင်း ဝိုင်းလေးမှာ နွယ်မာသာပါလျှင် အမေ့ကိုရော နွယ်မာကိုပါ သူ ဟင်းထည့်ပေးရမည်။ အမေနှင့် နွယ်မာလည်း သူ့ပန်းကန်ထဲကို ဟင်းများ ထည့်ပေးကြလိမ့်မည်။ သိပ်ကို ပျော်စရာကောင်းမယ့် ထမင်းဝိုင်လေး"

မြင့်နိုင် အတွေးထဲမှာ မြင်ယောင်၍ စိတ်မကောင်း။

"ခုတော့ သူ့ခမျာ ဘယ်ကိုရောက်ပြီး ဘယ်လို စားနေရှာမလဲ"

မြင့်နိုင် ဆက်ပြီး စားချင်စိတ် မရှိ၍ ထမင်းကို မြန်မြန်လက်စသိမ်းလိုက်သည်။

"အမေ ကျွန်တော် ရေနံက ကိုဘငွေတို့အိမ် ခဏသွားလိုက်ဦးမယ်"

အမေ့ကို နှုတ်တောင်းပြီး မြင့်နိုင် စက်ဘီးဖြင့် ထွက်ခဲ့သည်။

ကိုဘငွေ အိမ်ရောက်တော့ နွယ်မာ ပေးခဲ့သော စာလေးကို မြင့်နိုင် ထုတ်ပေးသည်။

ကိုဘငွေ စာအိတ် ကလေးကို ဖောက်လိုက်သည်။

ငွေနှစ်သောင်းနှင့် စာတစ်စောင် ထွက်လာသည်။

ကိုဘငွေက စာကို သူ့အရင်ဖတ်ပြီး မထားနိုင်သို့ ပေးလိုက်သည်။

"ဖြစ်မှ ဖြစ်ရလေ မြင့်နိုင်ရာ"

ကိုဘငွေ အပြစ်တင်စကား မပြောခင် မြင့်နိုင်က သူ့အတွက် နွယ်မာပေးခဲ့သော စာကို ထပ်ပေးလိုက်သည်။

စာနှစ်စောင်လုံးကို ဖတ်ပြီးတော့ ကိုဘငွေ ငိုပြီး စိတ်မကောင်း ဖြစ်ရသည်၊

မထားရီပါ မြင့်နိုင်အတွက် စာကိုဖတ်သည်။

ပထမစာ ဖတ်ကတည်းက မျက်ရည် ကျနေသော မထားရီ

ဒုတိယ စာအဆုံးတော့ မျက်ရည် မဆည်နိုင်၊

"ငါ မင်းကို အပြစ် မတင်ပါဘူး မြင့်နိုင်ရာ မင်းက ငါတို့ ထက် တာဝန်ကျေတောင် ငိုပြီး စိတ်ထား မွန်မြတ်ပါတယ်"

မြင့်နိုင်က လက်တော ပြသည်၊

"ကျွန်တော် အဲဒီနေ့က ညနေ စာမေးပွဲပြီးရင် သူ့ကို ချစ်ရေး ပြီဆိုတဲ့ အကြောင်း ဖွင့်ပြောတော့မှာဗျ။ ဒါပေမဲ့ ကျွန်တော် အိမ် ပြန်ရောက်တော့ သူတို့ မတွေ့ရတော့ဘူးဗျာ။ ဒီစာလေးပဲ တွေ့ တော့တယ်"

မြင့်နိုင် ဝမ်းပန်းတနည်း ပြောမိသည်။

"အင်း——မင်းတို့ အဖြစ်ကလည်း ကြေကွဲစရာ ကောင်း လိုက်တာကွာ"

"သူနဲ့ ကိုမြင့်နိုင် အတွေ့တုန်းက ဆက်သွယ်နေကြတော့——"

မထားရီက သူမမေးချင်သည့် အမေးကို ရပ်ထားလိုက်သည်၊ မြင့်နိုင်က သူနှင့် နွယ်မာတို့ အတူ နေခဲ့ကြသော နေ့စဥ်ဘဝများကို အကျွမ်းပြေ ပြောပြသည်။

"မင်းတို့ဟာကလည်းကွာ နွယ်မာ ထွက်သွားတော့ နည်းနည်း လေး တောသွားတယ်"



"အဲဒီ နည်းနည်းလေးက ဘယ်လောက် များများကြီး ခုကွ ဆုံးဦးမလဲ မသိပါဘူး ကိုဘငွေရာ——"

"ငါတို့က မင်းတို့အဆင်ပြေသွားပြီ ထင်လို့ ဝမ်းသာနေကြ တာ"

"သူ့အိမ်က ကျွန်တော့်ဆီ လိုက်သွားတယ်လို့ သိလား"

"ဘာမှ မသိဘူး။ အိမ်က ထွက်ပြေးသွားတယ် လို့ ထင်နေ ကြတယ်"

"ခင်ဗျား ပို့ပေးတာရော မသိဘူးလား"

"အတိအကျတော့ မသိဘူးကွ၊ သံသယတော့ ဖြစ်ပုံရတယ်။ ငါ့အိမ်လာမေးတယ်ကွ၊ ငါကလည်း မသိဘူးလို့ ငြင်းလိုက်တယ်၊ သိသာသိလို့တော့ ဟိုအရက်သမားက ငါ့ကို သတ်တောင်သတ်ချင် မှာ၊ နွယ်မာ့ မိထွေး ဒေါ်လှတိုးနဲ့ သူ့မောင်နဲ့ ဒေါသူပုန်ထနေ လိုက်ကြ ပုံကို မင်းမြင်စေချင်တယ်၊ အိမ်နီးချင်းတွေ အားလုံးကတော့ ဝမ်းသာ နေကြတာပေါ့ကွာ"

"ဟုတ်တယ် ကိုချစ်နိုင် သူ့မိထွေး ရက်လည်းသိပ်ရက်သွားပုံ ရတယ်။ ဒီကောင်မကို မတွေ့တွေ့အောင် ရှာပြီး အသေသတ်မယ် လို့ ကြိမ်းနေတယ်"

မထားရီက ကိုဘငွေ၏ စကားကို ထပ်ဖြည့်ပေးသည်၊

"ဒါဖြင့် သူတို့ လိုက်ရှာကြမှာပေါ့"

"ရှာတာပေါ့ သူတို့ထင်သမျှ နေရာတွေတော့ စုံနေအောင် ရှာတာပဲ ဒါပေမဲ့ မင်းနဲ့အတူ မန္တလေးက တောင်ကုန်းမှာ ရောက် နေတာ သူတို့ ဘယ်လိုလုပ် သိနိုင်မလဲ"

"ခုရော ရှာတုန်းပဲလား"

"မေးမြန်း စုံစမ်းနေတာတော့ ရှိတုန်းပေါ့ကွာ၊ အရေး တာက ကိုယ်က အရင်တွေ့အောင်ရှာဖို့လိုမယ်ကွ"

"ဘယ်လိုက်ရှာရမလဲ ကိုဘငွေ သူနဲ့ အဆက်အသွယ် တာတွေ မထားရီများ မသိဘူးလား"

"ဟုတ်တယ် ထားရီ မင်း စဉ်းစားစမ်း၊ မင်းကို သူပြော ခဲ့တာ တွေထဲက"

မထားရီ စဉ်းစားနေသည်။

"လယ်ဝေးမှာ သူတို့ အမျိုးတွေရှိတယ်။ ပျဉ်းမနားမှာလည်း ရှိတယ်။ ဒါပေမဲ့ အဲဒီနေရာတွေကို သူတို့ရှာပြီးပြီ၊ ကသာမှာ သူ့ အဒေါ်တစ်ယောက်ရှိတာတော့ သူမိတွေးက လှလှတ်ပြီး အရှုနိုင် တာတဲ့"

"မရှိဘူးလား"

မြင့်နိုင် မေးပုံက စိတ်ဝင်တစား။

မထားရီက ခေါင်းယမ်းပြသည်။

"မတွေ့ဘူးတဲ့"

"အေး——တခြားလည်း မင်းစဉ်းစားကြည့်ပါဦးကွာ သူ့ သူငယ်ချင်းတွေ ဘာတွေများ"

ကိုဘငွေက မထားရီကို အားပေးနေသည်။

"ကျွန်တော် သူ့ကို မတွေ့တွေ့အောင် ရှာမယ်ဗျာ"

"မင်း ခုလို ဒုက္ခရောက်တော့ အတွေ့နေတုန်းက မသိမ်းပိုက် ခဲ့ မိတာကို နောင်တ မဖြစ်မိူးလား"

"လုံးဝ မဖြစ်ဘူး"

မြင့်နိုင်က အနိုင်အမာ ပြောလိုက်၍ ကိုဘငွေ မြင့်နိုင်ကို ဝိုလေးစား သွားသည်။



"ကောင်းပါတယ်ကွာ၊ မင်းစေတ္တာကို ငါနားလည်ပါတယ်။ ရှာကွာ——မင်းကလည်း မတွေ့တွေ့အောင်ရှာ၊ ငါတို့လည်း ကူရှာမယ်။ ခက်တာက သတင်းစာထဲကနေ ကြော်ငြာပြီး ရှာလို့လည်း မဖြစ်နိုင်ဘူး ကွ"

မြင့်နိုင် စဉ်းစားနေသည်။

"ဘယ်လိုပဲ ဖြစ်ဖြစ်ဗျာ၊ ကျွန်တော် သူ့ကို တွေ့အောင်ရှာ မယ်။ ဘယ်လို အခြေအနေမျိုးနဲ့ ပြန်တွေ့ရတာ ဖြစ်ဖြစ် သူဟာ ကျွန်တော် လက်ထပ်ထားတဲ့ မိန်းကလေး ကျွန်တော်သူ့ကို ယူမယ်"

မြင့်နိုင်ကို ကြည့်ပြီး မထားရီ မျက်ရည် လည်ရပြန်သည်။

"သူ ကျွန်တော့်ကို မချစ်နိုင်လို့ ပစ်ပြေးတာ မဟုတ်ဘူးဗျ ကျွန်တော်က မချစ်ဘူးထင်လို့ ရှောင်သွားရတာ"

မြင့်နိုင် ရင်ထဲမှာ ဆို့နင့်စွာ ခံစားရသည်။

"ကိုဘငွေနဲ့ မထားရီလည်း ဝိုင်းကူ စုံစမ်းပေးကြပါဗျာ။ ရှာပေးကြပါ"

"အေးပါကွာ——စိတ်ချပါ"

မြင့်နိုင် အိမ်ကို ပြန်လာတော့ မှောင်ရီ သမ်းနေပြီ။

+ + +

## အခန်း (၂၀)

ယနေ့ မေမေကြီးသား ကိုထွန်းမင်း ပြန်ရောက်လာသည့် အနီးစခန်းအိမ်ကြီး ခါတိုင်းထက်ပို၍ စည်စည်ညံညံ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"သား ပြန်ရောက်လာရင် ကိုကိုကြီးလို့ ခေါ်ရမယ်နော် သမီး"

မေမေကြီးက ကြိုကြိုတင်တင် မှာထားသည်။

နွယ်မာ အစ်ကိုက ဖွဲ့ချင် ဘယ်ယောကျ်ားကိုမှ အစ်ကို မခေါ်ချင်ပါ ရင်းရင်းနှီးနှီးလည်း မဆက်ဆံချင်ပါ။

သို့သော် ကျေးဇူးရှင် မေမေကြီးကို မငြင်းဝံ့။

ကိုထွန်းမင်း ရောက်လာသည်နှင့် ခေါ်ကောင်းပုံနှင့် အရ နွယ်မာပါ ပစ္စည်းများ ကူသယ်ပေးရသည်။

"သူက ဘယ်သူလဲ မေမေ---"

ကိုထွန်းမင်းက နွယ်မာကို စူးစူးစိုက်စိုက် ကြည့်ရင်းမေးရ၍ နွယ်မာ အနေခက်ရသည်။

"ဪ---အဲဒါ မေမေ ကောက်ရလာခဲ့တဲ့သမီး တစ်ယောက်ပေါ့"

ကိုထွန်းမင်း၏ အကြည့်က အထင်သေးသော ဘက်သို့ ပြောင်းသွားသည်ကို နွယ်မာ သတိထားမိသည်။

"ကောင်းတယ် --- သေးပစေ"

နွယ်မာ ကျေနပ်သည်။

"မင်းနာမည် ဘယ်သူလဲ"

မေးပုံက အပေါ်စီးလေး---

"နွယ်မာ---

ဖြေသူကလည်း အသံပြတ်။

"တစ်ခါတည်း အခန်းအရောက် ပို့နော်"

အိမ်ဖော် အနိုင်းစေ တစ်ယောက်အဖြစ် သဘောထား ဆက်ဆံရေးဖြစ်သည်။

အကြည့်က စူးရှဲသည်။ နွယ်မာ မကြိုက်။

လှေကားပေါ်သို့ တက်သွားသည့် မိမိကို နောက်မှ ကြည့်နေလိမ့်မည်ဟု နွယ်မာ အလိုလို သိနေသည်။

ခေါ်ကောင်းပုံကို စောင့်၍ အကာအကွယ် ယူလိုက်ရသည်။

ညနေ ထမင်းစားကြတော့ ကိုထွန်းမင်း၏ ကြည့်ပုံမပြောင်းသော်လည်း ဆက်ဆံပုံ ပြောင်းလဲသွားသည်။

မေမေကြီး နွယ်မာ အကြောင်းကို ပြောပြထားဟန်တူပါသည်။

ခါတိုင်းက မေမေကြီးနှင့် နှစ်ယောက်တည်း စားနေကျ။ ယနေ့ ကိုထွန်းမင်းပါ သုံးယောက်ဖြစ်လာ၍ နွယ်မာ စားရသည်မှာ မလွတ်လပ်---

"မင်းမိဘတွေက ရေနီမှာ ဘာအလုပ် လုပ်ကြတာလဲကွ"

ကိုထွန်းမင်းက နှယ်မာကို ထမင်းစားရင်း လှမ်းမေးသည်။

"အစကတော့ သစ်စက်လုပ်ပါတယ်။ ခုတော့ ပေးမ...
သစ်အရောင်းအဝယ် လုပ်ပါတယ်။ အိမ်မှာ အိမ်ဆိုင်လေး ဖွင့်ထား...
ပါတယ်"

နှယ်မာက ခေါင်းငုံ့စားရင်း ဖြေသည်။

"မင်း မိထွေး ပေးစားတဲ့လူကို မင်းက ဘာလို့ မယူနိုင်တာ...
လဲ"

ကိုထွန်းမင်းကို နှယ်မာ လှမ်းကြည့်လိုက်သည်။

အစ်ကိုထက် အသက်ကြီးပုံမရ၊ အလွန်ဆုံးရှိလှမှ ၂၇နှ...
၂၇နှစ်——

သို့သော် သူပြောပုံ ဆိုပုံက အစ်ကို့လို မဟုတ်။ အထက်...
စီးလေး ဖြစ်လွန်းသည်။

"ငါမေးတာ ပြောပါဦး၊ မင်းမိထွေး ပေးစားတဲ့လူက အရုပ်...
ဆိုးလို့လား"

ကိုထွန်းမင်း ထပ်မေး နေပြန်သည်။

"သူက အရက်သမား ကလေးသုံးယောက် အဖေ"

"သူက ပိုက်ဆံတော့ ချမ်းသာတယ် မဟုတ်လား"

"ပိုက်ဆံ ချမ်းသာတာ ကျွန်မ အရေးမစိုက်ပါဘူး"

နှယ်မာ လေသံက မာသည်။

ကိုထွန်းမင်း တဟားဟား ရယ်နေသည်။

မေမေကြီးကတော့ နှယ်မာ့ အဖြေကို သဘောကျဟန်နှင့်
ခေါင်းညိတ်ပြသည်။

"ပိုက်ဆံ ချမ်းသာတာ အရေးစိုက်စရာ မဟုတ်ဘူး။ ဒါပေမဲ့
လူတိုင်း ပိုက်ဆံရအောင်တော့ ရှာရတာပဲ မဟုတ်လား"



နှယ်မာ ဘာမျှ ပြန်မပြောဘဲ ခေါင်းငုံ့နေလိုက်သည်။

"နေဦးကွ မင်းမိထွေး ပေးစားတဲ့လူက တကယ်လို့ ကလေး
သုံးယောက်အဖေမဟုတ်ဘဲ လူပျိုဆိုရင်တော့ မင်းယူမှာပေါ့
ဟုတ်လား"

စ စရာ နောက်စရာအဖြစ် သဘောထားပြီး ကိုထွန်းမင်း
မေးနေပုံကို နှယ်မာ သဘောမကျ။

"ကျွန်မ နှလုံးသားက လှုပ်ရှားတဲ့ အချစ်မပါရင် ဘယ်
ယောက်ျားမှ လက်မထပ်ချင်ဘူး"

မြင့်နိုင်၏ စကားကိုယူ၍ ပြောလိုက်ခြင်းဖြစ်သည်။

ကိုထွန်းမင်း သာမက မေမေကြီးပါ ရယ်သည်။

"မင်း စီဒီယို မင်းသမီး လုပ်ရင်ရပြီ မဆိုးဘူး၊ စီဒီယို ဇာတ်
လမ်းထဲမှာ ပြောရင်တော်တော် နားထောင်လို့ ကောင်းမှာ"

နှလုံးသား ခံစားချက်ကို ပြက်ရယ်ပြုသော ကိုထွန်းမင်းကို
နှယ်မာ စိတ်ပျက်သွားသည်။

"ဟင်း——အစ်ကို့နဲ့တော့ ကွာပါ့"

ဘယ်သူနှင့် တွေ့တွေ့ အစ်ကို့ကို သတိရစရာ ဖြစ်နေသည်။

ဘယ်ယောက်ျားနှင့် ယှဉ်ယှဉ် အစ်ကို့ကို အထင်ကြီးစရာ
ဖြစ်နေသည်။

ထို့နောက် မေမေကြီးက မွေးဆယ်သွား၍ ကုန်ကူးသည့်
အကြောင်း သားအမိနှစ်ယောက် ထမင်းစားရင်း ဆက်ပြောနေကြ
သည်။

တရုတ်ပြည်ဘက်မှ ရွှေလီမြို့အထိ ရောက်ခဲ့ကြောင်း တရုတ်
ကုန်ပစ္စည်းများ အလွန်ပေါကြောင်း သူတို့ဝယ်လာခဲ့သည့် ပစ္စည်းများ

အကြောင်းနှင့် ရှစ်သိန်းခန့် အမြတ်ကျန်မည့်အကြောင်း နှစ်ယော
စပ်ဖြစ်၍ တစ်ယောက် လေးသိန်း ကျန်မည့်အကြောင်း၊ ကိုထွန်း
က ပြောသည်။

"မေမေ့ ခြံအလုပ်ကလည်း တစ်လသုံးသိန်း လောက်
အနည်းလေးကျန်ပါတယ် ငါ့သားရယ်၊ မင်းဟာက သွားရလာရ
ပင်ပန်းလှတယ်"

"မပင်ပန်းပါဘူး မေမေရာ၊ ခြံအလုပ်က ခုလည်း ဦးလေ
ဘကျော်မိသားစုရဲ့ သူလှတွေ လုပ်နေကြတာပဲ၊ မေမေသွားရ
ရင် နိုင်းစရာလိုရင် ကိုအာလူးလည်း ရှိနေတာပဲ"

သားအမိနှစ်ယောက် စကားကောင်းနေကြစဉ်ပင် နွယ်မ
က ထမင်းစားခြင်းကို လက်စသတ် လိုက်သည်။

"သမီး ကိုကိုကြီးက စကားကို စိတ်မဆိုးနဲ့နော် သမီး"

မေမေကြီးက လှမ်းပြောလိုက်၍ နွယ်မာ သူ့ပန်းကန်
ဆေးရန် ယူသွားရင်းမှ မဆိုးပါဘူး မေမေကြီး ဟု ပြန်ပြောလိုက်
သည်။

ကိုထွန်းမင်းကတော့ သူ့ ထမင်း သူဆက်စားနေသည်။ ဤ
အလေးအနက် ထားစရာမလို သဘောထားဟန် တူသည်။

သူ့ဘာသာ မှုဆယ်ကို အမြဲတမ်း ကုန်သွားကူးနေရ
ကောင်းတယ်ဟု နွယ်မာ စဉ်းစားနေမိသည်။

+ + +



# အခန်း (၂၁)

"ချစ်မိုး ဖြိုင်ဖြိုင် ရွာပါပြီ"

သူ့ ကဗျာခေါင်းစဉ်ကို မြင့်နိုင် သဘောကျနေသည်။

"ချစ်မိုး ဘယ်တော့ ရွာမှာလဲ" သီချင်းကို လက်ဖက်ရည်
ဆိုင်မှာ နွယ်မာနှင့်အတူ နားထောင်ခဲ့ရသည်ကို သတိရ၍ဖြစ်သည်။

တောင်ကုန်းမှ အိမ်ကလေးအကြောင်း မင်္ဂလာဦးညနှင့် စံပယ်
ပန်းကုံးလေးအကြောင်း၊ ညစဉ်စည်းရိုးတားခဲ့သော စံပယ်ပန်းကုံး
လေးများအကြောင်း၊ ခြင်ဆေးခွေလေးအကြောင်း၊ အိမ်ပေါက်အထိ
လိုက်ပို့ပြီး တောင်းသောဆု၊ အပြန်တွင် အိမ်ပေါက်မှ ကြိုပြီး မေး
သော အမေးကလေးများ၊ နောက်ဆုံးရက်မှ ပျော်ရွှင်ချမ်းမြေ့ပါစေ
ဆိုသော ဆုတောင်းလေး ပြည့်စေချင်သည့် အကြောင်းများကို
အားလုံးပါအောင် ကဗျာရှည် တစ်ပုဒ်ရေးဖွဲ့သည်။

ဤကဗျာ ရေးရင်း နွယ်မာ့ကို အလွမ်းပြေရသည်။ သို့သော်
ပို၍ပြီးတော့လည်း တမ်းတမ်းတတ ဖြစ်ရသည်။

ကဗျာတိုလေး များစွာကိုလည်း ရေးဖွဲ့သည်။

ကဗျာလေးတွေ အားလုံးမှာ အချစ်ကဗျာ၊ အလွမ်းကဗျာလေးတွေ ဖြစ်နေသည်။

ကဗျာလေးတွေ ရေးနေစဉ် အချိန်တိုင်းမှာ မြင့်နိုင်နွယ်မှာကို တွေ့နေသည်၊ နွယ်မာနှင့် နီးကပ်နေသည်။

ထို့ကြောင့် ကဗျာရေးနေသည့် အချိန်တိုင်း မြင့်နိုင်အတွက် သက်သာရာရသည်။

ကျန်သည့် အချိန်များတွင် နွယ်မာအကြောင်း တတ်နိုင်သမျှ စုံစမ်းရသည်၊ သို့သော် ပေါ်ပေါ်တင်တင်တော့ မလုပ်ဝံ့၊ သူ့အိမ်က သိပ်မိသွားမည်ကိုလည်း စိုးရသေးသည်။

ချိုချိုရက်ရက် မေးမြန်းစုံစမ်းရ၍ သိပ်ပြီး ခရီးမရောက်၊

"မချစ်တဲ့ သူကို ရယူတာနဲ့ စာရင် ချစ်တဲ့သူနဲ့ မရလို့ လွမ်းနေရတာမျိုးကို ပိုတန်ဖိုးထားတယ်" ဟု မြင့်နိုင် ပြောခဲ့ဖူးသည်။

ကိုယ့် စကားနှင့်ကိုယ် စတော့ ကြုံနေရပြီ။

ညအိပ်ရာ ခေါင်းအုံးဘေးမှာ စပယ်ပန်းကုံးအခြောက်ကလေးများကို အမြတ်တနိုးထား၍ လွမ်းတသသ ဖြစ်ရသည်။

+ + +



## အခန်း (၂၂)

"ဟော—ဟိုကောင်မလေး လာ—ငါနဲ့ ခြံထဲလိုက်ခဲ့"

မေမေကြီးနှင့်အတူ အိမ်ထဲမှာ ထွက်လာသော ကိုထွန်းမင်းက မုန့်ညင်းပင်များ နေလှမ်းနေသော နွယ်မာ့ကို လှမ်းခေါ်သည်၊

သူခေါ်ပုံကို နွယ်မာမကြိုက်။

"သမီး နွယ်မာ ကိုကိုကြီးနဲ့အတူ လိုက်သွားလိုက်၊ သမီး ခြံကို မရောက်ဖူး သေးဘူး။ မေမေကြီးကမှ လိုက်မပို့နိုင်ဘဲ၊ ခြံထဲ ရောက်ရင် သမီးသဘောကျမှာ၊ သားရေ အချိန်ရရင် သူ့ကို အနီးစခန်း ရောက်ခွန်ပါ လိုက်ပြလိုက်ပါကွယ်"

မေမေကြီး ပြောပုံက တကယ့် သမီးလေးလို ချစ်ခင်ကြင်နာမှုအပြည့်။

မေမေကြီးကို နွယ်မာ ချစ်သည်။

"အခုတော် လဲရဦးမှာလား"

နွယ်မာက ထွန်းမင်းကို လှမ်းမေးလိုက်သည်၊

"ဒီဒီယိုရိုက်မှာ မဟုတ်ဘူး။ ခြံထဲသွားမှာ၊ ဘာမှ လဲစရာမလိုဘူး"

ထွန်းမင်း ပြောပုံက မာရေကြောရေ နိုင်လွန်းသည်။

"သမီး ခု ဝတ်ထားတာ ကောင်းသားပဲ၊ နေပူရင် ခေါင်းရအောင် ရှမ်းခမောက် ကလေးယူသွား၊ မကောင်းပုံရေ သမီးကို ခမောက်ကလေး ပေးလိုက်ပါ"

ဒေါ်ကြေးမုံက နှယ်မာ့ကို ပြောရင်း အိမ်ထဲမှ ဒေါ်ကောင်းပုံကို လှမ်းအော်လိုက်သည်။

လက်ထဲမှ မုန့်ညင်းပင်များကို ချထားခဲ့ပြီး နှယ်မာခမောက်သွားယူသည်။

ထွန်းမင်းက အိမ်ရှေ့တွင် ရပ်ထားသော ဂျစ်ကားပေါ်မှ ထိုင်စောင့်နေသည်။

ဒေါ်ကောင်းပုံထံမှ ခမောက်ကိုယူ၍ ဆောင်းပြီး နှယ်မာ ဂျစ်ကားဆီသို့ လျှောက်လာခဲ့သည်။

"ရှုံကတက်"

နှယ်မာ နောက်မှ တက်မည်လုပ်နေ၍ ထွန်းမင်းက အမိန့်သံနှင့် ပြောသည်။

နှယ်မာ ရှေ့ခန်းထိုင်ခုံမှာ တက်ထိုင်လိုက်သည်။

"ဒီ ဘုကလန့် ခွေးကြီးနဲ့ မဟုတ်ဘဲ အစ်ကိုနဲ့သာ အခုလို အတူသွားရရင် ဘယ်လောက်ပျော်စရာ ကောင်းလိုက်မလဲ"

နှယ်မာ အစ်ကိုကို သတိရမိသည်။

ဂျစ်ကားလေး မောင်းထွက်လာခဲ့သည်။

အနီးစခန်းဒေသရှိ အတက်အဆင်း လမ်းများနှင့် ရှုခင်းများမှာ သာယာလွန်းလှသည်။

"ရှုခင်းတွေက သာယာလိုက်တာ အစ်ကိုရယ်"



နှယ်မာ၏ နှုတ်မှ ရုတ်တရက်ထွက်လာသော စကားသံကြောင့် ထွန်းမင်း လှည့်ကြည့်လိုက်သည်။

"မေမေကြီးက ကိုကိုကြီးလို့ အခေါ်ခိုင်းတာပါ"

နှယ်မာ မျက်နှာကို လက်နှင့်ကွယ်ရင်း ပြုံးလိုက်မိသည်။

နှယ်မာ အမှတ်တမဲ့ ပြောလိုက်မိသည်က မြင့်နိုင် သတိရ၍ဖြစ်သည်။

ကားကလေးက ဖြည်းဖြည်းမှန်မှန် ဆင်းသွားနေသည်။

တောင်ပတ်ဝန်းကျင်မှ ကာဆီးနေသော တောင်မြင့်ကြီးများကို နှယ်မာ မော့ကြည့်ရင်း လိုက်ပါလာသည်။

ကားကလေး ရုတ်တရက် ရပ်သွားသည်။

ထွန်းမင်း ကားပေါ်မှ ဆင်းသည်။

"ကဲ——ဆင်း"

ထွန်းမင်း နောက်မှ လိုက်လာရင်း နှယ်မာ လမ်းဘေးမှ တောပန်းလှလှ လေးများကို ငေးလာမိသည်။

ဤဒေသတွင် တွေ့မြင်ရသမျှ သစ်ပင် ပန်းပင်တိုင်း အကုန်လှနေသည်။

ရွက်ဝါများကပင် ရွှေရောင်တောက်ပြီး လှနေသည်။ ဆက်ပြီး ဆင်းလာရင်း နားထဲမှာ လေတိုးသံလိုလို ရေကျသံလိုလို အသံတွေ ကြားနေရသည်။

ကိုထွန်းမင်းက ရှေ့မှ ဆက်ပြီး လျှောက်နေဆဲ။

"ဒူ ငါ့ကို ဘယ်ခေါ် သွားတာပါလိမ့်"

စိတ်ထဲမှာ စိုးရွံ့လာမိသည်။

တောလမ်းခရီးမှာ နှစ်ယောက်တည်း——

လမ်းကွေ့လေး တစ်ခုကို လွန်သည်နှင့် ရေသံတွေကို ကြား
ရသည်။

"ဟော—ဟိုမှာ ကြည့်စမ်း"

"ဟယ်—လှလိုက်တာ"

အနီးစခန်း ရေတံခွန်ကို နွယ်မာ တအံ့တသြ ငေးကြည့်မိ
သည်။

အမြင့်ကြီးမှ ပုံဝဲ စီးကျလာသော ရေတံခွန်ကြီး၊

အောက်ခြေမှ စိမ်းကြည်သော ရေအိုင်—

လွင့်စင်နေသော ရေမှုန်များကို နေထိုးထားသောအခါ ...
သော သက်တန့်ရောင်စုံများကိုလည်း ရေအိုင်ပေါ်မှာ လှမ်းမြင်ရ
သည်။

နွယ်မာ သဘောကျလွန်း၍ ပြေးဆင်းသွားသည်။

ထွန်းမင်း နွယ်မာကို ငေးကြည့်ရင်း သက်ပြင်းတစ်ချက်
ချလိုက်သည်။

ရေတံခွန်ကို အကောင်းဆုံး မြင်ရသည့် သစ်ပင်အောက်
ကျောက်တုံးကြီးပေါ်မှာ ထိုင်၍ နွယ်မာ ကြည့်နေသည်။

"လှလိုက်တာ အစ်ကိုရယ်"

ဟု စိတ်ထဲတွင် ရေရွတ် လိုက်မိသည်။

ကဗျာဆန်လှသော အစ်ကို့ကို ခေါ်၍ ပြချင်စမ်းလှသည်။

ရေတံခွန်၏ အလှအပကို တမွဲ့နိုင်ပြီး နားထောင်ချင်သည်။

"ဟော—မင်း—ရေချိုးမလား"

နွယ်မာ ထိုင်နေသော ကျောက်တုံးကြီးနားသို့ ထွန်းမင်း
ရောက်လာ၍ မေးလိုက်သည်။



"ဟင့်—မချိုးချင် ပါဘူး"

နွယ်မာ ခပ်မြန်မြန် ပြောလိုက်သည်။

ဒီလူ့ရှေ့မှာ ရေချိုးဖို့ ဆိုသည်ကို လုံးဝစဉ်းစားလိမ့်မည်
မဟုတ်။

"ကဲ—မချိုးရင် ခြံကို ဆက်သွားမယ်၊ မေမေက ရေတံခွန်
လည်း ပို့လိုက်ပါဦး ဆိုလို့ လိုက်ပို့တာ လာသွားမယ်"

နွယ်မာ ကြည့်၍ မဝသေးသော်လည်း ခွင့်ကြေ ဝတ်ကြေ
လိုက်ပို့သူကို မကျေနပ်၍ ပြန်ထွက်လာခဲ့သည်။

"ဒီလောက်လှတဲ့ ရေတံခွန်ကို နောက်တစ်ခါ ကျမှ အစ်ကိုနဲ့
အတူ လာလည်ဦးမယ်"

စဉ်းစားပြီးကာမှ မဖြစ်နိုင်သော ဘဝကို သတိရ၍ စိတ်မ
ကောင်း ဖြစ်ရသည်။

ကားကလေးက အကွေ့အကောက် လမ်းကလေးအတိုင်း
ဆက်မောင်းနေသည်။

လမ်းဘေးမှာ သစ်တောများကို တွေ့ရသည်။

တော်တော်လေး မောင်းမိတော့ ချိုင့်ကြီးတစ်ခုကို ဆင်းပြီး
တော်တော်မြင့်သော ကုန်းတစ်ခုကို တက်ရသည်။

ဂျစ်ကားလေး အတော် ရုန်းနေရသည်ကို အင်ဂျင်စက်သံ
က သက်သေခံနေသည်။

ဘေးနှစ်ဘက်မှာ တောင်ကမ်းပါးယံ အမြင့်ကြီးနှစ်ဘက်
က ကာဆီးထားသည်။

ကုန်းမြင့်ပေါ်သို့ ရောက်သောအခါ ဝင်းခတ်ထားသော
ခြံကြီးကို တွေ့ရသည်။

ကားလေးက ဖွင့်ထားသော ခြံဝင်းအတွင်းသို့ မောင်း

သွားသည်။

"အို——"

နွယ်မာ အုံ့ဩ ရေရွတ်သည်။

"လှလိုက်တာ အစ်ကိုရယ်"ဟု ပြောမိမည် ဖြစ်ပြီး မ

ကို အချိန်မီ လက်နှင့် ပိတ်ထားလိုက်သည်။

"တီး——တီး——"

ထွန်းမင်း ကားဟွန်းကို တီးလိုက်သည်။

ခြံအတွင်းဘိုင်းမှ ခြေတံရှည် အိမ်လေးရှေ့မှာ ကားရပ်လို

သည်။

ပန်းခြံထဲမှာ မိန်းကလေးသုံးယောက်နှင့် ယောက်ျား

နှစ်ယောက် အလုပ်လုပ်နေကြသည်။

"ဟေး——မောင်ထွန်းမင်းပါလား"

ဦးဘကျော် ကားဆီသို့ ရောက်လာသည်။

"ချယ်ရီရေ——လာဦးဟေ့"

ထွန်းမင်းက မိန်းကလေး တစ်ယောက်ကို လှမ်းခေါ်လို

သည်။

ပန်းခင်းထဲမှ မိန်းကလေး တစ်ယောက် ပြေးထွက်လာသည်

"သူ့ကို ပန်းခင်းထဲခေါ်သွား ချယ်ရီ"

ထွန်းမင်းနှင့် ဦးဘကျော် သီးနှံစိုက်ခင်းဘက်ကိုသွားကြ

သည်။

ချယ်ရီက နွယ်မာ့ကို ပန်းခင်းဘက်သို့ခေါ်သွားသည်။

ဒေဇီပန်း၊ ဒေလီယာပန်း၊ ကြက်လျှာပန်း၊ ကန့်မှာ



များမှာ သူ့အရောင်နှင့် သူ့အကာနဲ့လိုက် အကာနဲ့လိုက် မွှေးနေကြသည်

မှာ ပန်းကဗွဲလာကြီး ဖြန့်ခင်းထားသလို ကြည့်၍ ကောင်းလွန်းလှ

သည်။

နွယ်မာ စိတ်ထဲမှာ သိပ်ကို ပျော်နေသည်။

ဤ ပန်းခင်းကြီးထဲမှာ အစ်ကိုနှင့်အတူ ပြေးလွှားချင်စိတ်

ဖြစ်လာသောအခါ မျက်နှာလေး ညိုးသွားသည်။

ကိုယ်ကသာ လှပသော ရှုခင်းများကို မြင်ရတိုင်း သတိရ

လွမ်းဆွတ်နေသည်။ အစ်ကိုကတော့ လွတ်ပြီ၊ ကျွတ်ပြီဟုများ

ပျော်သာနေမလား တွေးမိသောအခါ စိတ်ထဲမှာ ကြေကွဲရသည်။

"အစ်ကိုရယ်——နွယ်တို့ ဘဝ ပြန်ဆုံခွင့် ရကြဦးမှာ

လားကွယ်"

ပန်းခင်းကြီးကို ငေးရင်း မျက်ရည်များ ရစ်ဝဲလာသည်။

"ဟော့——ချောချောလေး ငေးလှ တွေးလှချည်လား လွမ်းစရာ

ရှိလို့လား"

ကိုအောလျှား၏ သမီးငယ် ချယ်ရီက လှမ်းစ၍ နွယ်မာမျက်ရည်

ကို သိမ်းပြီး ပြုံးပြသည်။

"လာ——မနက်စာ စားရအောင် သွားကြစို့"

ခြေတံရှည် အိမ်ကလေးဆီသို့ ပြန်ခဲ့ကြသည်။

သကြားသီးပင် အုပ်အုပ်ကလေးအောက်မှာ ဝါးစားပွဲ၊ ဝါး

ခုံတန်းလေးများနှင့် မနက်စာ ထမင်းစားကြရသည်မှာ ပျော်စရာ။

အာလူး ရောကြော်ဟင်း၊ ပဲပုတ်ကို ငြုပ်သီးစပ်စပ်နှင့် ထောင်းပြီး

မယ်ဇလီရွက် ဟင်းချိုနှင့် စားကြရသော်လည်း အားလုံး ထမင်းမြိန်

ကြသည်။

"ကိုကိုကြီး ဒီမမလေးက သိပ်လှတာပဲနော်"

ဦးဘကျော်၏ သမီးအငယ်ဆုံးလေး ချယ်ရီက နှယ်မ
လှမ်းကြည့်ပြီး အားပါးတရ ပြောလိုက်သည်။

"ဟုတ်တယ်"

"ဟုတ်တယ်"

နှင်းဆီနှင့် ဒေစီ အကြီးမနှစ်ယောက်ကပါ အားတက်သ
ထောက်ခံကြသည်။

"ဒေး—ရုပ်တယ်လောက် လှလှဖြီးမှာ အလုပ်လုပ်တဲ့ မ
ကို ညီအစ်မ သုံးယောက်ရဲ့ လက်တွေက ပိုတန်ဖိုးရှိတယ်"

"ဟင်း—— ကိုကိုကြီးကလည်း မမနှယ်လည်း ဒီနေ့ပန်း
တွေကို ပေါင်းသင်ပေးပါတယ်၊ ခဏလေးနဲ့ လုပ်တတ်သွားတယ်"

ချယ်ရီတို့ ညီအစ်မက နှယ်မာကို အားပေးသည်။

နှယ်မာမျက်နှာ ပျက်သွားသည်။

မိမိကို တမင် နှိမ်၍ပြောသည်ကိုလည်း နားလည်သွား
သည်။

ဒီလိုလူမျိုးနှင့် ကြာရှည် ဆက်မနေရန်လည်း ဆုံးဖြတ်လိုက်
သည်။

+ + +



## အခန်း (၂၃)

ခြံမှ အပြန်တွင် ကျွဲကောက်သော လမ်းလေးအတိုင်း ဂျစ်
ကားလေး မှန်မှန်ပြေးနေသည်။

နှယ်မာကတော့ လှပသောရှုခင်းများကို ငေးမောလျက်။

"မင်းမှာ ချစ်သူရှိလား"

ကားမောင်းနေသော ထွန်းမင်းထံမှ မမျှော်လင့်သော အမေး။
နှယ်မာ အံ့အားသင့်စွာ ထွန်းမင်းကို လှည့်ကြည့်လိုက်သည်။

ထွန်းမင်းကတော့ ကျွဲကောက်သော လမ်းကိုသာ သတိ
ထားပြီး မောင်းနေသည်။

"ရှိတယ်"

မြင့်နိုင်ကို ရည်ရွယ်၍ ပြောလိုက်ခြင်း ဖြစ်သည်။

"ငါ မယုံဘူး"

"ရှင်——"

နှယ်မာ ထိတ်လန့်သွားသည်။

သို့သော် ထွန်းမင်းက သူ့ဘက်ကို လှည့်မကြည့်ဘဲ ကား

ကိုသာ ဂရုစိုက်ပြီး မောင်းနေ၍ စိတ်အေးသွားသည်။

"မင်းမှာ ချစ်သူ တကယ်ရှိရင် မင်းမိဘတွေက သူ့မောင်နှမ
ဖိုးကြီးနဲ့ ပေးစားတော့ မင်းချစ်သူက မင်းကို ကူညီမှာပေါ့"

"ခုလို တစ်ယောက်တည်း ထွက်ပြေးမယ့်အစား မင်းချစ်သူ
နဲ့ အတူ ထွက်ပြေးသင့်တာပေါ့"

ထွန်းမင်း စဉ်းစားပုံ မှန်နေ၍ နွယ်မာ ဘာပြောရမှန်းမသိ
အောင် ဖြစ်သွားသည်။

သို့သော် ချစ်သူမရှိဘူးဟု သူ ထင်သွားလျှင်—

နွယ်မာ စိုးရိမ်သည်။

"ကျွန်မမှာ ချစ်သူရှိတယ်"

နွယ်မာက အနိုင်အမာ ထပ်ပြောလိုက်သည်။

ထွန်းမင်းက ကားမောင်းနေရင်းမှ ပြုံးသည်။

"မင်းမှာ ချစ်သူရှိတယ် ဆိုရင်လည်း၊ မင်းချစ်သူဟာ မ
ဒုက္ခကို မကယ်တင်နိုင်တဲ့ လူပဲဖြစ်ရမယ်၊ ဒါဆိုရင်တော့ မင်း
တကယ် မချစ်လို့ပဲ"

ထွန်းမင်း ပြောသည်မှာ ထပ်ပြီးမှန်ပြန်သည်။

"မင်း——ဘဝင်တော့ မြင့်မသွားနဲ့၊ တကယ်တော့ မင်း
ချယ်ရီတို့ ညီမပြောသလို တော်တော်ချောတဲ့ မိန်းကလေးတ
ယောက်ပဲ၊ ဒီလို မိန်းကလေးမှာ ချစ်သူရှိတယ် ဆိုရင်၊ အဲဒီချစ်သူ
ဒီလို ဒုက္ခရောက်နေတဲ့အချိန်မှာ ကူညီမှာ သေချာတယ်။ တကယ်
မကူညီဘူး ဆိုရင်တော့ အဲဒီလူဟာ မင်းကို တကယ်မချစ်လို့ပဲ"

နွယ်မာ မျက်လုံးများမှာ မျက်ရည်များ ရစ်ဝဲလာသည်၊

အစ်ကိုက သူ့ကို အနစ်နာခံ၍ ကူညီသည်။ သို့သော် သူ့



မစွမ်း၊ သူက ချစ်သော်လည်း သူ့ချစ်သူ မဖြစ်ခဲ့သည်ကို စဉ်းစားမိ
သောကြောင့် ဖြစ်သည်။

"မင်းဘာဖြစ်လို့ ငိုရတာလဲ"

ထွန်းမင်းက နွယ်မာဘက်ကို လှမ်းကြည့်ရင်း မေးသည်။

နွယ်မာက ဘာပြန်ပြောရမှန်း မသိ၍ မျက်ရည်များက
ပါးပြင်ပေါ်သို့ စီးကျလာသည်။

"မေမေ——မင်းကို ရိုးသားတဲ့ မိန်းကလေး၊ မလိမ်မညာ
အမှန်အတိုင်းပြောတဲ့ မိန်းကလေးလို့ ယုံနေတာ"

"ကျွန်မကို မယုံလို့ အိမ်မှာ နေတာ သဘောမကျဘူးဆိုရင်
လည်း ကျွန်မ ထွက်သွားပေးပါ့မယ်"

နွယ်မာ ပြောရင်းမှ ဝမ်းနည်း၍ ရှိုက်သံ တစ်ချက်ထွက်လာ
သည်။

"ဟော——မင်း ဘာလို့ ငိုရတာလဲ၊ မင်းကိုငါက ထွက်
သွားဖို့လည်း ပြောတာမဟုတ်ဘူး။ မင်းမှာ ချစ်သူရှိတယ်ဆိုတာ
ငါမယုံလို့ပြောတာ"

နွယ်မာ ဘာမျှ ပြန်မပြောတော့ပါ။ ထွန်းမင်းကလည်း ဘာ
မျှ ဆက်မမေးတော့ပါ။

အိမ်ပြန်ရောက်ပြီး ညစာစားကြသောအခါ နွယ်မာက
နှင်းဆီ၊ ဒေဝီ၊ ချယ်ရီတို့ ညီအစ်မနှင့် ခြံမှာသွားပြီး အလုပ်လုပ်ချင်
ကြောင်း ဒေါ်ကြေးမုံကို ပြောပြသည်။

"ဘာဖြစ်လို့လဲ သမီးရယ်၊ ဒီမှာပဲ မေမေကြီးတို့နဲ့ အတူ
နေပေါ့"

"အိမ်မှာ ဒေါ်ကောင်းပုံလည်းရှိတော့ နွယ်မာလုပ်စရာ ဘာမှ
မရှိလို့ပါ၊ ခြံထဲမှာဆိုရင် နွယ်မာ လုပ်စရာတွေ အများကြီးပဲ"

ထွန်းမင်းက နွယ်မာကို လှမ်းကြည့် လိုက်သည်။

သူပြောလိုက်သော စကားကြောင့် ဖြစ်မည်ကိုလည်း သိ လိုက်သည်။

"နွယ်မာ သူများအိမ်မှာ အလကား စားမနေချင်ဘူး။ နွယ်မာ အလုပ်လုပ်ချင်တယ်၊ ခြံထဲမှာဆိုတော့ ချယ်ရီတို့ ညီအစ်မနဲ့လည်း အဖော်ရလို့ပါ"

"မသွားပါနဲ့ သမီးရယ်——ဒီမှာ မေမေကြီးနဲ့ပဲ အဖော် ဆောင်နေပါ"

ဒေါ်ကြူးမှုံက နွယ်မာ တောင်းဆိုသည်ကို ခွင့်မပြု။

ထွန်းမင်းက နွယ်မာကို လှမ်းကြည့်လိုက်သည်။ သို့သော် နွယ်မာက ခေါင်းငုံ့နေ၍ မသိ။

• • •



## အခန်း (၂၅)

ညဦးပိုင်းမှာ အိမ်ကြီးတစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ဒေါ်ကောင်းပုံက မနက်အစောကြီးထ၍ ချက်ပြုတ်ရသောကြောင့် အစောကြီး အိပ်နေပြီ။

မေမေကြီးလည်း အိမ်ပေါ်မှာ အိပ်ပျော်နေပြီ။

နွယ်မာ အိပ်ချင်စိတ် မရှိသေး၊ အိပ်၍လည်း မပျော်သေး။

ညနေစာ ထမင်းစားပြီးတော့ ထွန်းမင်း အပြင်ထွက်သွားသည်။ သူ့အပေါင်းအသင်း ကိုဗလကြီးတို့ သိုင်းအဖွဲ့နှင့် လက်ဖက်ရည်ဆိုင် ထိုင်လေ့ရှိသည်။

"နွယ်မာ——မောင်ထွန်းမင်း ပြန်လာရင် တံခါးဖွင့်ပေးလိုက်ဦး"ဟု ဒေါ်ကောင်းပုံက မှာထားသည်။

တစ်ချက် တစ်ချက်တွင် မြူလေး ပြင်ဦးလွင် ကားလမ်းဘက်မှ ကားသံများကို ကြားနေရသေးသည်။

အနီးစခန်းလေက အေးစိမ့်နေ၍ နွယ်မာ အိပ်ရာထဲမှာ နေရသည်။

"ခုလောက်ဆိုရင် အစ်ကို ဘာလုပ်နေမလဲ"

သာဝရွှေသို့ ပြန်ရောက်နေမည့် အစ်ကိုကို စိတ်ကူးထဲ မြင်ယောင် ကြည့်မိသည်။

ကိုလေးဘရွှေတို့ကို အစ်ကို ဘယ်လိုပြောပြမလဲ၊ သူတို့ အတွက် စိတ်ပူနေကြမလား၊ ငါ ကိုလေးဘရွှေတို့ဆီ စာတစ်စောင် ရေးရရင် ကောင်းမလား——

နှယ်မာ စဉ်းစား ကြည့်သည်။

"အို——မရေးတော့ပါဘူး၊ တော်ကြာ တစ်နည်းနည်းနဲ့ မိထွေး သိသွားရင်——"

နှယ်မာ ကြောက်သည်။

"ကိုလေးဘရွှေတို့က အစ်ကို့ကို ပြောရင်လည်း သူ့ခမျာ ငါ့ကို တာဝန်မယူချင်ဘဲ ယူနေရမယ်။ ကိုယ့်ခုက္ခ ကိုယ့်ဘာသာခံတာ ပဲ ကောင်းတယ်၊ ငါ အစ်ကို့ကိုရော တခြားလည်း ဘယ်သူ့မှ ဒုက္ခ မပေးတော့ပါဘူး"

"ကလင်——ကလင်——ကလင်"

အိမ်ဝင်းတံခါးမှ ကြိုးကို ဆွဲလှုပ်၍ အချက်ပေး ခေါ်တော် မည့်မြည်းဖြစ်သည်။

နှယ်မာ အိပ်ရာမှထ၍ တံခါးဖွင့်လိုက်သည်။

မြိုထဲသို့ မထွက်ရဲသေး။

"ဘယ်သူလဲ"

"ငါပါ——"

ထွန်းမင်း၏ အသံမှန်းသိ၍ နှယ်မာခြံဝင်းတံခါးဆီသို့ လျှောက် သွားသည်။ အပြင်ဘက်မှာ အေးစိမ့်နေသော လေက တဟူးဟူး



တိုက်နေ၍ နှယ်မာ တစ်ကိုယ်လုံး အေးသွားသည်။

နှယ်မာ ခြံဝင်းတံခါးကို ခပ်မြန်မြန် ဖွင့်ပေးသည်။

ထွန်းမင်း အထဲရောက်သည်နှင့် ခြံတံခါးကို ပြန်ပိတ်လိုက် သည်။

ထွန်းမင်း အိမ်ဆီသို့ မသွားသေးဘဲ ရပ်စောင့်နေ၍ နှယ်မာ ရင်ထဲ ထိတ်သွားသည်။

"မင်း မအိပ်သေးဘူးလား"

"တံခါးဖွင့်ပေးဖို့ စောင့်နေတာပါ"

"ငါ မင်းနဲ့ စကားပြောချင် သေးတယ်"

"ကျွန်မ အိပ်ချင်လှပြီ မနက်ကျမှ ပြောပါ"

နှယ်မာ အသံက မသိမသာ တင်းနေ၍ ထွန်းမင်းပြုံးလိုက် သည်။

"ညနေတုန်းက မေမေ့ကို ငြိုထဲသွားမယ်လို့ ပြောတာဘာ သဘောလဲ"

"ဒီမှာ အလုပ်မရှိဘဲ အလကား စားမနေချင်လို့ အလုပ်ရှိ တဲ့ မြို့မှာ သွားနေချင်လို့"

"အလုပ်လုပ်တဲ့ လက်ကမှ အစိုးတန်တယ်လို့ ငါပြောတာ ကို မကျေနပ်လို့ မဟုတ်လား"

"မကျေနပ်စရာ မရှိပါဘူး အဲဒါ မှန်တဲ့ စကားပဲ"

"ငါ မင်းကို ဆက်ဆံတာ မာရေကြောရေ ဖြစ်နေသလား"

"ကိစ္စမရှိဘူး၊ ကျွန်မက ဒီအိမ်မှာ မှီခိုနေရသူပဲ"

"မင်း အဲဒီလို မပြောနဲ့ ငါက မိန်းကလေးတွေနဲ့ စကားမ ပြောတတ်ဘူး၊ ငါ့ကြောင့် မင်း စိတ်မကောင်း ဖြစ်ရတာရှိရင် ငါညှိလို့

သာ မင်း သက်မှတ်ထားလိုက်''

''ပြောချင်တာ ဒါပဲလား''

နှယ်မာ အိမ်ကြီးဆီသို့ သွားရန် ပြင်လိုက်သည်။

သို့သော် ထွန်းမင်းက နှယ်မာ သွားမည့်ဘက်မှာ [illegible]နေသည်။

နှယ်မာကို နူးနူးနိုက်နိုက် ကြည့်သည်။ ထိုအကြည့်ကို နှယ်[illegible] ကြောက်သည်။ ''မင်း ဖြိုကို သွားမနေရဘူး။ ဒီမှာပဲ နေရမယ်''

ထွန်းမင်းက တိကျသော အမိန့်တစ်ရပ်လို ပြောပြီး နှယ်[illegible]ကို ကြည့်နေသည်။

နှယ်မာ ပါးပေါ်မှာ မျက်ရည်များ စီးကျလာသည်။

ထွန်းမင်း သက်ပြင်း တစ်ချက်ချပြီး အိမ်ကြီးဆီသို့ လျှောက်[illegible] သွားလေသည်။

ထင်းရှူးပင်ကို လေတိုးသံက ချောက်ချားစရာ―――

+ + +



## အခန်း (၂၅)

ရက်မှလသို့ ကူးလာခဲ့သော်လည်း မြင့်နိုင် နှယ်မာကို တစ်ရက်မျှ မမေ့နိုင်။

ကဗျာလေးတွေကို မဂ္ဂဇင်းများမှ ပေးပို့ထားသော်လည်း ဘယ်မဂ္ဂဇင်းမှာမှ မပါသေး။

နှယ်မှ ပို့သော ကဗျာတို့သည် အနည်းဆုံး သုံးလလောက်တော့ ကြာတတ်သည်။

ထို ကဗျာလေးများ မဂ္ဂဇင်းမှာ ပါ၍ နှယ်မာ ဖတ်ရလျှင် မရုံမရဲ မျှော်လင့်မိသည်။

တိုက်တိုက် ဆိုင်ဆိုင် ဖတ်မိပါစေ ဟုလည်း ဆုတောင်းနေမိသည်။

သို့သော် ကဗျာက မဂ္ဂဇင်းမှာ မပါသေး။

နောက်ထပ်လည်း နှယ်မာ အကြောင်း ကဗျာလေးတွေ ဆက်ရေး နေမိသည်။ မုဂ္ဂလိက ခံစားချက် သက်သက်သာဖြစ်သော ကဗျာများကိုတော့ ဘယ်မဂ္ဂဇင်းမျှ မပို့ဘဲ ကိုယ်ဘာသာဖတ်ရန် သီးခြား

ထားလိုက်သည်။

ရွှင်ချက်ဖြင့် ကိုဘရွှေတို့ လင်မယားကိုတော့ သူတို့ သည်

သူတို့ လင်မယားမှာလည်း မြင့်နိုင်၏ ကျောလေး ဖတ်ပြီးတိုင်း စိတ်မကောင်းဖြစ်ကြသည်။

ကိုဘရွှေတို့ အိမ်ကို မြင့်နိုင် သုံးရက် တစ်ခါလောက်ရောက် သည်။

ကိုဘရွှေတို့ လင်မယားက နည်းအမျိုးမျိုးနှင့် နှယ် အကြောင်း စုံစမ်းနေကြသည်။ သို့သော် သတင်း အစအနပင် မ

မြင့်နိုင်ကတော့ ကိုဘရွှေတို့ လင်မယားနှင့် စကားပြော သည်ပင် နှယ်မာကို အလွမ်းပြေသလို ခံစားရသည်။ ကိုဘရွှေ တစ်ဖက်အိမ်မှ အိမ်ဆိုင်လေးကိုလည်း ငေးမျှော်ရသည်။

တစ်ခါက နှယ်မာ ထိုင်ပြီး ရောင်းခဲ့သော ဆိုင်ကလေး

"အဲဒီ ကတည်းက ငါ့သူကို ချစ်မိခဲ့ရင် ကောင်းမှာ"

နောက်ကျခဲ့သည်တို့ကို တမ်းတမိသည်။

"ကျွန်တော်ကို တွေ့အောင် ရှာပေးကြပါဦးဗျာ——"

ကိုဘရွှေတို့ လင်မယားကို သုံးရက်တစ်ခါ နှုတ်မှုမိသည်။

"ငါတို့လည်း ဆက်သွယ်လို့ရသမျှတော့ ကြိုးစားနေတယ် ကွာ၊ သူကများ စာရေးပြီးဆက်သွယ်ရင် ဘယ်လောက်ကောင်းမလဲ"

"ဟုတ်တယ်——ကျွန်မလည်း နေ့တိုင်းစာပေးချိန်ရောက်ရင် မျှော်နေမိတယ်၊ အခုတော့ စာပို့သမားတောင် မမြင်ရတာ အတော် ကြာနေပြီ"

မထားဧီကလည်း စာမျှော်ရင်း မောနေရသည်။

"သူ တစ်နေ့ရာရာ ရောက်ပြီး ယောက်ျားများ ရသွား



လေဗျာ——"

မြင့်နိုင် နီးရိမ် မှုပန်သည်။

"အဲဒီလိုတော့ မဖြစ်နိုင်ပါဘူးကွာ၊ သူ မင်းကို သိပ်ချစ်တာ မင်းလည်းသိသားနဲ့"

"ဒါပေမဲ့ ကျွန်တော်ချစ်တာကို သူမသိသေးဘူးဗျ"

"မင်းချစ်တာ မသိပေမယ့် သူချစ်တာ သူသိနေတာပဲ ကွာ"

ကိုဘရွှေ ပြောသည်ကို သဘောကျ၍ မြင့်နိုင် ခေါင်းညိတ် လိုက်သည်။

"တခြားတစ်ယောက်ယောက်က ခုကျွဖြစ်နေတဲ့ မိန်းကလေး ကို အနိုင်အထက် စော်ကားရင်ရောဗျာ"

မြင့်နိုင်က နောက်ထပ် စိတ်ပူစရာ တစ်ခု စဉ်းစားပြန်သည်။

"ငါလည်း အဲဒါတော့ စိုးရိမ်တယ်။ မင်းတို့ ငါတို့ ယောက်ျား တွေကလည်း မဟာပုရိသဆိုပြီး အခွင့်သာရင် အနိုင်ယူချင်တဲ့ ကောင် တွေ အများကြီးကွ"

"ဟုတ်တယ်ဗျာ"

ကိုယ့် ယောက်ျား အချင်းချင်းကို မြင့်နိုင် မကျေမနပ် ဖြစ် လာရသည်။

"သိပ်တော့လည်း စိတ်မပူပါနဲ့ကွာ နှယ်မာက လိမ္မာသလို ဉာဏ်ပညာလည်း ရှိပါတယ်၊ တတ်နိုင်သလောက်တော့ သူ့အန္တရာယ် ကို ရှောင်နိုင်အောင် ကြိုးစားမှာပါ"

ကိုဘရွှေက အားပေးသည်။

"အေးဗျာ——သူ့ခမျာ မသမာတဲ့ ယောက်ျားတွေနဲ့ မတွေ့ ပါစေနဲ့လို့ ဆုတောင်းရတာပဲ"

"ကျွန်မလည်း ဘုရားရှိခိုးတိုင်း သူ့အတွက် ဆုတောင်း
မေတ္တာပို့ပါတယ်"

မအားနီ၏ မျက်လုံးများမှာ မျက်ရည်များ ရစ်ဝဲလာကြသည်။

"ငါကတော့ မင်းကို ဟိုစာဆိုနဲ့ အပြစ်တင်ချင်တယ်"

"ဘယ်စာဆိုလဲ"

"ခွင့်သာချိန်က မကြိုက်ခဲ့တာ အခိုက်နှင့်ပြင် ရှိသေး
လိမ့်တော့လို့"

+ + +



## အခန်း (၂၆)

"ဪ——မိန်းကလေးရဲ့အဖြစ်ကလည်း စိတ်မကောင်း
စရာပါလားအေ"

ယနေ့ ဒေါ်ကြေးမုံရော ထွန်းမင်းပါ မန္တလေးသွားကြ၍ အိမ်
မှာ အားလပ်နေကြသောကြောင့် နှယ်မာက ဒေါ်ကောင်းမုံကို သူ့
စတ်လမ်း အစအဆုံး ပြောပြမိသည်။

"အခုလည်း အစ်ကို စာမေးပွဲ အောင်ပါစေ၊ ပျော်ရွှင်ချမ်းမြေ့
ပါစေလို့ နေ့တိုင်း ဘုရားရှိခိုးပြီး ဆုတောင်းတယ်"

"အဲဒါဆိုရင် အောင်မှာပါအေ"

"နှယ် သူ့ကို သတိမရတဲ့အချိန်ရယ်လို့ မရှိဘူး။ ညဆိုရင်
ငိုပြီး သတိရတယ်"

"အေးလေ——မိန်းကလေးရဲ့ အဖြစ်ကလည်း သတိရစရာ
ပါကိုး၊ အတူတူ တစ်ကျောင်းတည်း အိပ်ခဲ့ကြတာ ဘယ်နှစ်ရက်တုန်း"

"ရှစ်ရက်"

ဒေါ်ကောင်းမုံ ပြုံးလိုက်သည်။

"ဘာပြုံးတာလဲ ဒေါ်ကောင်းပုံ"

နှယ်မာ စိတ်မလုံ။

"အံ့ဩစရာ ဖြစ်နေလို့ပါ၊ ဒါတွေကို မမကြီး မသိဘူး မဟုတ်လား"

"ဟင့်အင်း—မမကြီးကို ပြောပြတဲ့အထဲမှာ အဲဒါမှ မပါဘူး"

"အေး—ဟုတ်တယ်၊ သူက မိန်းကလေး မိထွေးက သူ့ မောင် ကလေးသုံးယောက်အဖေနဲ့ အတင်းပေးစားလို့ ထွက်ပြေးလာ တာလို့ပဲ သိထားတာ"

"ဒီအကြောင်းတွေကို ဒေါ်ကောင်းပုံ မမကြီးကို မပြော နဲ့နော်"

"မပြောပါဘူးအေ၊ ငါနဲ့ မမကြီးကလည်း ဆယ်ရက်နေလို့ စကားတစ်ခွန်းပြည့်အောင် ပြောမိကြတာ မဟုတ်ပါဘူး၊ မကြီးက အေးပါတယ်၊ မိန်းကလေးကိုလည်း သမီးတစ်ယောက်လို ချစ်တာပါ၊ အေး—ဒါနဲ့ ငါ ပြောရဦးမယ်၊ မောင်ထွန်းမင်းကလည်း မိန်း ကလေးကို စိတ်ဝင်စားနေပုံရတယ်"

"ဟင်း—သူလား၊ နှယ့်ကို စိတ်ဝင်စားမှာ အမြဲတမ်း အကောင်းမမြင်၊ အကောင်းမပြောတဲ့လူ"

ဒေါ်ကောင်းပုံ ပြုံးလိုက်သည်။

"မိန်းကလေးက ငယ်ပါသေးတယ်၊ တချို့ယောကျ်ားတွေက အပြောဆိုးပေမယ့် စိတ်ထဲက သဘောကျနေကြတာ၊ ဒေါ်ကြီးက မိန်းကလေးလို မလှပေမယ့် ယောကျ်ားသုံးယောက်တောင် ရဖူးတယ်၊ ပထမဆုံးယောကျ်ားနဲ့ သားပျက်ပြီးကတည်းက နောက်ထပ် ကလေး မရတော့ဘူး—"



"အို—ဟုတ်လား"

ဒေါ်ကောင်းပုံ အကြောင်းခုမှသိရ၍ နှယ်မာ အံ့ဩနေသည်။

"အဲဒီတော့ ဒေါ်ကြီးက ယောကျ်ားတွေအကြောင်း ကောင်း ကောင်းသိတယ်၊ မောင်ထွန်းမင်းက မာရေကျောရေပြောပေမယ့် မိန်းကလေးကို ကြည့်တဲ့ မျက်လုံးတွေက စိတ်ဝင်စားနေကြတယ်'

"နှယ် သူ့ကို စိတ်မဝင်စားဘူး၊ နှယ့်မှာ ချစ်သူရှိတယ်"

"ဒါပေမဲ့ အဲဒီလူက မိန်းကလေးကိုမှ မချစ်ဘဲ"

"သူက မချစ်ပေမယ့် နှယ် သူ့ကိုချစ်တယ်"

"မိန်းကလေးတို့ရဲ့အဖြစ်က ပြန်ဆုံဖို့ မလွယ်တော့ဘူးကွယ်၊ မိန်းကလေးကိုယ်တိုင်ပဲ သူ့ကို ဒုက္ခမပေးချင်တော့လို့ ထွက်လာတာပဲ၊ မိန်းကလေးက တော်တော်ချောတဲ့ မိန်းမတစ်ယောက်ဆိုတာလည်း မေ့မနေနဲ့၊ ချောတဲ့မိန်းကလေးတွေက အန္တရာယ်ပိုများတယ်။ အဲဒီ တော့ ကိုယ်က ချစ်တဲ့လူကို မရနိုင်ရင်၊ ကိုယ့်ကိုချစ်တဲ့သူကို ယူလိုက် တော့ ချမ်းချမ်းသာသာ နေရတာပေါ့၊ မိန်းကလေးက ချမ်းသာမယ့် ရုပ်မျိုးရှိတယ်"

"ငွေ မချမ်းသာရင် နေပါစေ ဒေါ်ကောင်းပုံရယ်၊ နှယ် စိတ်ချမ်းချမ်းသာသာပဲ နေချင်တယ်"

"ယောကျ်ားဖြစ်တဲ့လူက ကိုယ့်ကိုချစ်တယ်၊ ငွေကြေး ချမ်းသာတယ်ဆိုရင် စိတ်ချမ်းသာမှာပေါ့ မိန်းကလေးရယ်၊ မမကြီး ကလည်း မိန်းကလေးကို သမီးတစ်ယောက်လို ချစ်တယ်"

"ဒါပေမဲ့ နှယ် အစ်ကို့ကိုပဲ ချစ်တယ် ဒေါ်ကောင်းပုံရယ်၊ အစ်ကိုကလွဲရင် ဘယ်သူ့ကိုမှ ချစ်လို့ရမှာ မဟုတ်ဘူး"

နှယ်မာက စကားကို ပိတ်ပြောလိုက်သည်။

ပြောရင်းနှင့်လည်း တောင်ကုန်းနေအိမ်မှာ အတူနေခဲ့ကြစဉ်က အခန်းကိုပုံကို မြင်ယောင်နေမိသည်။

÷ ÷ ÷



## အခန်း (၂၅)

ယနေ့ည ထွန်းမင်း အပြင်ထွက်သည်မှာ ခါတိုင်းထက် ပို၍ ကြာသည်။

ကားလမ်းဆီမှ ကားသံများပင် တော်တော်လေး အဆက်ကျဲသွားပြီ။

ယခင်ရက်များက နှယ်မာ၏ တောင်းပန်ချက်အရ ထွန်းမင်း အပြင်ထွက်လျှင် ဒေါ်ကောင်းပုံပါ နှယ်မာနှင့်အတူ စောင့်ပေးသည်။

ယနေ့ညတော့ ဒေါ်ကောင်းပုံ အိပ်ပြီးမှ ထွက်သွားခြင်းဖြစ်၍ နှယ်မာတစ်ယောက်တည်း စောင့်နေရသည်။

ညနေ ပန်းခြံမှ ပြန်လာတော့လည်း ထွန်းမင်း၏ကြည့်ပုံများက အသည်းယားစရာ။

ဒေါ်ကောင်းပုံကို နှိုးချင်သည်။ သို့သော် သူ့ခမျာ မနက်အစောကြီး ထရသည်၊ တစ်နေ့လုံးလည်း မနားရ၍ မနှိုးရက်။

ညဉ့်နက်သောအခါ အအေးဓာတ်က ပိုလာသည်။

နှယ်မာကိုယ်တိုင်လည်း အိပ်ချင်ပြီ။

အိပ်ရာပေါ် သွားအိပ်နေလျှင် အိပ်ပျော်မည်စိုး၍ နေ့မှ ထွေးထွေး လှဲနေချင်သော်လည်း မဖြစ်။

ခက်သည်မှာက ဤအိမ်တွင် ဖတ်စရာမဂ္ဂဇင်း ဝတ္ထုတစ်အုပ်မှ မရှိ။

၁၁ နာရီလောက်ကျမှ ခေါင်းလောင်းမြည်သံ ပေါ်လာသည်။

နှယ်မာ အိမ်တံခါးဖွင့်ပြီး ခြံဝင်းတံခါး သွားဖွင့်ပေးသည်။

ထွန်းမင်း ဝင်ပြီးသည်နှင့် တံခါးကို ပြန်ပိတ်လိုက်သည်။

အိမ်ကြီးထဲသို့ ရောက်သောအခါ ထွန်းမင်း လှေကားပေါ်သို့ တက်သွားသံကြား၍ နှယ်မာက တံခါးကို ဖြည်းဖြည်းချင်း ပိတ်နေသည်။

“မရဘူးလား—ငါပိတ်ပေးရမလား”

“ရပါတယ်”

တံခါးမင်းတုတ်ကို မြန်မြန်ထိုးလိုက်ရသည်။

“အို—”

နှယ်မာ ပြန်လှည့်လိုက်သည်နှင့် ထွန်းမင်းက နှယ်မာ့ ပခုံးနှစ်ဘက်ကို ဆုပ်ကိုင်ထားလိုက်သည်။

“ငါ—မင်းကို ချစ်တယ်”

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် နှယ်မာ တုန်လှုပ်သွားမိသည်။ ရုတ်တရက် ဘာပြော၍ ဘာလုပ်ရမှန်း မသိ။

ထွန်းမင်းက နှယ်မာ့ကို ဆွဲပွေ့ရန်ကြိုးစားမှ နှယ်မာ သတိရပြီး ရုန်းလိုက်သည်။

“ကျွန်မ ရှင့်ကို မချစ်ဘူး လွှတ်ပါ”

“မလွှတ်တော့ဘူး၊ ငါ မင်းကိုချစ်တယ်၊ မေမေကလည်း သဘောတူမှာပဲ၊ ငါ မင်းကို လက်ထပ်ယူမယ်”



နှယ်မာက အတင်းဆောင့်ရုန်းလိုက်သည်။

“လွှတ်—ရှင် လွှတ်ပါ၊ ကျွန်မ ရှင့်ကို မချစ်ဘူး၊ ကျွန်မမှာ ချစ်သူရှိတယ်”

“မရှိဘူး—မင်း ညာတာ၊ ငါ မင်းကို ချစ်တယ်”

“မညာဘူး—ကျွန်မမှာ ချစ်သူရှိတယ်၊ ကျွန်မ ချစ်သူကလွဲရင် ဘယ်သူ့မှ မချစ်ဘူး၊ ရှင် လွှတ်ပါ မလွှတ်ရင် ကျွန်မ အော်ပစ်လိုက်မယ်”

နှယ်မာ အတင်းရုန်းနေ၍ ထွန်းမင်း လွှတ်ပေးလိုက်သည်။

သို့သော် နှယ်မာ့ကို တပ်မက်စွာ ကြည့်နေသည်။

“ငါ မင်းကို ချစ်တယ်၊ မေမေ့ကို ပြောမယ်၊ မရရအောင် ယူမယ်”

နှယ်မာ သူ့အခန်းဆီသို့ ပြေးသွား၍ အခန်းထဲဝင်ပြီး တံခါးကို အတွင်းမှ ပိတ်ထားလိုက်သည်။

ဤအိမ်ကြီးတွင် ဆက်နေရသည်မှာ မိမိအတွက် လုံခြုံမှု မရှိတော့ပါ။

အိပ်ရာကုတင်ပေါ်မှာ ဝမ်းလျှားမှောက်လျက် နှယ်မာ ဝမ်းနည်းစွာ ငိုကြွေးမိသည်။

+ + +

## အခန်း (၂၈)

အဝေးသင်တက္ကသိုလ် စာမေးပွဲအောင်စာရင်းများ ထွက်၍ မြင့်နိုင် မန္တလေးတက္ကသိုလ်သို့ ရောက်လာခဲ့သည်။

နွယ်မာနှင့် အတူနေခဲ့သော ကိုသန်းညွန့် မခင်ဌေးတို့၏ တောင်ကုန်းမှ အိမ်ကလေးကိုလည်း အလွမ်းပြေကြည့်ချင်၍ လား ခြင်း ဖြစ်သည်။

အိမ်ကလေးကို ရောက်တော့ နွယ်မာ့ကို ပိုပြီး လွမ်းဆွ တွေဖြစ်ရသည်။

ကိုသန်းညွန့်နှင့် မခင်ဌေးတို့ လင်မယားလည်း စိတ်မ ကောင်း ဖြစ်ကြရသည်။

ကိုသန်းညွန့်အိမ်မှ တက္ကသိုလ်အသွားမှာ ရေနီမြောင်းလေး ကို မြင်တော့လည်း နွယ်မာ့ကို လွမ်းရော။

တခဲပင် လက်ဖက်ရည်ဆိုင်လေးကို မြင်ရတော့လည်း လွမ်း ရော။

ကြော်ငြာသင်ပုန်းမှာ အောင်စာရင်းကြည့်တော့ စာမေး အောင်သည်။



ဖြေနိုင်ပါစေ——အောင်ပါစေ ဆိုသော နွယ်မာ၏ ဆု တောင်းလေး နှစ်ခုတော့ ပြည့်သွားလေပြီ။

စာမေးပွဲအောင်ကြောင်း သူသိစေချင်သည်။ ဝမ်းသာအားရ သူ့ကို ပြောပြချင်သည်။

"ဘယ်ကိုများ ရောက်နေလဲ နွယ်ရယ်"

မြင့်နိုင် စိတ်မကောင်းဖြစ်ရသည်။

"ဟေ့——ကဗျာဆရာကြီး"

နောက်မှ ခေါ်သံကြား၍ ပြင်ဦးလွင်မှ ကိုစိုးမြင့်။

"ဟာ——ကိုစိုးမြင့်ကြီး စာမေးပွဲအောင်တယ် မဟုတ်လား"

"အောင်ပါတယ်"

"အောင်ရင် လာ——လက်ဖက်ရည်တိုက်"

"ဟာ——အတူတူ အောင်တာပဲလေ၊ အတူတူတိုက်ရုံပေါ့"

နှစ်ယောက်သား ရယ်ရင်း လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြ သည်။

လက်ဖက်ရည်နှစ်ခွက် မှာပြီးသောက်ရင်း၊ ဘွဲ့ရပြီးသည့် နောက် တိုးတက်ဖြစ်ပေါ်လာနိုင်သည့် အလားအလာများကို ပြော ရင်း ကိုစိုးမြင့်က သတိရသွားသည်။

"ဟာ——ကဗျာဆရာကြီး အနီးကပ်တက်တုန်းက ခင်ဗျားနဲ့ လက်ဖက်ရည်ဆိုင်မှာ အတူပါလာတဲ့ ချောချောလေး ကျွန်တော် အနီးစခန်းမှာ တစ်ခါ တွေ့လိုက်တယ်"

"ဗျာ——ဟာ——လုပ်စမ်းပါဦး၊ ကိုစိုးမြင့် ပြောစမ်းပါဦး၊ သူ ဟုတ်တာ သေချာရဲ့လား"

မြင့်နိုင် ရှာဖြေမထိန်းနိုင် အမောတကော မေးမိသည်။

"သေချာပါတယ်ဗျ---ကျွန်တော် မြင်ဦးလွင်က အနီးစခန်း ခေတ္တဝင်ပြီး မော်တော်ကားနားနေတုန်း ဈေးဆိုင်တန်း ကနေ ထွက်သွားတဲ့ သူ့ကိုမြင်လိုက်တာ လူများများတော့ လိုက်ကြည့်သေးတယ်။ သေချာတယ်ဗျ လုံးဝမမှားဘူး"

"ဘယ်တုန်းက တွေ့တာလဲဗျ၊ ကြာပြီလား ပြောပါဦး"

မြင့်နိုင် လမ်းပျောက်သွားမှာ စိုးသည်။

"အင်း---ဘယ်တုန်းက တွေ့တာလဲဆိုတော့ တစ်လ လောက် အင်း တစ်လတော့ မရှိသေးဘူး ရက်နှစ်ဆယ်လောက်တော့ ရှိပြီ"

သူကလည်း ခရီးသွားရင်း ဝင်နားတာလား---

"မဟုတ်ဘူးဗျ---အဲဒီ အနီးစခန်းမှာ နေတဲ့ပုံမျိုးပဲ၊ သူ ဝင်သွားတဲ့ အိမ်တောင် ကျွန်တော်မှတ်မိတယ်၊ ဟာ---နေဦးဗျ ခင်ဗျားက ကျွန်တော့်ချည်း မေးနေတော့ ခင်ဗျား ချောချောလေး ခင်ဗျားက အဆက်အသွယ်မရှိကြတော့ဘူးလား"

"သူဝင်သွားတဲ့ အိမ်ကို ခင်ဗျား မှတ်မိတယ်နော်"

မြင့်နိုင် သိပ်ကို ဝမ်းသာသွားသည်။

ဘာမှ နားမလည်နိုင်အောင် ဖြစ်နေသော ကိုစိုးမြင့်ကို မြင့်နိုင်က ဖြစ်ကြောင်းကုန်စင် ပြောပြသည်။

"ဟာ---ကဗျာဆရာရဲ့ အဖြစ်ကလည်း ကဗျာဆန်လိုက် တာဗျာ"

မြင့်နိုင်ပြောလို့ ပြီးသောအခါ ကိုစိုးမြင့် စိတ်မကောင်း ဖြစ်ရသည်။

"ဒီနေ့ အောင်ဆာရင်း လာကြည့်မိတာ သိပ်မှန်သွားတယ် ဗျာ၊ ခင်ဗျားနဲ့ တွေ့ရတာ သိကြားမင်းနဲ့ တွေ့ရတာပဲ"

"ဒါဖြင့် အခု ဘယ်လိုလုပ်မလဲ"

"ဖြစ်မယ်ဆိုရင် ကိုစိုးမြင့်နဲ့ တစ်ခါတည်း လိုက်ခဲ့ချင်တယ်၊ ကိုစိုးမြင့် ကျွန်တော့်ကို နွယ်မာ ဝင်သွားတယ်ဆိုတဲ့ အနီးစခန်းက အိမ်ကို ပြနိုင်မလား"

"ဟာ---သိပ်ပြနိုင်တာပေါ့၊ ကဲ---ကြာတယ်ဗျာ၊ လာ ခင်ဗျား သာတွေ့ မပြန်နဲ့ဦး၊ အနီးစခန်းကို ကျွန်တော်နဲ့ လိုက်ခဲ့"

ခဏသာ ကြုံဆုံခင်မင်လာတဲ့ မိတ်ဆွေ တစ်ဦးဆီကလည်း ဘဝ တစ်ခုလုံးအတွက် အရေးကြီးတဲ့ အကူအညီမျိုးကို ရတတ်ပါလား။

မြင့်နိုင် ဥပဒေသ တစ်ခု ထုတ်နေမိသည်။

လက်ဖက်ရည်ဖိုး အမြန်ရှင်းပြီး ကိုစိုးမြင့်နှင့်အတူ မြင့်နိုင် လိုက်ခဲ့သည်။

တောင်တက်လမ်း၏ အလှအပများကို လေးမောရင်း နွယ်မာ နှင့်တွေ့လျှင်ဟူသော အတွေးလှလှများကို မြင့်နိုင် စိတ်ကူးယဉ်နေမိသည်။

အနီးစခန်းဆိုသော နာမည်လေးက နှစ်ယောက်အတူ နီးရမည့် အဓိပ္ပာယ်ဟု စဉ်းစားပြီး မြင့်နိုင် ဝမ်းသာနေမိသည်။

မြောက်ထပ်ကွေ့ကို ကျော်ပြီးတော့ ရှုခင်းသာကို ရောက်လာသည်။

အနီးစခန်းသို့ နီးလာသည်နှင့်အမျှ မြင့်နိုင်၏ရင်ခုန်သံက ပိုမြန်လာသည်။

"ကိုစိုးမြင့် တွေ့တဲ့အိမ်မှာပဲ သူ ဆက်ရှိနေပါစေဗျာ၊ ဘယ်မှ ပြောင်းမသွားပါစေနဲ့"

မြင့်နိုင် နိုးရိမ်စိတ် ဖြစ်မိသည်။

ဆန်းစခန်း စားသောက်ဆိုင်မှာ မော်တော်ကားနားသော အခါ ကိုစိုးမြင့်နှင့် မြင့်နိုင် ကားပေါ်မှ ဆင်းကြသည်။

ကိုစိုးမြင့်က နှယ်မာဝင်သွားသော အိမ်ကြီးနှင့်မြို့ကို လှမ်း ပြသည်။

ခြံဝင်းတံခါး ပိတ်ထားသည်။

"ဟာ——ဒီမှာ ကြိုးရှိတယ်ဗျ ကိုမြင့်နိုင်"

ကိုစိုးမြင့်က ကြိုးကိုဆွဲလိုက်သည်။ အိမ်ထဲမှ ခေါင်းလောင်း မြည်သံ ကြားရသည်။

"ဟော——အချက်ပေးသံဗျ"

နှယ်မာ ထွက်လာလေမလားဟု မြင့်နိုင် မျှော်လင့်မိသည်။

"နှယ်မာ ကိုယ်တိုင် တံခါးလာဖွင့်ပါစေဗျာ"

သို့သော် မြင့်နိုင်၏ ဆုတောင်းမပြည့်။

မျက်နှာထား တင်းတင်းနှင့် ယောကျ်ားတစ်ယောက် ထွက် လာသည်။

မြင့်နိုင်နှင့် ရွယ်တူခန့် ဖြစ်သည်။ သို့သော် ထိုလူက မြင့်နိုင် ထက်ပို၍ ကိုယ်လုံးကိုယ်ထည် ကြီးမားပြီး သန်မာသည်။ ဝတ်ထား သည်က ဂျင်းဘောင်းဘီနှင့် တီရှပ်အင်္ကျီအဖြူ။

ဝင်းတံခါးဆီသို့ ရောက်လာသည်။

"ခင်ဗျားတို့ ဘာကိစ္စရှိလို့လဲ"

မေးပုံက မာသည်။

"ကျွန်တော် နှယ်မာနဲ့ တွေ့ချင်လို့ပါ၊ နှယ်မာ ဒီမှာနေတယ် ဆိုလို့"

မြင့်နိုင်၏ လေသံက ပျော့ပျောင်းညင်သာသည်။ မေတ္တာ



ရှင်သော အသံ။

"ဘယ်က နှယ်မာလဲ"

"ရေနီကပါ"

"ခင်ဗျားက ဘယ်သူလဲ ဘယ်ကလဲ"

"ကျွန်တော် မြင့်နိုင်ပါ၊ သာဝတ္ထိကပါ"

"ဘာကိစ္စ တွေ့ချင်တာလဲ"

"နှယ်မာက——"

"ဘာကိစ္စနဲ့ တွေ့ချင်တာလဲ မေးတာ"

"နှယ်မာက ကျွန်တော့်ဇနီးပါ၊ သူ့ကိုတွေ့ရင် ပြန်ခေါ် မလို့ပါ"

"ဘာ——ခင်ဗျား ဇနီး ဟုတ်လား"

တီရှပ်နှင့်လူက မြင့်နိုင်ကို မကျေမနပ်ကြည့်ပြီး အဖြေ ပေးလိုက်သည်။

"ဒီအိမ်မှာ ဘယ်က နှယ်မာမှ မရှိဘူး"

"ခင်ဗျာ——"

မြင့်နိုင် အံ့အားသင့်သွားသည်။

စိတ်ထဲမှာလည်း မယုံချင်။

ထို့ကြောင့် ထွက်မသွားနိုင်သေးဘဲ ပေရပ်နေသည်။ ကိုစိုးမြင့်က မြင့်နိုင်၏ဘေးမှာ။

"မရှိဘူးလို့ပြောတာ နားမလည်ဘူးလား၊ ခင်ဗျားတို့ သွား တော့"

သူ၏ ပြောသံကရိုင်းသည်။

"ဒါဖြင့် နှယ်မာ ဘယ်ပြောင်းသွားလဲဗျာ"

"ဒီမှာ မရှိဘူးလို့ ပြောတာ ခင်ဗျားမကြားဘူးလား"

ပြောသူ၏ အသံက ဝေါသနှင့်။

မြင့်နိုင် အိမ်ဆီသို့ လှမ်းကြည့်လိုက်သည်။

နွယ်မာ၏ အရိပ်အယောင်ကိုပင် မမြင်ရ။

"ဟော့လူ ခင်ဗျား ဘာကြည့်တာလဲ သွားကြလေဗျာ"

"လာဗျာ ကိုစိုးမြင့်"

မြင့်နိုင်နှင့် ကိုစိုးမြင့်တို့ မြစ်ထွက်လာခဲ့ကြသည်။

"ကိုစိုးမြင့် ခင်ဗျားတွေ့တာတော့ သေချာတယ်နော်၊ ဒီမြစ်ထဲ ဝင်သွားတာ ဟုတ်လား"

"သေချာပါတယ် ကိုမြင့်နိုင်ရာ၊ ဒီမြစ်ထဲ ဝင်သွားတာပဲ၊ လုံးဝမလွဲဘူး၊ ကျွန်တော်ကတော့ ရှိမယ်ထင်တယ်၊ ဒီလူပြောပုံ ဆိုပုံကိုလည်း မကြိုက်ဘူး၊ မလိုအပ်ဘဲနဲ့ ဝေါသတွေ သိပ်ကြီးနေတယ် တော်တော်ရိုင်းတဲ့လူ"

"လာ—ကိုစိုးမြင့် ဟိုမှာ လက်ဖက်ရည်ဆိုင် ရှိတယ်၊ အဲ့ဆိုင်က ထိုင်ပြီး အခြေအနေ စောင့်ကြည့်ရအောင်"

လက်ဖက်ရည်ဆိုင်မှ ကြည့်လျှင် မြစ်ဝါးကို လှမ်းမြင်ရသည်။

လက်ဖက်ရည်နှစ်ခွက်မှာသောက်ပြီး မြစ်ကြီးဆီသို့ လှမ်းကြည့်နေမိသည်။

"ကျွန်တော့်အထင် ပြောရရင် မိန်းကလေး အိမ်ကြီးထဲမှာ ရှိနေမယ် ထင်တယ်"

ကိုစိုးမြင့်က အိမ်မြင့်ကြီးကို လှမ်းကြည့်ပြီး မကျေမနပ် ဖြစ်နေသည်။

"ရှိရင် ထွက်လာမှာပေါ့ဗျ၊ ကျွန်တော်တို့နဲ့ ဟိုလူ ပြောနေတာကို ကြားနိုင်တာပဲ"



မြင့်နိုင်ကတော့ သူ့အသံကြားလျှင် နွယ်မာ ပြေးထွက်လာမည်ဟု ထင်နေသည်။

"မိန်းကလေးက ခင်ဗျားနဲ့မတွေ့အောင် ရှောင်ပြေးတာများလား၊ နောက်ပြီး ဟိုလူက အတင်း နှင်ထုတ်နေတာဗျ၊ အမြန်သွားစေချင်နေတာ"

ကိုစိုးမြင့် စဉ်းစားပုံကို မြင့်နိုင် သဘောကျသွားသည်။

ဖြစ်နိုင်သည်။ နွယ်မာ အိမ်ကြီးထဲမှာ ရှိနေမည်ဟု ယုံကြည်သွားသည်။ စိတ်ထဲမှာ ပို၍အားရှိသွားသည်။

မြစ်ကြီးဆီမှ ကားသံကြားရသည်။

မြင့်နိုင်ရော ကိုစိုးမြင့်ပါ မြစ်ဆီသို့ လှမ်းကြည့်လိုက်ကြသည်။

အိမ်ဘေးရှိ ကားကိုဒေါင်ထဲမှ ဂျစ်ကားတစ်စီး ထွက်လာသည်။

စောစောက မာရေကြောရေ ပြောသောလူ ဖြစ်သည်။

ကားပေါ်မှာ သူတစ်ယောက်တည်း။

ဝင်းတံခါးကို သူ့ဘာသာဖွင့်ထွက်ပြီး သူ့ဘာသာ ပြန်ပိတ်ထားခဲ့သည်။

ဂျစ်ကားကို ခပ်မြန်မြန် မောင်းထွက်သွားသည်။

မြစ်ကြီးမှာ တိတ်ဆိတ်ကျန်ရစ်သည်။

"ဒီလူ တစ်ယောက်တည်း နေတာလား၊ ဒီလူနဲ့ နွယ်မာနဲ့က—"

စိုးမြင့် ဆက်တွေးရမည်ကို နိုးရိမ်သွားသည်။

"လာဗျာ ကိုမြင့်နိုင်၊ ခေါင်းလောင်းကြိုး သွားဆွဲကြည့်ရအောင်"

"ဒီတစ်ခါ ဒီခြံ တစ်ယောက်ယောက် ထွက်လာရင် မေးလို့ ရရှင်ရှာ"

"ဟုတ်တယ်ဗျာ၊ လာသွားကြစို့"

တံခါးသို့ ရောက်သောအခါ မြင့်နိုင်က ခေါင်းလောင်းကြိုး လေးကို ဆွဲလှုပ်လိုက်သည်။

"ကလင်---ကလင်---ကလင်"

အိမ်ကြီးဆီမှ ခေါင်းလောင်းမြည်သံ ကြားရသည်။

"နွယ်မာ ကိုယ်တိုင် ထွက်လာရင်---"

မြင့်နိုင် ရင်ခုန်သံ မြန်လာသည်။

သို့သော် အိမ်ကြီးဆီမှ လှုပ်ရှားမှုမရှိ။

မြင့်နိုင် ကြိုးကို ထပ်ဆွဲလိုက်သည်။

"ကလင်---ကလင်---ကလင်"

"ဟော---ဟိုမှာ အိမ်တံခါး ပွင့်သွားပြီဗျ"

ကိုစိုးမြင့် ဝမ်းသာအားရ ပြောလိုက်သည်။

ဟုတ်သည်။ အိမ်ထဲမှ အဒေါ်ကြီးတစ်ယောက် ထွက်လာ သည်။

"မောင်ရင်တို့က ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

တံခါးနားရောက်တော့ မိန်းမကြီးက မေးသည်။

"ကျွန်တော် ဒီအိမ်က နွယ်မာနဲ့ တွေ့ချင်လို့ပါ"

"မောင်ရင်က ဘယ်သူလဲ ဘယ်ကလဲ"

စောစောက မေးခွန်းကိုပင် မြင့်နိုင်တို့ ထပ်အမေးခံရ ပြန်သည်။

"ကျွန်တော်က မြင့်နိုင်ပါ သာစည်ကပါ၊ သူက ကျွန်တော့် သူငယ်ချင်း ကိုစိုးမြင့်၊ ပြင်ဦးလွင်မြို့ကပါ"



"ဪ---မောင်မြင့်နိုင်ဆိုတာ မင်းလား"

ဒေါ်ကောင်းပုံက မြင့်နိုင်ကို အသေအချာကြည့်ပြီး မေးလိုက် ၍ မြင့်နိုင် အားတက်သွားသည်။

"ဟုတ်ပါတယ် ဒေါ်ကြီး ကျွန်တော် မြင့်နိုင်ပါ၊ နွယ်မာ ဒီအိမ်မှာ ရှိတယ်မဟုတ်လား ခင်ဗျာ"

"သူ ဒီအိမ်မှာ မရှိတော့ဘူး ထင်တယ်"

"ဗျာ---"

မြင့်နိုင် အားပျက်သွားပုံကိုကြည့်၍ ဒေါ်ကောင်းပုံ စိတ်ထဲ မကောင်း ဖြစ်နေသည်။

"ဒေါ်ကြီးရယ် သူအရင်က ဒီမှာ နေသွားတယ် မဟုတ်လား ---ဟင်"

"အေး---နေသွားတယ်"

"ဒါဖြင့် သူ အခုဘယ်ပြောင်းသွားတာလဲဗျာ၊ ကျွန်တော် သူ့ကို လိုက်ရှာနေတာပါ၊ ဒေါ်ကြီး သိရင် ကျွန်တော့်ကို ကူညီပါဗျာ"

မြင့်နိုင် အမောတကော ပြောနေမိသည်။

"ဟုတ်ပါတယ် ဒေါ်ဒေါ်ရယ်၊ နွယ်မာ ဆိုတာ သူနဲ့လက်ထပ် ထားတဲ့ သူ့ချစ်ဇနီးပါ၊ သူတို့ လက်ထပ်ပြီး ဗောဓိကုန်းအိမ်မှာ အတူတူ နေကြတာ ကျွန်တော် သိပါတယ်၊ ကျွန်တော်က ပြင်ဦးလွင် ကပါ"

စိုးမြင့်က အနိုင်အမာ သက်သေပြနေသည်။

ကိုစိုးမြင့် စကားကြောင့် ဒေါ်ကောင်းပုံ ပြုံးသည်။

"ဟုတ်ပါတယ်၊ လက်ထပ်ပြီးတော့ နှစ်ယောက်ကြားမှာ ပန်းကုံးလေးခြားပြီး အိပ်ခဲ့ကြတာလေ"

"ရှာ——"

ကိုစိုးမြင့်ရော မြင့်နိုင်ပါ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

"ဒေါ်ကြီးက ဒါတွေအားလုံး သိနေတယ်"

မြင့်နိုင် အံ့ဩနေသည်။

"သိပါတယ် မောင်မြင့်နိုင် စာမေးပွဲအောင်သလား"

"ခင်ဗျာ——အောင်ပါတယ်"

"သူ့ခမျာ သနားပါတယ်ကွယ်၊ ညတိုင်း ဘုရားရှိခိုးပြီးရင် မင်း စာမေးပွဲအောင်ပါစေဆိုတာ ဆုတောင်းရှာတယ်၊ မင်းနဲ့ လက်ထပ်ပြီးနေခဲ့ကြ ထိုင်ခဲ့ကြပုံတွေလည်း ဒေါ်ကြီးကို အားလုံး ပြောပြပါတယ်၊ ဒေါ်ကြီးလည်း သူ့ကို သမီးလေးတစ်ယောက်လို ချစ်နေတာပါ ကွယ်၊ သူ့ခမျာ ကံမကောင်းရှာဘူး"

ဒေါ်ကောင်းပုံ ပြောရင်းမှ စီးကျလာသော မျက်ရည်များကို အင်္ကျီလက်နှင့်ပင့်၍ သုတ်နေသည်။

"သူ ကံမကောင်းဘူး ဟုတ်လား၊ သူ ဘာဖြစ်သွားလို့လဲ ဒေါ်ကြီး ကျွန်တော့်ကို ပြောပါဦး"

"သူ့ခမျာ အစကတော့ ဒီအိမ်မှာ နေတာပါပဲ။ ဒေါ်ကြီးနဲ့ အတူတူပေါ့ ဒီအိမ်ရှင် ဒေါ်ရင်ကြည်ရဲ့ ရန်ကုန်က ပြန်လာတော့ မန္တလေး ဘူတာကြီးမှာ တွေ့ခဲ့ကြတာ"

"ဘူတာထဲမှာ တိုးကြ တိုက်ကြဆိုတော့ မကြီး ဒေါ်ရင်ကြည်ရဲ့ အင်္ကျီ ကျကျန်ခဲ့တာကို သူက ကောက်ရပြီး လိုက်ပေးတယ်လေ၊ အဲဒီအင်္ကျီထဲမှာ စိန်လက်ကောက် တစ်ကွင်းပါတယ်"

"ဒါနဲ့ မကြီးက ကျေးဇူးတင်လို့ မေးမြန်းကြည့်တော့ သူ့ခမျာ ဒုက္ခဖြစ်နေတာကိုး"



"သူ့ကို မိထွေးက သူ့မောင် ကလေးသုံးယောက်အပေ မုန်းလို့ နေသေးမှာကို ထွက်ပြေးအလာမှာ ဘူတာကြီးရောက်မှ ပါလာတဲ့ ငွေအားလုံး ခါးပိုက်နှိုက်ခံရလို့ ပါသွားတယ်လေ"

"ဟာ——ဖြစ်မှ ဖြစ်ရလေဗျာ"

"အဲဒါနဲ့ မမကြီးက သေချာအောင် သူ့ကို ထပ်မေးပြီး မှတ်ပုံတင်ပါ တောင်းကြည့်တယ်၊ နောက်ဆုံး စိတ်ချရမှ မကြီးက ခေါ်လာခဲ့တာ"

"မမကြီးနဲ့ သူ့သား မောင်ထွန်းမင်းတို့ကတော့ သူ့ အကြောင်း ဒီလောက်ပဲ သိကြတာပေါ့၊ ဒေါ်ကြီးနဲ့က အတူနေကြတာဆိုတော့ မောင်မြင့်နိုင်ရဲ့ အကြောင်းတွေပါ အားလုံးပြောပြတယ်၊ အဲဒီအကြောင်းတွေကိုတော့ မမကြီးတို့ကို ပြောမပြနဲ့ဆိုလို့ ဒေါ်ကြီးကလည်း မပြောပါဘူး"

"အဲဒီ မမကြီးရော အခုရှိလား"

ကိုစိုးမြင့်က ဖြတ်မေးသည်။

"မရှိဘူးကွယ် သူ ပြင်ဦးလွင်ကို သွားတယ်၊ ဒီနေ့ ပြန်လာမှာပါ"

"သူ ဘာလို့ ဒီအိမ်က ထွက်သွားရတာလဲ ဒေါ်ကြီး အခု သူ ဘယ်မှာရှိလဲ"

စိတ်ပူပန်သော မြင့်နိုင်ကို ဒေါ်ကောင်းပုံ လှမ်းကြည့်လိုက်သည်။

"သူ့ခမျာ ဒီအိမ်ရောက်လာတော့ မကြီးကလည်း စိတ်ကောင်း ရှိသူမို့ နေရထိုင်ရတာ အားလုံးအဆင်ပြေပါတယ်၊ ပြောဉ်——နေဦး၊ သူ ဒီအိမ်ကို စရောက်တော့ မကြီးရဲ့သား မောင်ထွန်းမင်းက အိမ်မှာမရှိဘူးကွယ်၊ သူက မုံရွာမြို့ကို ရောက်

နေတယ်၊ မိန်းကလေး ရောက်ပြီးလို့ တစ်ပတ်လောက် ကြာ အိမ်ပြန်ရောက်လာတာ''

မြင့်နိုင် ရင်ထဲ မွှန်ကောင်လောင် ခံစားလာရသည်၊

''မောင်ထွန်းမင်းကလည်း အပြောဆိုးတာက လွဲလို့ လူကောင်း ပါကွယ်၊ သူက တွဲရပြီးသား မိန်းကလေးတွေနဲ့လည်း အရင်ကတော့ ရှုပ်ရှုပ်ယှက်ယှက် မရှိပါဘူး''

''မိန်းကလေးကို စတွေ့ကတော့ သူ စိတ်ဝင်စားပုံ မရပါ ဆက်ဆံတာ မာရေကြောရေနဲ့ပါပဲ၊ နောက်တော့ ခြံကို အတူသွားကြ အိမ်မှာလည်း အတူနေ အတူစားရတော့ စိတ်ဝင်စားလာသယ် ထင်ပါတယ်''

''ဒီမိန်းကလေးနဲ့ အတူနေရရင်တော့ ဘယ်ယောကျ်ားမဆို စိတ်ဝင်စားလာကြမှာပါပဲ၊ ခါကတော့ မောင်မြင့်နိုင်လည်း ကိုယ်တွေ့ပဲ''

မြင့်နိုင် ခေါင်းညိတ်နိုင်ပါ၊

မိမိနှင့်တွေ့သော ကိုယ်တွေ့မျိုးကို ဘယ်ယောကျ်ားနှင့်မှ မတွေ့စေချင်ပါ။

မြင့်နိုင် မကျေမနပ် ခံစားနေရပြီ။

''အဲဒီတော့''

မကြီးချင်သော်လည်း သိချင်သည့် စိတ်က ရိုးနှိမ်၍ မေး

''အဲဒီတော့ မောင်ထွန်းမင်းက သူ့ကို ချစ်ရေးဆိုတယ်''

''ဗျာ—''

''မိန်းကလေးက ငြင်းပါတယ်၊ သူ့မှာ ချစ်သူရှိပြီသား လို့ပြောပါတယ်။ မိန်းကလေးက လိမ္မာပါတယ်။ တော်တော် စော စောကတည်းက ကြိုပြီးရှောင်ပါတယ်၊ ညပိုင်း မောင်ထွန်းမင်း



ပြည်ရွာက ပြန်လာရင်တောင် သူတစ်ယောက်တည်း တံခါးစောင့် နေရမှာစိုးလို့ ဒေါ်ကြီးကို အဖော်အဖြစ်နဲ့ အမြဲတမ်း အစောင့်ခိုင်း တယ်၊

''ဟော့—— ကိုမြင့်နိုင် တံခါးဝမှာရပ်ပြီး စကားပြောနေတာ ကြာသွားပြီ ဟိုလူပြန်လာရင် တွေ့နေလိမ့်မယ်''

ကိုစိုးမြင့် သတိပေးမှ မြင့်နိုင်လည်း သတိရသည်၊

''အင်း——ဟုတ်ပါရဲ့''

ဒေါ်ကောင်းပုံလည်း စိုးရိမ်သွားဟန် တူသည်။

''ဒါဖြင့် အခု နွယ်မာ ဘယ်လိုဖြစ်သွားလဲ၊ ဒေါ်ကြီး သူ ဘယ်မှာလဲ''

အစရေးကြီးသည်က အခုထိ မသိရသေး။

''အင်း——မောင်ထွန်းမင်းက အတင်းချစ်ရေး ဆိုတော့ သူက ငြင်းတယ်။ ဒါပေမဲ့ မောင်ထွန်းမင်းအမေ မမကြီးကလည်း သဘောတူတော့ ငြင်းရခက်လာတယ်''

''မောင်ထွန်းမင်းက မရ ရအောင်ယူမယ်လို့ ဆုံးဖြတ်ပြီး ကြိုးစားတယ်''

တစ်ညတော့ သူ့အခန်းထဲအထိ မောင်ထွန်းမင်းရောက်လာ လို့ သူ ငိုယိုပြီးပြောတယ်၊ ဒေါ်ကြီးကို လှမ်းနိုးပြီး အကူအညီ တောင်း တယ်။ ဒေါ်ကြီးကလည်း အိပ်ခန်းချင်းကပ်နေတော့ ဒေါ်ကြီးက ဟဲ့- ဘာဖြစ်တာလဲဆိုပြီးထသွားမှ မောင်ထွန်းမင်း မကျေနပ်နဲ့ အိမ် ပေါ်ပြန်တက်သွားတယ်''

''တောက်——မိုက်ရိုင်းလိုက်တာ''

မြင့်နိုင် လုံးဝမကျေနပ်။

နောက်တစ်နေ့ကျတော့——မိန်းကလေးက မမကြီးကို

ငိုယိုပြီး သူ ဒီအိမ်မှာ မနေချင်တော့ဘူးလို့ ပြောတယ်။

မကြီးကလည်း ထွက်သွားရင် သူ့ဒုက္ခရောက်မှာစိုးလို့ သွားခွင့်မပြုဘူး နောက်ဆုံးတော့ မီနီးကလေးက မကြီးပိုင်တဲ့ ခြံရှိတယ်။ အဲဒီ ခြံကို သွားနေခွင့်ပြုဖို့ ပြောတယ်။ ခြံမှာ ခြံစောင့် သမီးလေး သုံးယောက်ရှိတယ်။ မကြီးကလည်း ခွင့်ပြုလိုက်တယ်။

"အခု——အဲဒီခြံမှာ ရှိလား"

"ရှိတယ် ——"

"ခြံက ဘယ်မှာလဲ"

ခြံသို့ သွားရာလမ်းကို ဒေါ်ကောင်းပုံ ပြောဆိုညွှန်ပြသည်။

÷ ÷ ÷



## အခန်း (၂၉)

မြင့်နိုင်နှင့် ကိုစိုးမြင့်တို့ ဒေါ်ကောင်းပုံ ညွှန်ပြသော ခြံသို့ ကားငှား၍ သွားရန် လိုက်လံ စုံစမ်းသည်။

သို့သော် ဘယ်မှာမှ မရ။

"လာဗျာ——ကိုစိုးမြင့် ခြေကျင် သွားမယ်။ ခင်ဗျား လိုက်နိုင်မလား"

မြင့်နိုင်က ကိုစိုးမြင့်ကို အားနာနေသည်။

"ဟာ——ခင်ဗျားကလည်း သိပ်လိုက်နိုင်တာပေါ့၊ လာသွားမယ်"

နှစ်ယောက်သား ဒေါ်ကောင်းပုံ ညွှန်ပြသော လမ်းအတိုင်း အမြန်လျှောက်လာခဲ့ကြသည်။

မြင့်နိုင်မှာ စိတ်လောင်နေ၍ ကိုစိုးမြင့်ပင် တော်တော်ကြိုးစားပြီး မီအောင် လိုက်နေရသည်။

ဒေါ်ကောင်းပုံပြောသည့်အတိုင်း တောင်ကုန်းသုံးခုကို ကွေ့ပတ်ကျော်၍ တောနှစ်ခုကို ဖြတ်ပြီး လျှိုမြောင် ချိုင့်ဝှမ်းကြီး တစ်ခုကို ဆင်းရသည်။

"ကိုစိုးမြင့် ဟို အဒေါ်ကြီးပြောတဲ့ အတိုင်းဆိုရင်တော့ ရောက်တော့မယ်ဗျ၊ ဒီလျှိုကနေ ဆက်တက်ပြီးရင် တွေ့ရတဲ့မြို့ ပြောတယ်"

မြင့်နိုင် အချစ်ဇာတ်ကြောင့် မမောနိုင် မပန်းနိုင်အောင် ဖြစ်နေသည်။

ကိုစိုးမြင့်က လမ်းပေါ်မှ ကားဘီးရာများကို သေသေချာချာ ကြည့်နေသည်။

"ကိုမြင့်နိုင် ခင်ဗျာ သတိထားမိလား။ ကျွန်တော်တို့ တစ်လမ်းလုံး တွေ့ခဲ့တဲ့ ကားဘီးရာက နဲ့ဒီအထိ တွေ့ရတုန်းပဲ"

"ဟုတ်တယ်ဗျ"

မြင့်နိုင် အခုမှ သတိပြုမိသည်။

"နောက်ပြီး ဒီကားဘီးရာတွေဟာ သိပ်မကြာသေးတဲ့ ပုံပဲ၊ ဒီမှာ ကုန်းပေါ်ကို တက်သွားတယ်။ ဟိုလူ့ ကားဘီးရာများဖြစ်နေမလားမသိဘူး"

"ဟို——ထွန်းမင်း ဆိုတဲ့လူလား"

"ဟုတ်တယ်——ကျွန်တော်တို့ ရောက်ပြီးမှ သူကားနဲ့ ထွက်သွားတာဗျ၊ အဲဒီလူ ဒီမှာ ရောက်နေပြီ ထင်တယ်"

"လာပါဗျာ——ရောက်ရင်လည်း ဘယ်သူနဲ့ ရင်ဆိုင်ရ ရင်ဆိုင်ရဗျာ၊ လာ——တက်မယ်"

လမ်းမှာ လျှိုမြောင်ထဲမှ တစ်ဆင့် ကုန်းပေါ်သို့ တက်ရခြင်း ဖြစ်၍ တော်တော်လေးမြင့်သည်၊ လမ်းနှစ်ဖက်မှာလည်း ကျောက် နံရံကြီးများ ကာရံထားသည်၊

မြင့်နိုင်နှင့် ကိုစိုးမြင့်တို့ ဆက်တက်လာခဲ့ကြသည်။

"ဟိုရှေ့မှာ ခြံတံခါး ပိတ်ထားတယ်"



ကိုစိုးမြင့် ကုန်းပေါ်သို့ လှမ်းကြည့်ရင် ပြောသည်။

မြင့်နိုင် လှမ်းကြည့်လိုက်သည်။

"ကိုစိုးမြင့် ဟိုမှာ တံခါးစောင့်လား မသိဘူး၊ လူတစ်ယောက်"

ကိုစိုးမြင့် အပေါ်သို့ လှမ်းကြည့်လိုက်သည်။ စပို့ရှပ်အနီ ဘောင်းဘီအနက်နှင့် ဇလတောင့်တောင့် လူတစ်ယောက် တံခါး စောက်ရပ်နေသည်။

ဇလကြီးက ခြံအတွင်းသို့ လှမ်းပြောလိုက်သည်။

လူတစ်ယောက်က ခြံတံခါးဆီသို့ လျှောက်လာသည်။

"သေချာတာပေါ့ဗျာ၊ ကိုထွန်းမင်း ဆိုတဲ့လူ——"

ထွန်းမင်းက ခြံတံခါးကိုဖွင့်ပြီး ဇလကြီးနှင့်အတူ အပြင် ထွက်လာသည်။

မြင့်နိုင်တို့က လမ်းအနိမ့်ပိုင်းမှာ ရောက်နေ၍ ထွန်းမင်းတို့ နှစ်ယောက်ကို မော့ကြည့်နေသည်။

ထွန်းမင်းက ရှေ့သို့ ဆက်ဆင်းလာပြီးမှ ရပ်လိုက်သည်၊

"ဒီမှာ ခင်ဗျားတို့ ဘယ်သွားမလို့လဲ"

"ဒေါ်ကြေးမုံရဲ့ လက်ဖက်ခြံကို လာတာ၊ ဒီမှာ နှယ်မာရှိတယ်ဆိုလို့"

မြင့်နိုင်က ဖြေသည်။

"ခင်ဗျား ဘယ်သူလဲ။"

"ကျွန်တော် နှယ်မာနဲ့ လက်ထပ်ထားတဲ့သူပါ။ ကျွန်တော် နာမည် မြင့်နိုင်၊ နှယ်မာက ကျွန်တော့်ဇနီးပါ"

"အစ်ပွာယ် မရှိတာဗျာ၊ နှယ်မာ ဘယ်သူနဲ့မှ လက်မထပ်ဘူး။ ခင်ဗျားတို့ မတရားလက်ထပ်ယူမှာ ကြောက်လို့ ထွက်ပြေးလာတာဗျ"

ထွန်းမင်း မြင့်နိုင်ကို နွယ်မာ မီတွေး၏ မောင်ဟုထင်သည်။

"မဟုတ်ဘူးဗျ ကျွန်တော်တို့ လက်ထပ်ပြီးပြီ"

"အဓိပ္ပာယ် မရှိတာဗျာ၊ ခင်ဗျားတို့ပြန်ကြ၊ သွားလေ"

"မသွားနိုင်ဘူးဗျ၊ နွယ်မာက ကျွန်တော့်ဇနီး ကျွန်တော်သူ့ကို လာခေါ်တာ"

"ဟေ့လူ မရှိဘူးလို့ ပြောနေတာ ခင်ဗျား နားမလည်ဘူးလား၊ သွားကြဗျာ—သွား၊ ဒီမှာလာပြီး ဇာတ်လမ်းတွေ လာရှုပ် မနေကြနဲ့"

မြင့်နိုင် ဘာလုပ်ရမှန်းမသိ၊ ခြံအတွင်းပိုင်းဆီသို့ လှမ်းကြည့်သည်။

နွယ်မာကို မတွေ့ရ၊ နွယ်မာနှင့်အတူ နေသည်ဆိုသော မိန်းကလေးများကိုလည်း တစ်ယောက်မျှ မတွေ့။

ခြံအတွင်းပိုင်းမှာ အလုပ်လုပ်နေကြသလား မသိ။

မြင့်နိုင် လှမ်းမျှော်ကြည့်သည်။

"ဟေ့လူ ခင်ဗျား မသွားသေးဘူးလား၊ ဘာကြည့်နေတာလဲ"

ဗလကြီး ရှေ့တိုးလာသည်။

"ဟာ—စိုးကြီး၊ ဒီလူတွေ သိပ်ကဲလာပြီကွ၊ ပါးစပ်နဲ့ ပြောမနေနဲ့ကွာ"

နောက်မှာ ထွန်းမင်းက လှမ်းပြောသည်။

ဗလကြီး ရှေ့သို့ လျှောက်လာနေပြီ။

သို့သော် မြင့်နိုင် နောက်မဆုတ်။

ဤခြံပေါက် ရောက်မှတော့ နွယ်မာနှင့် အလွဲမခံနိုင်ပါ။

ဤခြံထဲမှာ နွယ်မာ ရှိတာ သေချာသည်။ နွယ်မာနှင့် တွေ့ချင်သည်။ မိမိရောက်လာကြောင်း နွယ်မာ သိစေချင်သည်။

ဗလကြီးကို ကြောက်မနေနိုင်တော့ပါ။

"နွယ်မာရေ——နွယ်မာ"

မြင့်နိုင် သံကုန်အော်၍ ခေါ်လိုက်သည်။

"ဟာ——ဒီကောင် ကဲကွာ"

ဗလကြီးက မြင့်နိုင်ဆီသို့ ပြေးလာပြီး လှမ်းထိုးလိုက်သည်။

မြင့်နိုင် ရှောင်သည် လွတ်သွားသည်။

"နွယ်မာရေ"

ထပ်ပြီး အော်ခေါ်လိုက်ပြန်သည်။

"ဟာ—မင်းကလည်းကွာ၊ ကဲကွာ"

"ခွပ်"

မြင့်နိုင် ရှောင်သည်။ ကာသည်။

သို့သော် တစ်ချက်ထိ၍ ယိုင်သွားသည်။

"ကဲကွာ"

နောက်တစ်ချက် အထိမှာ မြင့်နိုင် မြေနီလမ်းပေါ်သို့ လဲကျသွားသည်။

"ဟင်——ခင်ဗျား ဘယ်လိုလုပ်တာလဲဗျ"

ကိုစိုးမြင့်က မကျေနပ်၊ အနားမှာတွေ့သည့် ဝါးလုံးတစ်ချောင်းကိုယူ၍ ဗလကြီးကို ပြေးရိုက်သည်။

ဗလကြီးက ရှောင်ပြီး ကိုစိုးမြင့်ကို ဆက်ထိုးသည်။

ကိုစိုးမြင့်ကို ထိ၍ နောက်သို့ ယိုင်သွားသည်။

"နွယ်မာရေ——နွယ်မာ"

မြင့်နိုင် လဲနေရာမှ ထပြီး အော်ခေါ်ပြန်သည်။

"ဟာ——ဒီကောင်"

ထွန်းမင်းက ပြေးလာပြီး မြင့်နိုင်ကို ခြေထောက်နှင့် လှမ်း

ကန်လိုက်သည်။ မြင့်နိုင် မရှောင်လိုက်နိုင်၍ မြေနီလမ်းပေါ်သို့ လွင့်ကျသွားသည်။

"နွယ်မာရေ"

လဲကျနေရာမှ ထပ်အော်လိုက်သည်။

"ဟာ——မင်းက"

ထွန်းမင်းက ပြေးလာပြီး မြင့်နိုင်ကို မြေထောက်နှင့် လှမ်းကန်လိုက်သည်။ မြင့်နိုင် မရှောင်လိုက်နိုင်၍ မြေနီလမ်းပေါ်သို့ လွင့်ကျသွားသည်။

"နွယ်မာရေ——"

လဲကျနေရာမှ ထပ်အော်လိုက်သည်။

"ဟာ——မင်းက"

ထွန်းမင်း ထပ်ကန်သည်။

မြင့်နိုင် ကုန်းဆင်းအတိုင်း ဖုန်များထဲမှာ လိမ့်ဆင်းသွားသည်။

အမြန်ဆုံး ထပြီး မတ်တတ် ရပ်လိုက်သည်။

မြို့ထဲသို့ ရောင်အောင် ပြေးဝင်နိုင်မည့် လမ်းကို ကြည့်သည်။

ရှေ့မှ ဗလကြီးနှင့် ထွန်းမင်းက အပေါ်စီးမှ ရပ်စောင့်နေသည်။

ဗလကြီးရော ထွန်းမင်းပါ မြင့်နိုင်နှင့် ကိုးစိုးမြင့်ထက်ပို၍ သန်မာ တောင့်တင်းကြသည်။

အထိုးအကြိတ်ကလည်း ကျွမ်းကျင်ပုံရသည်။

ယှဉ်ပြိုင် ထိုးသတ်လျှင် နိုင်မည်မဟုတ်၊ နာရုံသာ ရှိမည်ကို မြင့်နိုင် သိပါသည်။

သူတို့နှစ်ယောက်ကို ရှောင်ကွင်းပြီး မြို့ဆီသို့ ပြေးတက်ရန် ကြည့်သည်။

ဘေးနှစ်ဘက်မှာ ကျောက်ကမ်းပါးကြီး အမြင့်ကြီးတွေ ကာထားသည်။ ရှောင်ကွင်းစရာ လမ်းမရှိ။

နွယ်မာကိုလည်း သိပ်တွေ့ချင်သည်။

နွယ်မာနှင့် မတွေ့ဘဲတော့ ဤနေရာမှ ပြန်မဆုတ်နိုင်။

"ကျွန်တော်ကို နွယ်မာနဲ့ ခဏလေးပဲ တွေ့ခွင့်ပေးပါဗျာ"

မြင့်နိုင်က ထွန်းမင်းကို တောင်းပန်စကား ဆိုသည်။

"မပေးနိုင်ဘူး——မင်းပြန်တော့"

"နွယ်မာလည်း ကျွန်တော့်ကို တွေ့ချင်မှာပါဗျာ၊ သူက ကျွန်တော်ကို မုန်းတယ်ဆိုရင် ကျွန်တော် ချက်ချင်းပြန်သွားပါ့မယ်"

ထွန်းမင်း တွေတွေငေးငေး စဉ်းစားသည်။

"ကိုထွန်းမင်း ဒီကောင်တွေ ကျွန်တော် မယုံဘူး။ တွေ့မပေးနဲ့ဗျာ"

ဗလကြီးက ထွန်းမင်းကို လှမ်းသတိပေးသည်။

"ရှုပ်တယ်ကွာ မပေးနိုင်ဘူး သွားတော့"

ထွန်းမင်း ပြတ်သားစွာ ပြောလိုက်သည်။

မြင့်နိုင် မြို့ဆီသို့ လှမ်းကြည့်လိုက်သည်။

ရုတ်တရက် ထွန်းမင်းကို ရှောင်ကွင်းပြီး ပြေးတက်သည်။

"ဟာ——ဒီကောင်"

ထွန်းမင်းက အပေါ်စီးမှ ဖြတ်၍ မြင့်နိုင်ကို လိုက်ဖမ်းသည်။ မိသည်။

"မင်း သိပ် လူပါးဝတဲ့ကောင်"

ထွန်းမင်းက ထိုးသည်။ မြင့်နိုင်လည်း တတ်သမျှ မှတ်သမျှနှင့် ပြန်ထိုးသည်။ သို့သော် လက်သီးများက ထွန်းမင်းကို မထိ။

ထွန်းမင်း၏ လက်သီးတစ်ချက် သူ့မျက်နှာကို ထိ၍ မျက်လုံးထဲမှာ မီးပွင့်ထွက်သွားပြီး မူးနောက်သွားသည်။

နောက်တစ်ချက် ထိတော့ လဲကျသွားသည်။

"ဟာ——ခင်ဗျားတို့ ဒါတော့ လွန်ပြီဗျာ"

ကိုနိုးမြင့်က ကျောမနပ် ပြောသည်။

"ပေ့ကောင် မင်းပါးစပ် ပိတ်ထားစမ်း"

ဗလကြီးက ကိုနိုးမြင့်ရှေ့မှာ ရပ်လျက်——

မြင့်နိုင် လဲနေရာမှ ထသည်။

"နှယ်မာရေ——နှယ်မာ"

ထပ်အော်လိုက်သည်။

"ပေ့ကောင် မင်းပါးစပ် ပိတ်ထားစမ်း။ ဆက်အော်ရင် မင်းကို ငါ သတ်မိလိမ့်မယ်"

ထွန်းမင်း ဒေါသ ဖြစ်လာပြီ၊

"နှယ်မာရေ——"

"ဟာ——ကဲကွာ"

"ခွပ်——"

"ခွပ်——"

"အား——"

နှစ်ချက် ဆင့်အထိုးခံလိုက်ရ၍ မြင့်နိုင် မြေနီလမ်းအတိုင်း လိမ့်ဆင်းသွားသည်။

"အစ်ကို"

နှယ်မာ ခြံထဲမှ ပြေးထွက်လာသည်။

နောက်မှ မိန်းကလေးနှစ်ယောက်နှင့် ဦးဘကျော်တို့ လင်မယား ပါ ပြေးဆင်းလာကြသည်။



ခြံဝတွင်းပိုင်းတွင် ပဲသီးများကို ခူးနေကြရာမှ အသံကြား၍ ပြေးလာကြခြင်း ဖြစ်သည်။

"နှယ်မာ ခြံထဲ ပြန်သွားစမ်း"

ထွန်းမင်းက တင်းမာစွာ အမိန့်ပေးသည်။

"မသွားနိုင်ဘူး၊ ရှင် လူမဟုတ်ဘူး"

"အစ်ကို"

နှယ်မာက မြင့်နိုင်ဆီသို့ ပြေးသွားသည်။

"ဟင်——ကဲဟာ"

ထွန်းမင်းက နှယ်မာလက်ကို ဖမ်းဆွဲပြီး နောက်သို့ တွန်းပစ် လိုက်သည်။

"အား——"

နှယ်မာ လဲကျသွားသည်။

"တီ——တီ——"

နောက်မှ ကားတစ်စီး မောင်းပြီး တက်လာသည်။

မြင့်နိုင်တို့ အနားရောက်တော့ ကားရပ်သွားသည်။

"ဟဲ့——ဒါက ဘယ်လိုဖြစ်ကြတာလဲ"

ဒေါ်ကြေးမုံ ကားပေါ်မှ ဆင်းလာသည်။

ဒေါ်ကြေးမုံ နောက်မှ ဆင်းလာသူက ဒေါ်ကောင်းပုံ။

ထွန်းမင်းရော ဗလကြီးပါ လဲကျရာမှ ထလာပြီး သူတို့ ကိုယ်မှ ပေသွားသော ဖုန်များကို ခါပစ်နေကြသည်။

ဒေါ်ကြေးမုံ မြင့်နိုင်ကို သေသေချာချာ ကြည့်နေသည်၊

"မင်းက ဘယ်သူလဲ၊ ဒီကို ဘာကိစ္စလာတာလဲ"

"ကျွန်တော့်နာမည် မြင့်နိုင်ပါဒေါ်ဒေါ်၊ သာဝတ္တိကပါ။

နှယ်မာက ကျွန်တော့်ဇနီးပါ။ ကျွန်တော်တို့ တရားဝင် လက်ထပ်ထား တာပါ။ နှယ်မာကို ပြန်ခေါ်ဖို့ လာတာပါ။ ဟိုဟာက ကျွန်တော့် သူငယ်ချင်းပါ"

"သူတို့နှစ်ယောက်က ပြိုထဲဝင်ခွင့် မပေးဘဲနဲ့ ကျွန်တော်တို့ နှစ်ယောက်ကို ထိုးတာပါ"

မြင့်နိုင်၏ တစ်ကိုယ်လုံးမှာ ဖြေနီများနှင့် ပေကျံနေသည့် မျက်နှာမှာလည်း အညိုအမည်းဒဏ်ရာများကို ပေါ်ကြွနေလေ သည်။

နောက်တစ်ယောက်ဖက်ကို လှမ်းကြည့်လိုက်တော့လည်း အတော်ခံထားရသည်ကို မြင်ရသည်။

"မိန်းကလေးက မင်းနဲ့လက်ထပ်ထားတယ် ဆိုတာ မင်းရဲ့ ညာပြောတာ မဟုတ်လား။ ငါ့ကို နှယ်မာပြောတာက သူ့မိထွေးက အတင်းအကျပ် လက်ထပ်ပေးမယ် လုပ်လို့ ထွက်ပြေးလာတာပဲ။ ဟဲ့---သမီး နှယ်မာ အဲဒီအတိုင်းပဲ မဟုတ်လား"

"မဟုတ်ဘူး မေမေကြီး၊ လက်ထပ် ထားပါတယ်"

"ဟင် --- ဒါဖြင့် မင်းတို့ဟာက"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ တရားဝင်လက်ထပ် ထားတာပါ"

"ဘယ်လိုလဲ နှယ်မာ၊ သမီး မေမေကြီးကို ပြောတော့ သမီး မိထွေးက သူ့မောင်နဲ့ အတင်းပေးစားမယ် လုပ်လို့ထွက်ပြေးလာတာ ဆို"

"ဟုတ်ပါတယ် မေမေကြီး၊ မိထွေးရဲ့ မောင်ကို မယူချင်လို့ မန္တလေးကို ထွက်ပြေးလာတော့ သူတို့ အန္တရာယ်က အကာအကွယ် ပေးနိုင်အောင် အစ်ကိုနဲ့သမီးတို့ တရားဝင်လက်ထပ်ထားတာပါ"



ဒါဖြင့် သမီးက ဘူတာကြီးမှာ မေမေကြီးနဲ့တွေ့တော့ ဘယ် သူဆီက ထွက်ပြေးလာတာလဲ"

နှယ်မာ မျက်နှာလေး ညှိုးသွားသည်။

"အစ်ကိုနဲ့အတူ နေရာက အစ်ကို စာမေးပွဲပြီးမယ့်နေ့မှာ ထွက်ပြေးလာခဲ့တာပါ။ အစ်ကိုက သမီးကို အကာအကွယ်ပေးနိုင်ရုံ သာ လက်ထပ်ထားတာပါ။ သမီးကို ချစ်လို့ယူတာ မဟုတ်တော့ တကယ့်ဇနီး တစ်ယောက်လို မနေခဲ့ပါဘူး။ သမီးကြောင့် အစ်ကို အတွက် နစ်နာတာကို သမီးစိတ်မကောင်းဖြစ်လို့ပါ။ စာမေးပွဲပြီးလို့ အစ်ကို သာဝတ္ထိကို ပြန်ရင်ဆက်ပြီး အနှောင့်အယှက် မပေးချင် တော့လို့ အစ်ကို မသိအောင် ထွက်လာခဲ့တာပါ"

"မေမေ စောနေပါဦး၊ အခု နှယ်မာ ပြောသလိုဆိုရင် ကျွန်တော် ပြောပါရစေ မေမေ၊ ကျွန်တော်က နှယ်မာ့ကိုတကယ် ချစ်တာပါ၊ ကျွန်တော် နှယ်မာကို လက်ထပ်ယူပါရစေ မေမေ"

"မေမေပဲ နှယ်မာကို ယူရင် သဘောတူတယ်လို့ ကျွန်တော် ကို ပြောပြီးသားပါ။ ကျွန်တော်တို့ကို လက်ထပ်ပေးပါ မေမေ"

ထွန်းမင်းက သူ့မိခင်ကို အကူအညီ တောင်းပြီး အပိုင်ကြံ နည်နေပြီ။

သူ့ကို ကြည့်ရသည်မှာလည်း တကယ်ပင် မြတ်မြတ်နိုးနိုး နှင့် လက်ထပ်လိုခြင်းမှာ ပေါ်လွင်နေသည်။

"ဟာ---ဘယ်ဖြစ်ပါ့မလဲ၊ ကျွန်တော်တို့က လက်ထပ် ပြီးသားပဲ"

မြင့်နိုင်က ကန့်ကွက်သည်။

"လက်ထပ်ပြီးသားပေမယ့် ခင်ဗျားတို့ဟာ ဟန်ဆောင် လက်ထပ်တာပဲ၊ တရားဝင်မှ မဟုတ်ဘဲ၊ ပြီးတော့ ခင်ဗျား တကယ်

မချစ်လို့ နွယ်မာက ထွက်လာခဲ့ပြီပဲ၊ ခင်ဗျားတို့ လက်ထပ်တာ မြန်မြန် သွားပြီပေါ့"

"ကျွန်တော် နွယ်မာကို မချစ်ဘူးလို့ ဘယ်သူပြောလဲ၊ စာမေးပွဲ နောက်ဆုံးနေ့မှာ ဖွင့်ပြောဖို့ဆုံးဖြတ်ထားတာနဲ့ သူကမသိလို့ ထွက်သွားတာဗျ။ သူကလည်း ကျွန်တော့်ကို သိပ်ချစ်တယ်၊ ကျွန်တော်ကလည်း သူ့ကို သိပ်ချစ်တာဗျ"

"ဒါတွေက ခင်ဗျား စိတ်ကူးယဉ်ပြောတာပါ။ ခင်ဗျားကို ကျွန်တော် မယုံဘူး၊ မေမေ မယုံနဲ့ သူနွယ်မာကို တကယ်ချစ်တာ မဟုတ်ဘူး။

"မဟုတ်တာဗျာ——ကျွန်တော် တကယ်ချစ်လို့ ခင်ဗျားတို့နှစ်ယောက် သေလောက်အောင်ထိုးလိုက် ကြိတ်လိုက် ကန်လိုက် လုပ်နေတာတောင် ကျွန်တော် ပြန်မသွားနိုင်ဘဲနဲ့ အနစ်နာခံနေတာပေါ့"

"ဟာ ဘယ်လိုပဲ ဖြစ်ဖြစ်၊ ကျွန်တော် ခင်ဗျားကို မယုံဘူး။ ခင်ဗျား မချစ်လို့ နွယ်မာထွက်လာတာပေါ့။ မေမေ ကျွန်တော် ဒီမိန်းကလေးကို တကယ်ချစ်တာပါ။ ကျွန်တော်တို့ကို လက်ထပ်ပေးပါ"

"ဟ——ဘယ်ရမလဲ၊ ကျွန်တော်တို့ လက်ထပ်ထားတာက လွှာချင်းရသေးတာမှ မဟုတ်ဘဲ၊ ဥပဒေအရ နွယ်မာကို စွဲထိ ကျွန်တော် ပဲ ပိုင်တယ်"

မြင့်နိုင်က အနိုင်အမာပြောသည်။

ဒေါ်ကြေးမုံက နှစ်ယောက်ကြားထဲမှာ ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်နေသည်။

"အို——ဘာပဲဖြစ်ဖြစ် ခင်ဗျားပြန်ရွှာ၊ ခုပြန် မပြန်ရင်ခင်ဗျားကို ကျွန်တော် သတ်မိလိမ့်မယ်"



ထွန်းမင်း ဒေါသတကြီး ဖြစ်လာ၍ ဒေါ်ကြေးမုံက ထွန်းမင်း လက်မောင်းကို လှမ်းကိုင်လိုက်သည်။

"ဟဲ့——သား နေဦး၊ ဒါက အေးအေးဆေးဆေးဖြေရှင်းမယ့် ကိစ္စ၊ ဒေါသတကြီး လုပ်ရမှာ မဟုတ်ဘူး၊ ကဲ—— သမီး နွယ်မာ လာစမ်း"

ဒေါ်ကြေးမုံ က နွယ်မာကို ခေါ်လိုက်သည်။

"မေမေကြီးက တရားသဖြင့် ဖြစ်အောင်ပြောမယ်၊ ဒီကိစ္စမှာ သမီးက အဆုံးအဖြတ်ပဲ"

"သမီးက ဒီသူငယ်ကို ချစ်တယ်၊ သူနဲ့ပြန်လိုက်သွားမယ် ဆိုရင်လည်း သားက ကြည်ကြည်ဖြူဖြူ သဘောတူလိုက်၊ မေမေ သဘောတူတယ် ဆိုတာကလည်း သူက ချစ်မှကောင်းတယ်၊ သူက ချစ်တဲ့နေ့လည်း သားက လက်မထပ်သင့်ဘူး"

"ဒီလိုဘဲ ဒီသူငယ်ကလည်း သူပြန်မလိုက်ချင်ဘူး၊ မင်းကို ချစ်တယ်ဆိုရင် အေးအေးဆေးဆေးပဲပြန်ပေါ့။ သမီးကို မေမေကြီးတို့ ကပဲ တစ်သက်လုံး ဆက်ပြီးတာဝန်ယူမှာပေါ့။ ဒီအိမ်၊ ဒီခြံ အားလုံးကို လည်း သမီးကိုပဲပေးမှာပါ။

ဒေါ်ကြေးမုံက နွယ်မာ အတွက် မက်လုံးပါပေးလိုက်သည်။

"အဲဒီတော့ —— သမီးက သေချာစဉ်းစားပြီး ဆုံးဖြတ်ပါ——"

မြင့်နိုင်ကမျှော်လင့်ချက်ကြီးမားစွာနှင့် နွယ်မာကို လှမ်းကြည့်လိုက်သည်။

ထွန်းမင်းကလည်း အသနားခံခြင်း နှင့်အတူ တင်းမာသော မျက်လုံးများနှင့် နွယ်မာကို လှမ်းကြည့်နေသည်။

နွယ်မာအတွက် ခက်ခက်ခဲခဲ စဉ်းစားစရာမရှိပါ။ အပြော

ပြတ်ပြတ်သားသား ရှိပြီးသား။

"နှယ်---အစ်ကိုနဲ့ ပြန်လိုက်သွားပါရစေ မေမေကြီး"

ဒေါ်ကြေးမုံ ဘာမျှမပြောတော့ဘဲ နှယ်မာနှင့် မြင့်နိုင်ကို လှမ်းကြည့်လိုက်သည်။

မြင့်နိုင်က ဝမ်းသာအားရ နှယ်မာရှိရာလျှောက်သွားသည်။

သို့သော် ထွန်းမင်း၏ တပည့်ဖလကြီးက မြင့်နိုင်နှင့် နှယ်မာ ကြားမှာဖြတ်ပြီး ရပ်လိုက်သည်။ သူ၏ တုတ်ခိုင်သော ညာလက်မောင်း ကို နောက်သို့လွှဲ၍ ကြီးမားသော လက်သီးကြီးဖြင့် မြင့်နိုင်ကို ထိုးရန် ရွယ်လိုက်သည်။

"ဖိုးကြီး မလုပ်နဲ့---"

ထွန်းမင်းက ဟန့်တားလိုက်သည်။

"ဖိုးကြီးမလုပ်နဲ့ သူကမင်းထိုးရင်ခံမှာပဲ။ သူနဲ့လက်ထပ်ထား တယ်ဆိုတာထက် နှယ်မာကို တကယ်ချစ်တယ်ဆိုတဲ့ သက်သေပြနိုင်တဲ့ အတွက် ငါအရှုံးပေးတယ်---လာကွာ---သွားကြရအောင်---"

ဖလကြီး၏ လက်မောင်းကို ဆုပ်ကိုင်၍ဂျစ်ကားရှိရာသို့ နှစ်ယောက်အတူ လျှောက်သွားကြသည်။

"အစ်ကိုကြီး အစ်ကိုကြီးကို နှယ်မာအစ်ကို တစ်ယောက်လို ချစ်ပါတယ်"

ထွန်းမင်းက နောက်လှည့်မကြည့်တော့ပါ။ ဖလကြီးနှင့် အတူ ဂျစ်ကားပေါ်သို့ တက်၍ ကားကိုမောင်းထွက်သွားပါသည်။

"မေမေကြီးရဲ့ ကျေးဇူးတွေကို သမီး ဘယ်တော့မှ မမေ့ပါ ဘူး"

နှယ်မာက ဒေါ်ကြေးမုံကို ကန်တော့သည်။

ဒေါ်ကြေးမုံက အနီးစခန်းကားဂိတ်သို့ သူ့ကားနှင့်လိုက်ပို့



သည်။ ကိုနိုးမြင့်က မြင်ဦးလှိုင်သို့ ပြန်သည်။ မြင့်နိုင်နှင့်နှယ်မာက ရွာလေးသို့ ပြန်ခဲ့ကြသည်။

မန္တလေးရောက်တော့ အချိန်က ညနေ(၆)နာရီ

"နှယ်မာ---အစ်ကိုတို့---သာဝတ္ထိကို ပြန်ဖို့အချိန်သိပ်နောက် သွားပြီ---"

နှယ်မာက မြင့်နိုင်ကို လှမ်းကြည့်လိုက်သည်။

"ဒါဆိုရင်---ဘယ်မှာ အိပ်မှာလဲ အစ်ကို---"

"အစ်ကိုတို့အတွက်လည်း မမေ့နိုင်တဲ့ ကြည်နူးစရာအမှတ် တရလေးဖြစ်အောင် ကိုသန်းညွန့်နဲ့ မခင်ရွှေတို့အတွက်လည်း ဝမ်းသာသွားအောင် တောခိုကုန်းက အချစ်အိမ်လေးသွားကြမယ်လေ- -"

မြင့်နိုင်က နှယ်မာကို လှမ်းကြည့်လိုက်သည်။

နှယ်မာက အပြုံးလေးနှင့် ခေါင်းညိတ်ပြသည်။

x x x x x

ခြံဝင်းထဲကို ဝင်မိတော့ ကိုသန်းညွန့်က အရင်မြင်သည်။

"ဟာ---ကိုမြင့်နိုင်---ဟောဗျာ---နှယ်မာလည်း အတူပါ လာတယ်" ဝမ်းသာစရာကောင်းလိုက်တာ---။ ငွေရေထွက်ခဲ့ပါဦး ဟေ့---ဒီမှာ---မြန်မြန်---လာကြည့်ပါအုံး---"

မခင်ရွှေ အိမ်ထဲမှ ထွက်လာသည်။

"ဟယ်---နှယ်---။ ဝမ်းသာလိုက်တာ---။ ကိုမြင့်နိုင် နှယ်ကို ဘယ်မှာတွေ့တာလဲ---"

မြင့်နိုင်နှင့် နှယ်မာက ပြန်လည်တွေ့ဆုံကြပုံ စာတ်လမ်းစုံ

ကိုရှင်းပြသည်။

"ဟယ်—— ဒါကြောင့်ဗို့ မျက်နှာမှာ အညိုအမည်းတွေ ဖြစ် နေတာကိုး" —— စိတ်မကောင်းလိုက်တာ——"

မခင်ရွှေးရော ကိုသန်းညွန့်ပါ မြင့်နိုင်မျက်နှာကို ကြည့်ပြီး စိတ်မကောင်းဖြစ်ကြသည်။

"စိတ်မကောင်း ဖြစ်မနေနဲ့—— အဲဒီ အညိုအမည်းတွေ သက်သေပြလို့ ဒါလေး ပြန်ရတာ"

မြင့်နိုင်က နှယ်မာ့နဖူးလေးကို လက်ညှိုးနှင့်ထိုးပြီး လေးယောက်လုံး ဝမ်းသာပျော်ရွှင်စွာရယ်မိကြသည်။

"ဟာ——နေအုံးဗျ။ ကိုမြင့်နိုင်တို့ ထမင်းမစားရသေးဘူး မဟုတ်လား——ရွှေးရေ သူတို့ကို ထမင်းကျွေးရအောင်——"

မြင့်နိုင်က လက်ကာပြသည်။ "ဒီမလာခင် ထမင်းဝင်စားလာကြတယ်။ ဒီရောက်မှ ထမင်းစားဖို့ကိစ္စ အလုပ်ရှုပ်နေမှာစိုးလို့ ခင်ဗျားတို့လည်း စားပြီးနေကြပြီမဟုတ်လား...။"

"စားပြီးလည်း ဘာဖြစ်လဲဗျာ။ လမ်းထိပ်ပြေးဝယ်လိုက်မှာပေါ့"

"ကဲ—— မဝယ်နဲ့တော့ စားပြီးပြီ။ ကိုသန်းညွန့် ကျွန်တော်တို့ တာခံပင်နဲ့ လက်ဖက်ရည်ဆိုင်လေးသွားချင်တယ်။ အဲဒီဆိုင်လေးမှာ ထိုင်ပြီး လွမ်းခဲ့ရတာ။ အခုနှစ်ယောက်အတူ ထိုင်ချင်လို့"

"ကောင်းတယ်——သွားမယ်——ကိုမြင့်နိုင်ရော နှယ်မာပါ ရေချိုးလိုက်ကြအုံး"

"ရွှေ မလိုက်ဘူး။ ကျွန်ခဲ့မယ်နော်——"

"ဟုတ်တယ် ရွှေက အိမ်ပေါ်မှာ ပြင်ထားလိုက်——"



မြင့်နိုင်နှင့် နှယ်မာရေချိုးအဝတ်အစားလဲပြီးသည်နှင့် ကိုသန်းညွန့်ဦးဆောင်ပြီး တာခံပင်လက်ဖက်ရည်ဆိုင်သို့ သွားကြသည်။

တာခံပင်နှင့်လက်ဖက်ရည်ဆိုင်လေးမှာ အဓေးသင်အနီး ကပ်တက်သောကာလကဲ့သို့ လူအများအပြားမရှိပါ။ လက်ဖက်ရည်သောက်သူအနည်းငယ်ရှိ၍ အမြင်ရှင်းပါသည်။

ထိုင်နေကျအတိုင်း တာခံပင်အောက်မှ စားပွဲမှာထိုင်လိုက်သည်။ ကွဲကွာခဲ့စဉ်က ကြေကွဲစွာထိုင်ခဲ့ရသော အဖြစ်ကို ပြန်သတိရပြီး မြင့်နိုင် ရင်ထဲမှာ နင့်ခနဲနေအောင် လွမ်းလိုက်မိသေးသည်။

သက်ပြင်းမောလေး မသိမသာချလိုက်မိသည်။

ချစ်သူကို ဆုံးရှုံးခဲ့ရခြင်းသည် တစ်လောကလုံးကို ဆုံးရှုံးသလိုခံစားခဲ့ရသည်။

နှယ်မာ မျက်နှာလေးကို လှမ်းကြည့်လိုက်သည်။

ကြည်လင်အေးချမ်းသော ချစ်စရာမျက်နှာလေး။

ယခုတော့ ချစ်သူကို ပြန်ရခြင်းသည် တစ်လောကလုံးကို ပြန်ရသလို ခံစားရသည်။

ကိုသန်းညွန့်က စားပွဲထိုးလေးကိုလက်ဖက်ရည် မှာနေသည်။

"မုန့်စားကြဦးမလား။ ပဲပလာတာရတယ်။"

မြင့်နိုင်ရော နှယ်မာပါကိုသန်းညွန့်ကို ခေါင်းရမ်းပြလိုက်သည်။

ဘာမှမစားချင်။ ဤနေရာလေးမှာ အတူထိုင်နေရသည်ပင် အားလုံးပြည့်စုံနေပြီ။

မြင့်နိုင်က စားပွဲထိုးလေးကို အနားခေါ်ပြီး တီးတိုးပြော၍ စားပွဲထိုးလေးက ခေါင်းညိတ်ပြသည်။

"ဘာပြောတာလဲ အစ်ကို—"

နွယ်မာက မေးသည်။

"သီချင်းမှာနိုင်ဖို့ ပြောတာပါ"

နွယ်မာက အပျော်စိတ်နှင့် ပြုံးလိုက်သည်။ ဆိုင်ထဲမှာ သီချင်းသံတိတ်နေသည်ကိုလည်း သတိထားမိ၍ သီချင်းသံလေးကြား ချင်စိတ်ဖြစ်မိသည်။

သိပ်မကြာလိုက်ပါ။ သီချင်းသံထွက်ပေါ်လာသည်။

× ×လေယာဉ်ပျံလက်မှတ်ရပြီ…ပေလီကိုကွယ်…သွားကြစို့ တို့နှစ်ယောက်တည်း… ဟန်းနီးမွန်းခရီး × × မင်္ဂလာခုံကွင်း က ထွက်မယ်—ညနေစောင်းလေး × ×အချိန်မှန်တယ် မလိုက်မှာဘဲ ဖိုးအိုးသမီး × × ×"

"အင်း ဟုတ်တယ်—ဒီနေ့မှ တကယ့်ဟန်းနီးမွန်းဗျ"

ကိုသန်းညွန့်အားရပါးရ ပြောလိုက်၍ နွယ်မာခေါင်းလေး ငုံ့သွားသည်။

မြင့်နိုင်က ဤဆိုင်မှာ ဤသီချင်းကိုကြားပြီး ကြေကွဲစွာ ခံစားခဲ့ရပုံများကို နွယ်မာသိအောင်ပြောပြသည်။

ကိုသန်းညွန့်ကလည်း မြင့်နိုင်ကိုကြည့်ပြီး စိတ်မကောင်း ဖြစ်ရပုံ သူတို့လင်မယားကြေကွဲဝမ်းနည်းစွာ ခံစားရပုံများကို ပြော ပြသည်။ သို့သော် ပြောနေကြပုံကအပျော်များနှင့်။

"× × ပင်လယ်ပြာ—ကမ်းစပ်နားက ဘန်ဂလိုလေး × × သီးခြားတို့နှစ်ယောက်နားဖို့ ချစ်ဗိမာန်နန်း × × မဆိုင်သူတွေ အနား မကပ်နဲ့လို့ × × ×ဆိုင်းဘုတ်လေးဆွဲ × × ပေလီရဲ့ချစ်အိမ်မက်ကို



မက်လိုက်ကြစို့…"

သီချင်းသံက ဆက်လက်ထွက်ပေါ်နေသည်။

"ငါ့အိမ်လေးက ပေလီက ဘန်ဂလိုလေးလောက်တော့ ကျော့မဆန်ပါဘူးကွာ"

"ဘာဗျ— ကိုသန်းညွန့်အိမ်က ပေလီကဘန်ကလိုထက် အများကြီးပိုပြီး ကျော့ဆန်တယ်ဗျ…၊ ကျွန်တော်နဲ့နွယ်ကိုချစ်သူ တွေ ဖြစ်အောင် ဖန်တီးပေးတဲ့ အချစ်အိမ်ဗျ…။ စောခါကနန်းက ချစ်ဗိမာန် နန်းလေးဗျ…"

မြင့်နိုင်ပြောသည်ကို နွယ်မာကပါ သဘောတူစွာခေါင်းညိတ် ပြသည်။

ကြည်နူးစရာ တစ်ပင်ရိပ်မှ အမှတ်တရ ညလေး။ ကိုးနာရီ ထိုးမှပြန်ခဲ့ကြသည်။

အိမ်ရှေ့မှာ မခင်ရွှေးစောင့်နေသည်။

"ဘယ်လိုလဲ ရွှေး မင်္ဂလာအခန်းအပ်ဖို့ အဆင်သင့်ဖြစ်ပြီ လား—"

ကိုသန်းညွန့်မေးသည်ကာအဓိပ္ပာယ်နှင့်

"အဆင်သင့်ပါပဲရှင်…"

"ကဲ—ကိုမြင့်နိုင် စားမေးပွဲလည်းမရှိဘူး…။ စာကျက်စရာ လည်း မလိုဘူး…။ ချစ်သူနှစ်ယောက်ရဲ့ မင်္ဂလာဦးညအတွက် မင်္ဂလာခန်းအပ်မယ်…"

မခင်ရွှေးရှေ့မှ ဦးဆောင်၍ အိမ်ပေါ်သို့ တက်ခဲ့ကြသည်။ အိမ်ပေါ်တွင် ယခင်အဝေးသင်တက်စဉ် မင်္ဂလာဦးညပြင်ဆင်သကဲ့ သို့ လှပစွာပြင်ဆင်ထားသည်။ ဖြူလွှနေသော အိပ်ရာခင်း၊ ခေါင်းအုံး များနှင့် ဖြူလွှနေသော ခြင်ထောင်၊

အိပ်ရာပေါ်တွင် ဖြူလွှသောစံပယ်ပန်းလေးများ ပြန့်ကျဲထား
သည်။

"မခင်ငွေးတော်တော်ပင်ပန်းသွားမှာပဲ..."

မြင့်နိုင်က အားနာစကားဆိုသည်။

"ဒီလိုပင်ပန်းတာမျိုးကတော့ ဆယ်ခါပြန်ပင်ပန်းစမ်းပါစေ၊ အရင်စိတ်ဆင်းရဲခဲ့ရတာမျိုးတော့ ပြန်တောင်မစဉ်းစားချင်ဘူး..."

"ကဲ—မင်္ဂလာအခန်းအဝင်ပါတယ်။ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေခဲ့ကြတော့..."

မခင်ငွေး ချက်နှာပြုံးပျော်လျက်။

အိမ်ပေါ်တက်သော တံခါးကို ကိုသန်းညွှန့်က အပြင်မှ ပိတ်ပေးခဲ့သည်။

မြင့်နိုင်က သေချာအောင် အတွင်းမှ မင်းတုတ်ထိုးလိုက်သေးသည်။

ကုတင်ပေါ်မှာထိုင်နေသော နှယ်မာ့မျက်နှာလေးကို မြင့်နိုင် မြတ်နိုးစွာ ကြည့်လိုက်သည်။

"နှယ်မာ"

"အစ်ကို—"

မြင့်နိုင်က နှယ်မာဘေးမှာ ထိုင်လိုက်သည်။

နှယ်မာက ကုတင်ပေါ်မှာ ကျထားသော စံပယ်ပန်းဖြူဖြူလေးတစ်ပွင့်ကို ညင်သာစွာကောက်ယူနေသည်။

မြင့်နိုင်က နှယ်မာ့ပန်းလေးနှစ်ဖက်ကို ကြင်နာစွာဆုပ်ကိုင်လိုက်သည်။

"တောနေအုံးအစ်ကို... ဟိုတစ်ခါလို...စံပယ်ပန်းလေးတွေ



ကောက်ပြီး နှစ်ယောက်ကြားမှာ စည်းတားရအုံးမယ်..."

နှယ်မာ ပြောပုံလေးက ချစ်စရာ။

"လုပ်မနေနဲ့နှယ် ဒီနေ့ညကတော့ ဟိမဝန္တာတောင်တန်းကြီးခြားပြီးစည်းတားလည်း မရတော့ဘူး..."

"အို ... အစ်ကိုကလဲ...."

နှယ်မာ၏ ပါးပြင်ညက်ညက်လေးများမှာ အရှက်ပန်းချီဆရာက ပန်းနုရောင်ခြယ်မှုန်း ပေးလိုက်သည်။

**လယ်တွင်းသားစောချစ်**

TL

လယ်တွင်းသား

# စောချစ်

ချစ်သူရင်ခွင်မှာ လှိုင်းဖိလေးများသာရှိသည်

